မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တော်သလင်းလပြည့်နေ့ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာ ၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ် (၃၃၇)

မိမိအဖို့ အကျိုးများနိုင်

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ပဝဂ်(ဓမ္မပဒ-၅၀)

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နို အယ်လ် ပီ မာဆူဒီတို့ တွေ့ဆုံဆွေးနွေးစဉ် (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နို အယ်လ် ပီ မာဆူဒီနှင့်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁

Website အချို့ Defacement Attack ပြုလုပ်ခံရသော်လည်း ပုံမှန်အခြေအနေသို့ ပြန်လည်ရရှိခဲ့

နေပြည်တော် စက်တင်ဘာ ၄

http://www.cbm.gov.mm Website ကို ယနေ့ နံနက် ၂ နာရီခွဲခန့်က Defacement Attack ပြုလုပ်ခြင်းခံရပြီး နံနက် ၅ နာရီတွင် ပုံမှန်အခြေအနေသို့ ပြန်လည်ရရှိခဲ့ကြောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ သိရှိရသည်။

"ဒီ Website ကို ဒီနေ့မနက် ၂ နာရီခွဲလောက်မှာ ဆိုက်ဘာတိုက်ခိုက်ခံရတာ ဖြစ်ပါတယ်။ Deface လုပ်သွားတာပါ။ သိသိချင်း ကျွန်တော်တို့ ကာကွယ်နိုင်ဖို့ တုံ့ပြန်ဆောင်ရွက်ကြပါတယ်။ ပညာရှင်ဝါသနာရှင် လူငယ်လေးတွေကလည်း ကူညီပေးကြပါတယ်။ မနက် ၅ နာရီလောက်မှာ ပုံမှန်ပြန်ဖြစ်သွားပါတယ်"ဟု အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးရဲနိုင်မိုးက ပြောကြားသည်။

အလားတူ www.forestdepartment.gov.mm၊ www.dryzone-greening.gov.mm၊ www.tnrpmoecaf.gov.mm၊ www.survey-department.gov.mm၊ www. myanmarchm.gov.mm အစရှိသည့်

စာမျက်နှာ ၃ ကော်လံ ၃

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ၏ ကိုယ်ရေးအကျဉ်း

ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီကို ၁၉၅၀ ပြည့်နှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဂုဇ္ဇရာတ်ပြည်နယ်ရှိ မြို့ငယ်လေးတွင် မွေးဖွားခဲ့ပါသည်။ ဘဝအစပိုင်းကြုံတွေ့ရသည့် ခက်ခဲမှုများက ၎င်းအား အလုပ်ကြိုးစားမှုတန်ဖိုးကို သိရှိလာစေရန် သင်ခန်းစာများ ဖြစ်ခဲ့ရုံမျှမက သာမန်ပြည်သူများ၏ ခံစားချက်များကိုလည်း သိရှိကိုယ်ချင်းစာနာနိုင်ခဲ့ပါသည်။

၂၀၀၁ ခုနှစ်တွင် ၎င်းသည် မွေးရပ်မြေ ဂုဇ္ဇရာတ်ပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ်ဖြစ်လာခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်ရာထူးကို သက်တမ်းလေးကြိမ်အထိ စံချိန်တင်ထမ်းရွက်ခဲ့ပါသည်။

ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီသည် ပြည်သူ့ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ပြည်သူများ၏ လူနေမှုဘဝတိုးတက်စေရေးအတွက် နှစ်မြှုပ်ထားသူဖြစ်ပါသည်။ သာမန်ပြည်သူများအကြားတွင် နေထိုင်၍ ပြည်သူများ၏ ပျော်ရွှင်မှုကို မျှဝေခြင်းနှင့် ဝမ်းနည်းခြင်းတို့ ပြေပျောက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီက ပိုမိုနှစ်သက်ပါသည်။ ၎င်းသည် လူမှုရေးမီဒီယာများဖြစ်သည့် ဖေ့စ်ဘုတ်ခ်၊ တွစ်တာ၊ ဂူဂယ်လ်+နှင့် အခြားဖိုရမ်များကို အလွန်တက်ကြွစွာ အသုံးပြုသူတစ်ဦးလည်း ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၅

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ရှရီနာရန်ဒရာမိုဒီ

ဂုဏ်ယူဖွယ်ရာ မြန်မာ့ကျွန်းရွှေဝါ

ပြီးခဲ့သောလကုန်ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းမှာ ကမ္ဘာပေါ်တွင် အကြီးဆုံးကျွန်းပင်ကြီး နှစ်ပင်တွေ့ရှိခဲ့ကြောင်း သတင်းများ ဖတ်ရှုရပါသည်။ တစ်ပင်မှာ ရင်စို့လုံးပတ် ၂၇ ပေ ၅ လက်မရှိ၍ ကျွန်တစ်ပင်မှာ ၂၇ ပေရှိသည်ဟု ဆိုပါသည်။လက်ရှိထုတ်ပြန်ထားသော စာရင်းများအရ ကမ္ဘာပေါ်တွင်အကြီးဆုံးကျွန်းပင်ကြီးများပင် ဖြစ်ပါသည်။

၎င်းကျွန်းပင်ကြီးများကို တွေ့ရှိသော တောင်ကြောပါဝင်သည့် ဥရုကြိုးပိုင်းကို ယခင်ခေတ်က ကုမ္ပဏီ သုံးခုကိုပေးပြီး သစ်ထုတ်ခွင့်ပေးခဲ့ဖူးကြောင်း၊ ဤကျွန်းပင်ကြီးများရှိသောတောင်ကြောမှာ မြင့်သည့်အတွက် ဤနေရာထိမရောက်ရှိဘဲ ကျန်ရှိနေခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။ ၎င်းတောင်ကြောတွင် ကျွန်းပင်အပါအဝင် ပေ ၂၀ အထက် အင်၊ ကညင်ပင်ကြီးများလည်း ရှိနေသေးသည်ဟု သိရသည်။

ဤသတင်းမှာ အဖိုးတန်ရတနာသိုက်တစ်ခုတွေ့ရှိသလောက်ပင် ဂုဏ်ယူအားရဖွယ်သတင်းဖြစ်သည်ဟု ဆိုချင်ပါသည်။ နယ်ချဲ့ခေတ်တစ်လျှောက်လုံးပင် ခုတ်ယူခွင့်မပေးခဲ့သော သဘာဝသစ်တောကြီးများကို ပြီးခဲ့သည့်ခေတ်က အပြောင်ရှင်းခွင့်ပေးခဲ့ရာ လူအချို့မှာ အကျိုးအမြတ်ရှိခဲ့သော်လည်း တိုင်းပြည်အတွက် ကြီးမားသော ဆုံးရှုံးမှုပင် ဖြစ်ပါသည်။

တိုင်းပြည်တစ်ခုအတွက် အထွတ်အမြတ်ထားရာ ကိစ္စများတွင် ယဉ်ကျေးမှုအမွေအနှစ်များ၊ လူမျိုးဓလေ့စရိုက်များ၊ ဘာသာရေးအထိမ်းအမှတ်များအပြင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမှတ်အသားများလည်း ပါဝင်ပါသည်။ ယဉ်ကျေးသော လူအဖွဲ့အစည်းတိုင်းတွင် ထိုသို့သော အမှတ်အသားများကို လွန်စွာတန်ဖိုးထားကြသည်။ ငယ်စဉ်ကတည်းကပင် တန်ဖိုးထားတတ်အောင်လည်း လေ့ကျင့်သင်ကြားပေးကြသည်။

လွန်ခဲ့သော ၆ လလောက်က အမေရိကန်နိုင်ငံ၌ ကမ္ဘာတွင်အကြီးဆုံးသစ်ပင်မျိုးရင်းတစ်ခုဖြစ်သော သစ်နီသား (Red Wood) အပင်ကြီးတစ်ပင် လဲပြိုသွားခဲ့ရာ ထိုသတင်းသည် ကမ္ဘာတစ်လွှား မျက်နှာဖုံးသတင်းဖြစ်ခဲ့သည်။ထိုသစ်နီသား အပင်ကြီးများမှာ ပေ ၃၀၀ ခန့်အထိမြင့်မားပြီး လုံးပတ်မှာလည်း အလွန်ကြီးမားပါသည်။ ယခုလဲပြိုသွားသော အပင်ကြီး၏အခြေမှာ အခေါင်းဖြစ်နေ၍ ထိုနေရာကို ထွင်းယူထားရာ မော်တော်ကား တစ်စီးပင် ဖြတ်သွားနိုင်လောက်အောင်ကြီးမားသည်။ ဓာတ်ပုံတွင် ထိုအပင်၏အလယ်ကိုဖြတ်၍ ဖောက်ထားသော လမ်းပေါ်တွင် ဘောက်စ်ဝက်ဂွန်းပေါင်မုန့်ကားတစ်စီး ဖြတ်နေပုံကို တွေ့ရသည်။ ထိုအပင်ကို အမေရိကန်တို့က အမွေအနှစ်တစ်ခုအဖြစ် နှစ်ပေါင်းရာအချို့ ထိန်းသိမ်းလာခဲ့ခြင်းဖြစ်ပေသည်။

ယခုစစ်ကိုင်းတိုင်းဒေသကြီးသည် တရားမဝင်သစ်အများဆုံးထွက်ရှိရာဒေသဖြစ်ပြီး တရားမဝင်သစ်လမ်းကြောင်းများ တည်ရှိရာနေရာလည်းဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုတည်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဇန်နဝါရီလကုန်အထိ ကျွန်း၊ တမလန်း၊ ပိတောက်နှင့်အခြားစျေးကွက်ဝင်သစ်တန်ချိန် ၈၆၀၀ ကျော် သိမ်းဆည်းရမိခဲ့သည်။ ယခုကဲ့သို့ပြည်နယ်တွင် သစ်များရှားပါးလာပြီဖြစ်သည့်အတွက် ကြိုးပိုင်းတော ၁၆၀ နှင့် ကြိုးပြင်ကာကွယ်တော ၈၇ ခုရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွက် စိုးရိမ်စရာပင်ဖြစ်သည်။ လာမည့်ဘဏ္ဍာနှစ်တွင် တရားဝင်သစ်ထုတ်လုပ်မှုကို ပြန်လည်စတင်မည်ဖြစ်ရာ ယခုကျွန်းပင်ကြီးများ ဇော်ထုတ်တွေ့ရှိမှုသည် အချိန်ကိုက်အလွန်ကံကောင်းထောက်မ၍တွေ့ရှိခြင်းဟုသာ ဆိုရပါမည်။

လက်ရှိမှတ်တမ်းတင်ထားသော ကျွန်းပင်များ၏ ရင်စို့လုံးပတ်နှိုင်းယှဉ်ချက်မှာ (၁) ဟုမ္မလင်း အပင်-၁ - ၂၇ ပေ၅ လက်မ၊ (၂) ဟုမ္မလင်းအပင် -၂ - ၂၇ ပေ၊(၃) ဗန်းမောက် - ၂၆ ပေ ၈ လက်မ၊ (၄) ပြင်ဦးလွင် - ၂၅ ပေ ၂ လက်မ၊(၅) အိန္ဒိယ - ၁ - ၂၅ ပေ ၁ လက်မ၊ (၆) ကောလင်း - ၂၃ ပေ ၁၁ လက်မ၊ (၇) အိန္ဒိယ - ၂ - ၂၃ ပေ ၇ လက်မဟူ၍ သိရရာ အကြီးဆုံးကျွန်းပင် ခုနစ်ပင်တွင် မြန်မာမှ ငါးပင်ပါဝင်နေသည်ကို ဂုဏ်ယူဖွယ်ရာတွေ့ရပါသည်။

ယခု မြန်မာတစ်နိုင်ငံလုံး ကျွန်းထုတ်လုပ်မှုတစ်နှစ်ရပ်ဆိုင်းထားပြီး နာမည်ကျော်ပဲခူးရိုးမကို ၁၀ နှစ် သစ်ထုတ်မှု ရပ်ဆိုင်းထားခြင်းဖြစ်ပါသည်။ သို့သော်အမြန်လမ်းမကြီးပေါ်တွင် သစ်ခိုးတင်လာသော အိမ်စီးကားများ တိမ်းမှောက်၍ ဖမ်းမိသောသတင်းများ မကြာခဏ တွေ့ရှိနေရရာ ထိုသစ်များ မည်သည့်နေရာမှ စိမ့်ထွက်နေသည်ကို စုံစမ်းဖော်ထုတ်ရန် လိုနေပါသည်။ ယခု စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖမ်းမိသောသစ်၏ ၆၂ ရာခိုင်နှုန်းမှာ တာဝန်သိပြည်သူများ၏ သတင်းပေးမှုကြောင့် ဖြစ်ပါသည်။

လက်ရှိအစိုးရလက်ထက် သဘာဝသယံဇာတပြုန်းတီးမှုများကို လျော့ပါးသက်သာစေရန် ဆောင်ရွက်ချက်များတွေ့ရှိရသော်လည်း ကျောင်းသားအရွယ်ကလေးငယ်များဘဝမှစ၍ သစ်တော သစ်ပင်သဘာဝပတ်ဝန်းကျင်များကို ခင်မင်တွယ်တာစိတ်၊ ကာကွယ်လိုစိတ်ရှိလာအောင် ရေရှည်တာဝန်တစ်ရပ်အနေဖြင့် ချမှတ်လုပ်ဆောင်သင့်ပါကြောင်း တင်ပြရပါသည်။ ။

အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် ချေးငွေများ ထုတ်ချေးရေးဆွေးနွေး



နေပြည်တော် စက်တင်ဘာ ၄

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်အား တရုတ်နိုင်ငံ ဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ Mr. Zhou Qingyu နှင့်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် တရုတ်ဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌက မိမိတို့ဘဏ်အနေဖြင့် တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသည့် ဖွံ့ဖြိုးရေးချေးငွေလုပ်ငန်းများ၊ နိုင်ငံ၏ မူဝါဒဘဏ်တစ်ခုအနေဖြင့် ရပ်တည်၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံအပါအဝင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဆောင်ရွက်နေသည့်အခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်လိုသည့်ကိစ္စရပ်များ မြန်မာနိုင်ငံရှိ သင့်တော်သည့် ဘဏ်တစ်ခုနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် လိုအပ်သောချေးငွေများ ထုတ်ချေးရေးကိစ္စကို ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း ပြောကြားသည်။

(သတင်းစဉ်)

မြေဆီလွှာတိုးတက်ရေးအတွက် တောင်သူများနှင့်ဆွေးနွေး

တပ်ကုန်း စက်တင်ဘာ ၄

နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဘက်စုံနည်းပညာသုံး ရေအေးစံပြကျေးရွာတွင် တိုင်းမြေအသုံးချရေးတာဝန်ခံ ဦးဆောင်ပြီး စိုက်ပျိုးရေးဝန်ထမ်းများက တောင်သူများနှင့်တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၄ ရက် နံနက်က စပြကျေးရွာစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ခင်းများ၌ ဇီဝမြေဩဇာကြဲပက်ခြင်း၊ မြေဆီလွှာတိုးတက်စေရေးအတွက် လိုအပ်သော နည်းပညာများ ဆွေးနွေးခြင်း၊ မျိုးသန့်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားကာကွယ်နှိမ်နင်းရေး ပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး တောင်သူများအား ဇီဖာမြေဩဇာများ ဖြန့်ဝေပေးခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် တောင်သူများ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုအခြေအနေများကို စက်မှူလယ်ယာဦးစီးမှူးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မိုးပိုလာနိုင်

နေပြည်တော် စက်တင်ဘာ ၄

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

(မိုး/၈လ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် စက်တင်ဘာ ၄ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ လှိုင်းဘွဲ့မြို့တွင် ၄ ဒသမ ၅၇ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၆၆ လက်မ၊ သံတောင်ကြီးမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ပူတာအိုမြို့နှင့် ကျိုက်မရောမြို့တို့တွင် ၂ ဒသမ ၇၆ လက်မစီ၊ တောင်ကုတ်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၂၁ လက်မ နှင့် အောင်လံမြို့တွင် ၂ ဒသမ ၀၁ လက်မတို့ဖြစ်ကြသည်။ **(မိုး/၈လ)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၄-၉-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၃၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၉၁၃၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၉၄၇၃၀၀

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

ဒီဇယ်	၆၅၅/၆၇၀ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၂	၆၆၀/၆၈၅ ကျပ်	(လက်လီဈေး)
အောက်တိန်း ၉၅	၇၀၅/၇၂၀ ကျပ်	(လက်လီဈေး)
ပရီမီယံဒီဇယ်	၆၇၅/၆၉၀ ကျပ်	(လက်လီဈေး)

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၃၅၉ . ၀
ဥရောပ	တစ်ယူရို	၁၆၁၅ . ၂
စင်ကာပူ	တစ်ဒေါ်လာ	၁၀၀၀ . ၈
ထိုင်းဘတ်	တစ်ဘတ်	၄၀ . ၉
အိန္ဒိယ	တစ်ရူပီး	၂၁ . ၂
တရုတ်	တစ်ယွမ်	၂၀၇ . ၁
မလေးရှား	တစ်ရင်းဂစ်	၃၁၈ . ၂

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်းမှူး	-	မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ	-	မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ	-	ကျော်သူဝင်း၊ ခင်ရတနာ၁၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ	-	တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

Gmail mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၃၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နှတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၃၃၀၉၊ မန်နေဂျာ ၀၁-၅၄၃၃၁၄၊ စီမံ ၀၁-၅၄၃၃၁၅၊ ဌေးရင်း ၀၁-၅၄၃၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၅၃၃၊ ၀၁- ၅၅၉၃၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၆၊ ဖြန့်ချိရေး ၀၁-၅၄၃၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ရှေ့ဖုံးမှ

တွေ့ဆုံစဉ် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအစိုးရ၏ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ အပေါ် အင်ဒိုနီးရှားအစိုးရ၏ ထောက်ခံမှုကို ပြောကြားခဲ့ပြီး ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင့်ဆွေ၊ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံ သံအမတ်ကြီး ဒေါက်တာ အီတို ဆူမာဒီတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နိ အယ်လ်ပီ မာဆူဒီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ် (သတင်းစဉ်)

ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (၅)ကြိမ်မြောက်စည်းဝေး

နေပြည်တော် စက်တင်ဘာ ၄

ပညာရေးနှင့် အသက်မွေးဝမ်းကျောင်း ကဏ္ဍဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (ETVSCG)၏ (၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ကုန်ကျစရိတ်နည်းပါးပြီး တီထွင်ဖန်တီးမှု အားကောင်းသော သင်ကြားသင်ယူမှု နည်းလမ်းများကိုလည်း အားပေးဆောင်ရွက်ရန် လိုပါကြောင်း၊ ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး မည်သည့်ခွဲခြားမှုမျှမရှိဘဲ တစ်ဦးမှ ချန်မထားရေး၊ ကျောင်းထွက်သူပျောက်ရေး ဆောင်ရွက်မှုများနှင့် အရည်အသွေးမြင့်သော ကျောင်းပြင်ပပညာရေး ဆောင်ရွက်မှုများ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍများကို မြှင့်တင်ဆောင်ရွက်ရန်လိုပါကြောင်း၊ ရွှေလျာကျောင်း စာကြည့်တိုက်များကိုလည်း ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ချိတ်ဆက်ကာ မြို့နယ်အနှံ့ တိုးချဲ့ဆောင်ရွက်ကြောင်း၊ အဆင့်မြင့်ပညာရေးတွင် Deep Learning ဖြင့် သင်ကြားသင်ယူနိုင်ရေးနှင့် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘွဲ့ရလူငယ်မောင်မယ်များ ပြုစုပျိုးထောင်သင်ကြား သင်ယူလေ့ကျင့်၍ အနာဂတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်သော ပညာရေးစနစ်ဖြစ်ထွန်းအောင် ပြည်သူနှင့်အတူ ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများကိုယ်စား ဩစတြေးလျနိုင်ငံ သံရုံးမှ Mr.Nick Cumpston က အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်တိုင်း ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှေ့ဖုံးမှ

ရှရီနာဂရန်ဒရာမိုဒီသည် အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ၂၀၁၄ ခုနှစ် မေလ ၂၆ ရက်နေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ပြီး အိန္ဒိယနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် မွေးဖွားခဲ့သည့် ပထမဆုံးဝန်ကြီးချုပ် ဖြစ်လာခဲ့သူဖြစ်ပါသည်။

၂၀၁၄ ခုနှစ် မေလတွင် ဝန်ကြီးချုပ်တာဝန်ကို စတင် ထမ်းဆောင်စဉ်အချိန်ကတည်းက ဝန်ကြီးချုပ် ရှရီနာဂရန်ဒရာမိုဒီသည် အိန္ဒိယပြည်သူတစ်ဦးချင်းစီ၏ မျှော်လင့်ချက်များနှင့် တောင့်တမှုများကို အကောင်အထည်ဖော်နိုင်မည့် ကဏ္ဍာစုံပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းကို စတင်ဖော်ဆောင်ခဲ့ပါသည်။

သာမန်ပြည်သူလူထုအား တိုက်ရိုက်အကျိုးရှိစေသည့် လုပ်ဆောင်မှုများစွာကို ဝန်ကြီးချုပ် ရှရီနာဂရန်ဒရာမိုဒီက စတင်ဖော်ဆောင်ခဲ့ရာ နိုင်ငံ၏ဘဏ္ဍာရေးစနစ်တွင် ပြည်သူ တစ်ယောက်ချင်းစီ အားလုံးပါဝင်နိုင်စေရန် ရည်ရွယ်လျက် 'Pradhan Mantri Jan Dhan Yojana' အမည်ရှိ ပြည်သူ့ငွေကြေးဆိုင်ရာ စီမံချက်ကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် စီးပွားရေးစွမ်းဆောင်ရှင်များ၏ တက်ကြွမှုနှင့် တီထွင်ကြံဆမှုတို့ကို ထူးကဲစွာနှိုးထစေသည့် စီးပွားရေး အလွယ်တကူလုပ်ကိုင်နိုင်ခွင့်ရရှိရေးကို အားပေးသော 'Make in India' ဆောင်ရွက်မှုကိုလည်းကောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ လုပ်သားများစွာအား အကျိုးရရှိခံစားစေပြီး ကျွမ်းကျင်လူငယ်များ ထွန်းပေါက်လာစေရေးအတွက်လည်း ကူညီပံ့ပိုးပေးသော အလုပ်သမားရေးရာ ပြုပြင်ပြောင်းလဲမှုများနှင့် အလုပ်သမားများ၏ ဂုဏ်သိက္ခာအတွက် ကြိုးပမ်းခဲ့သည့် 'Shrameva Jayate' ဆောင်ရွက်မှုကိုလည်းကောင်း ဖော်ဆောင်ခဲ့ပါသည်။

မဟ္တမဂန္ဒီ၏ မွေးနေ့အထိမ်းအမှတ်အဖြစ် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် ဝန်ကြီးချုပ်မှ တစ်နိုင်ငံလုံး သန့်ရှင်းရေးလှုပ်ရှားမှုအဖြစ် ' Swachh Bharat' ဆောင်ရွက်မှုကို စတင်ဖော်ဆောင်ခဲ့ပါသည်။

ဝန်ကြီးချုပ် ရှရီနာဂရန်ဒရာမိုဒီ၏ နိုင်ငံခြားရေးမူပါဒဆိုင်ရာ စွန့်ဦးဆောင်ရွက်မှုများသည် နိုင်ငံတကာမျက်နှာစာ၌ ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံအတွက် မှန်ကန်သည့် အလားအလာနှင့် အခန်းကဏ္ဍကို ဖော်ဆောင်ပေးခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်စဉ်ကတည်းက ဝန်ကြီးချုပ် ရှရီနာဂရန်ဒရာမိုဒီသည် ကုလသမဂ္ဂ၊ BRICS၊ တောင်အာရှနိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအသင်း(ဆာ့ခ်)နှင့် ဂျီ-၂၀ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးရာနှင့် နိုင်ငံရေးရာ ပြဿနာများနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုများနှင့် ရှုထောင့်များကို ယင်းထိပ်သီးအစည်းအဝေးများ၌ ကျယ်ကျယ်ပြန့်ပြန့် အသိအမှတ်ပြုခဲ့ကြပါသည်။ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် သမိုင်းဝင် အိန္ဒိယ-အာဖရိက ထိပ်သီး အစည်းအဝေးကို နယူးဒေလီမြို့တွင် ကျင်းပခဲ့ပြီး အာဖရိက နိုင်ငံပေါင်း ၅၄ နိုင်ငံ ပါဝင်တက်ရောက်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဝန်ကြီးချုပ်သည် ပါရီမြို့၌ ကျင်းပသည့် COP-21ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး အခြားကမ္ဘာ့ခေါင်းဆောင်များနှင့်အတူ ရာသီဥတုပြောင်းလဲမှုအပေါ် ဆွေးနွေးခဲ့ပါသည်။ ဝန်ကြီးချုပ် ရှရီနာဂရန်ဒရာမိုဒီသည် ပြင်သစ်သမ္မတ Hollande နှင့်အတူ နေအိမ်များ မီးလင်းရေးအတွက် နေရောင်ခြည်စွမ်းအင်ကို ထိန်းချုပ် အသုံးချရေးဆိုင်ရာ ဆွေးနွေးပွဲဖိုရမ်ဖြစ်သော အပြည်ပြည်ဆိုင်ရာ ဆိုလာမဟာမိတ် (International Solar Alliance) အား စတင်ဖွင့်လှစ်ခဲ့ပါသည်။

ဝန်ကြီးချုပ် ရှရီနာဂရန်ဒရာမိုဒီ၏ 'အပြည်ပြည်ဆိုင်ရာ ယောဂနေ့'အဖြစ် နွေရက်တစ်ရက်အား သတ်မှတ်ရန် ကုလသမဂ္ဂ၌ အဆိုပြုတိုက်တွန်းခဲ့ရာ တစ်ခဲနက် ထောက်ခံ တုံ့ပြန်မှုကို ရရှိခဲ့ပါသည်။ အကျိုးဆက်အနေဖြင့် ဇွန်လ ၂၁ ရက်နေ့အား 'ကုလသမဂ္ဂတွင် အပြည်ပြည်ဆိုင်ရာ ယောဂနေ့'အဖြစ် ကြေညာသည့်ဆုံးဖြတ်ချက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ချမှတ်ခဲ့ကြပါသည်။

ဝန်ကြီးချုပ် ရှရီနာဂရန်ဒရာမိုဒီသည် နိုင်ငံရေးအပြင် စာပေရေးသားမှုကို ခုံမင်နှစ်သက်ပါသည်။ ၎င်းသည် ကဗျာ စာပေများအပါအဝင် စာအုပ်ပေါင်းများစွာကို ရေးသားခဲ့သူ ဖြစ်ပါသည်။ ၎င်း၏ တစ်နေ့တာအား ယောဂလေ့ကျင့်မှုဖြင့် စတင်လေ့ရှိပြီး ခန္ဓာကိုယ်နှင့် စိတ်နှလုံး၌ သမာဓိထူထောင်၍ များပြားသည့် နေ့စဉ်ဆောင်တာများအတွက် တည်ငြိမ်မှုစွမ်းအားကို နှလုံးသွင်းလေ့ရှိပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၅-၉-၂၀၁၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၆း၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၀ - နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(အဖွဲ့ဝင်) မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် သန်လျက်မှော်အရှေ့ရပ်ကွက်၊ အဝေးရာဓာတု၊ ရန်ကင်းကျောင်းတိုက် ပဓာနနာယက (အဂ္ဂ မဟာပဏ္ဍိတ)၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဒါတသိရိဘိဝံသ၏ "ဂရုမမ္မအခါတော်နေ့ တရားတော်"

၉း၁၀ - "အဂ္ဂမဟာဇောတိကဓဇ၊ သာသနာ့ဓဇဓမ္မာစရိယ ဘဒ္ဒန္တသြဒါသိုင်ငံတော်သံဃ မဟာနာယကအဖွဲ့၊ အဖွဲ့ဝင်၊ အောင်မင်္ဂလာကျောင်း ဆရာမှော်၊ မိုးကောင်းမြို့ ကချင်ပြည်နယ်ထံမှ နဝဂ်ဥပေါသထခံယူဆောက်တည်ခြင်း"

ညပိုင်း

၁၇း၄၅ - "AFF U-18 Championship 2017 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်း)

ရှေ့ဖုံးမှ

Website ငါးခုကိုလည်း Defacement Attack ပြုလုပ်ခံရကြောင်းနှင့် တိုက်ခိုက်ခံရပြီး သိလျှင်သိချင်း တုံ့ပြန်ဆောင်ရွက်ကာ ပြန်လည်ပြင်ဆင်နိုင်ခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီက ပြီးခဲ့သည့် စက်တင်ဘာ ၁ ရက်က သတင်းထုတ်ပြန်ထားသည်။

ထိုသို့ Website ငါးခုကို Defacement Attack ပြုလုပ်ခံရမှုအပေါ် "ရုံးဌာန ငါးခုရဲ့ Website တွေကို တိုက်သွားတာပါ။ Server တစ်လုံးတည်းပေါ်တင်ထားတာမို့ပါ။ တခြားဌာနတွေကိုလည်း တိုက်ဖို့ကြိုးစားတာတွေ ရှိပါတယ်။ သက်ဆိုင်ရာဌာနတွေက စောင့်ကြည့်ပြီး လိုအပ်သလို ကာကွယ်ဆောင်ရွက်ကြတာတွေရှိပါတယ်။ တချို့ဌာနတွေက ကျွန်တော်တို့နဲ့ ဆက်သွယ်ဆောင်ရွက်နေတာရှိပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ မသိလိုက်တဲ့ကိစ္စတွေလည်း ရှိနိုင်ပါတယ်" ဟု ဦးရဲနိုင်ဝိုက ပြောသည်။

ဆက်လက်၍ ၎င်းက "ပြည်သူတွေအနေနဲ့ အင်တာနက်သုံးစွဲတဲ့အခါ ကိုယ်မသိတဲ့သူက ပေးပို့လာတဲ့ URL Link တွေ၊ File တွေကို နှိပ်တာမျိုး၊ Download လုပ်တာမျိုး မလုပ်မိကြဖို့ လိုအပ်ပါတယ်။ ပြီးတော့ Free Software တွေ၊ Game တွေ မယူမိဖို့လည်း လိုအပ်ပါတယ်။ ဒီနောက်ကွယ်မှာ ကိုယ့်ရဲ့ Account ဒါမှမဟုတ် စက်ကို သူတို့က ထိန်းချုပ်သွားနိုင်ပါတယ်။ ကိုယ်က မလုပ်မိဖို့ လိုသလို တစ်ဆင့်ဖြန့်ဝေတာမျိုးလည်း မလုပ်သင့်ပါဘူး။"

"ကျွန်တော်တို့ဌာနအနေနဲ့ သက်ဆိုင်ရာဌာနတွေကို အကြောင်းကြား နှိုးဆော်ထားသလို လူငယ်ပညာရှင်တွေ၊ ဝါသနာရှင်တွေနဲ့ပူးပေါင်းပြီး ဆိုက်ဘာလုံခြုံရေးမကျိုးပေါက်စေဖို့နဲ့ အကယ်၍ ကျိုးပေါက်မှုဖြစ်ပေါ်ခဲ့ရင် အမြန်ဆုံးပြန်လည်ပြီး Recover လုပ်နိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီအတွက် အရေးပေါ်စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

သက်ဆိုင်ရာ ရုံးဌာနများအနေဖြင့် ဆိုက်ဘာလုံခြုံရေး ကျိုးပေါက်မှု မရှိစေရေးအတွက် မိမိတို့၏ Website များကို စောင့်ကြည့်ကြရန်၊ လုံခြုံရေး အဆင့်မြှင့်တင်ကြရန်နှင့် လိုအပ်ပါက အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာနသို့ ဆက်သွယ်ကြရန် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ အကြောင်းကြားစာ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထို့ပြင် မြန်မာနိုင်ငံရှိ အခြားသောဝက်ဘ်ဆိုက်များ၊ အလားတူ ဆိုက်ဘာတိုက်ခိုက်မှုများဖြစ်ပေါ်ပါက နည်းပညာအကူအညီရယူရန် mmCERT, အမျိုးသား ဆိုက်ဘာလုံခြုံရေးဗဟိုဌာန၊ သတင်းအချက်အလက်နှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာန၊ ဖုန်း၊ ၀၁-၆၅၀၈၉၉၁၊ ၀၆၇-၃၄၂၂၃၃၊ e-mail:technicalteam@mmcert.org.mm သို့ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောဒေသ အကြမ်းဖက်မှုဖြစ်စဉ်များ၊ မောင်တောဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ မောင်တောဒေသအကြမ်းဖက်မှုဖြစ်စဉ်မှန်များကို နိုင်ငံတကာသို့ အလျင်အမြန်အသိပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E. Mr. Sun Guoxiang ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ် (သတင်းစဉ်)

ဝါးပင်မှ လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်မည့် နည်းပညာလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေး

ဘားအံ စက်တင်ဘာ ၄

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများအား စင်ကာပူနိုင်ငံအခြေစိုက် Aakash Green Energy Fte Ltd မှ Managing Director Mr.Padmanathan Saravanan ဦးဆောင်သော အဖွဲ့သည် စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ဝါးပင်မှ လျှပ်စစ်စွမ်းအင် ၁၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် (Bio Max)နည်းပညာလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

ရှေ့ဦးစွာ Aakash Sustainable Energy Pte Ltd Director ကိုတင်ထွန်းအောင်က ပြည်နယ်၏ လျှပ်စစ်စွမ်းအင်လိုအပ်ချက်အား ဝါးပင်မှ လျှပ်စစ်စွမ်းအင် ၁၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် (Bio Max) နည်းပညာ၊ လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းများအား ရှင်းလင်းဆွေးနွေး တင်ပြပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

နိုင်ငံတကာခရီးသွားပြပွဲ(မန္တလေး) ၂၀၁၇ မန္တလေး၌ကျင်းပ

မန္တလေး စက်တင်ဘာ ၄

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့ ကူညီအားပေးမှုဖြင့် မြန်မာနိုင်ငံ၏ အကြီးမားဆုံးနိုင်ငံတကာခရီးသွားပြပွဲ (မန္တလေး) ၂၀၁၇ ကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း ကျုံးတောင်ဘက်ရှိ မန္တလေးမြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တက်ရောက်လာကြသော ပရိသတ်တို့က မြို့တော်ခန်းမမုခ်ဦးရှေ့သတ်မှတ်နေရာတွင် နေရာယူကြပြီး နိုင်ငံတကာခရီးသွားပြပွဲ(မန္တလေး) ၂၀၁၇ ဖွင့်လှစ်မှုအဖြစ် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ အထက်မြန်မာပြည် လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးအုန်းမြင့်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ပြပွဲဖြစ်မြောက်ရေး စီမံပေးသော TRAVEL SUPPORT Co.,Ltd ဒါရိုက်တာ ဦးနွေမိုးအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြသထားသော ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။ အဆိုပါပြပွဲအား စက်တင်ဘာ ၄ ရက်မှ ၅ ရက် အထိ နှစ်ရက်တိုင်နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသသွားမည်ဖြစ်ပြီး ပြပွဲတွင် ကုမ္ပဏီပေါင်း ၅၀ မှ ပြခန်းပေါင်း ၆၀ ဖွင့်လှစ်ကာ နိုင်ငံတကာခရီးစဉ်များ လေယာဉ်လက်မှတ်၊ ဟိုတယ်ဘိုကင်၊ ဝင်ခွင့်လက်မှတ်၊ အသက်အာမခံနှင့်တကွ၊ အာမခံအမျိုးမျိုး ဝန်ဆောင်မှု၊ လေကြောင်းလိုင်းအမျိုးမျိုးမှ ဝန်ဆောင်မှု၊ ဟိုတယ်၊ ဘဏ်များ၏ ဝန်ဆောင်မှုများကို ပြသထားရှိကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

ရခိုင်ပြည်နယ်အတွင်းရှိ နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်

နေပြည်တော် စက်တင်ဘာ ၄

ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုလုပ်ရပ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင်များက လှူဒါန်းသည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးလျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်သည်။

မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်တွင် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တပ်မတော် သယ်ယူပို့ဆောင်ရေး လေယာဉ် Y-8 ပေါ်သို့ အဝတ်အထည် ၁၀၀၀၊ ဟင်းရွက်ဆီဘူး ၁၀၀၀၊ ငါးပိဘူး ၇၀၀၊ အာဟာရမှုန့် ၁၅ ဖာ၊ မိုးကာလိပ် ၁၀ လိပ်၊ ငါးသေတ္တာဖာ ၂၀ နှင့် ငါးထုပ်၊ အာလူး အိတ် ၄၀၊ ကြက်သွန်နီ ၁၂ အိတ်၊ ချင်းတစ်အိတ်၊ စောင်ထုပ် သုံးထုပ်၊ အသင့်စား ငါးပိငါး ခြောက်၊ အကြော်စုံ ၅၉ ဖာနှင့် ဘူး ၆၀၊ ကြက်ဥအလုံး ၁၂၈၀၀၊ ခေါက်ဆွဲ ၁၀ ဖာနှင့် ခေါက်ဆွဲခြောက်၊ ကြာဆံဖာ ၃၅၀၊ ကော်ဖီမစ်ပါကင် ၁၀ ထုပ်၊ လက်ဖက်နှပ် ပါကင်ထုပ်လေးထုပ်၊ ဘီစကစ်အစုံ ပါကင်ထုပ် ၃၀၊ ကြက်အူချောင်း ထုပ် ၂၀၊ အသားစည်သွတ်ဘူး ၉၀ ဖာ၊ အဝတ်အထည်၊ စောင်၊ ခြင်ထောင် ၁၉ ထုပ်တို့ကို တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက တင်ဆောင်ပေးကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း၊ ၎င်းလေယာဉ်သည် စက်တင်ဘာ ၃ ရက် နေ့လယ်ပိုင်းတွင် စစ်တွေလေဆိပ်သို့ ထွက်ခွာပို့ဆောင်ပေးခဲ့ရာ မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ကြောင်း။

ထို့အတူ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် ကြက်ဥအလုံး ၈၀၀၀၊ အာလူးပိဿာ ၆၀၀၊ ဝက်အူချောင်းပိဿာ ၅၀၀၊ ကြက်သွန်နီပိဿာ ၆၀၀၊ ပဲကတ္တီပါ အိတ်၄၀၊ ဘီစကစ်နှင့် ယမ်ယမ်ခေါက်ဆွဲခြောက် ၆၅ ဖာ၊ အင်္ကျီအထည် ၅၀၀ တို့ကို ယနေ့ ညနေပိုင်းတွင် တံတားဦးမြို့ရှိ နယ်မြေခံလေတပ်စခန်းမှ တပ်မတော်လေယာဉ်ဖြင့် စစ်တွေလေဆိပ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း။

အဆိုပါ ထောက်ပံ့ပစ္စည်းများကို နေရပ်စွန့်ခွာတိမ်းရှောင်ပြီး နေရာအသီးသီးသို့ ရွှေ့ပြောင်းရောက်ရှိနေသည့် တိုင်းရင်းသားပြည်သူများလက်ဝယ်သို့ တာဝန်ရှိသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံထောက်ပံ့ပေးအပ်လျက်ရှိရာ ရသေ့တောင်မြို့နယ်၊ သဇင်မြိုင်ကျေးရွာ၊ ပိတောက်မြိုင်ကျေးရွာ၊ ပြင်ရှည်ကျေးရွာ၊ ချွတ်ပြင်ကျေးရွာနှင့် အောင်ဇေယျကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူ ၁၃၈၃ ဦး တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ပြည်သူ့ဆေးရုံခန်းမ၊ လှိုင်သာယာပြည်သူ့ဆေးရုံ၊ လှိုင်သာယာမြို့နယ်၌ ကျင်းပမည်ဖြစ်ပြီး ပါမောက္ခ ရဲမြက Update on Management of HIV/ AIDS၊ ပါမောက္ခ မာမာကြည်က Role of GP in TB Management၊ ပါမောက္ခ ယဉ်ယဉ်စိုးက Family Planning in General Practice၊ ဒေါက်တာဝင်းဇော်က Common Dermatology Problems in General Practice ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် ဆရာဝန်အားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။ **ဗထူး**

စာရင်းစစ်ဆေးခြင်းဆိုင်ရာ ကျွမ်းကျင်သင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ရေတာရှည်မြို့နယ်စီမံကိန်းနှင့် စာရင်းအင်းဌာန လေ့ကျင့်ရေးသင်တန်းကျောင်းအမှတ်(၁) နန်ချွန်၌ ယနေ့နံနက် ၈ နာရီက ကျင်းပသည့် စာရင်းအင်းစစ်ဆေးခြင်းဆိုင်ရာ အခြေခံကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို တောင်ငူခရိုင် လက်ထောက်အထွေထွေမန်နေဂျာ (သစ်ထုတ်ရေး) ဦးဝင်းနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာ့သစ်လုပ်ငန်း ပဲခူးတိုင်းဒေသကြီး ရောင်းဝယ်ရေးမှူး စာရင်းစစ်ဌာန အရာရှိများ၊ မီးသတ်ဦးစီးဌာနမှူး နန်ချွန် သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းတာဝန်ခံများ၊ သင်တန်းသားများ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၄ ရက်မှ ၁၅ ရက် အထိ ရက်သတ္တနှစ်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဥက္ကဋ္ဌ H.E. Mr. Zhang Dejiang ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

မြန်မာလွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးခရီးကိုယ်စားလှယ်အဖွဲ့တွင် ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီအဖွဲ့ဝင် မန်းညွန့်သိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးသန်းညွန့်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးခွန်သန်းထူး၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ဝင့်ဝါထွန်း၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီအဖွဲ့ဝင် ဦးတင်နု (ခ) ဦးတင်နုအောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက်၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်တောရွာကော်မတီ ဒုတိယဝန်ကြီး Mr. Long Zhuangwei နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ မြန်မာ ကောင်စစ်ဝန်ချုပ်ရုံး (ကူမင်း) ကောင်စစ်ဝန်ချုပ် ဦးစိုးပိုင်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူး Mr. Chen Hao နှင့် ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် Haigeng Garden Hotel ၌ တွေ့ဆုံပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ယူနန်ပြည်နယ် ကွန်မြူနစ်ပါတီအတွင်းရေးမှူးက Haigeng Garden Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၈ နာရီ ၂၅ မိနစ်တွင် ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ လေကြောင်းခရီးဖြင့် ရှန်ဟိုင်းမြို့သို့ ဆက်လက် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိစဉ်

ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးအား အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် စက်တင်ဘာ ၄

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စ ရတ်နီ အယ်လ် ပီ မာဆူဒီအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (ဝဲပုံ)

နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး ဒေါက်တာ အီတို ဆူမာဒီတို့ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုများကြောင့် ရခိုင်ပြည်နယ်တွင် နေထိုင်သူများ နေရပ်စွန့်ခွာ၍ နယ်စပ်ဗင်္ဂလားဒေသဝင် လုံခြုံရာနေရာများ၌ ခိုလှုံနေရသည့် အခြေအနေမျိုးတွင် နိုင်ငံတော်အစိုးရအနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများပေးအပ်ရန် တာဝန်ရှိသည့်အလျောက် ထိရောက်သော အစီအမံများချမှတ်၍ ကူညီထောက်ပံ့ပေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးအား အသိပေးပြောကြားခဲ့သည်။

ထိုသို့ကူညီထောက်ပံ့မှုများ ပေးအပ်ရာတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းဆိုင်ရာ အခြေခံမူနှင့်အညီ ခွဲခြားမှုမရှိဘဲ ကူညီပေးရေးကိစ္စကို အာဆီယံနိုင်ငံများမှ ပူးပေါင်းပါဝင်ကူညီပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ပဏာမအသံစစ်ဆေးခြင်းကို စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးမြို့၌ ကျင်းပမည်

နေပြည်တော် စက်တင်ဘာ ၄

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ငြိမ်းချမ်းရေးဂီတပွဲတော် (Peace Music Festival) ငြိမ်းချမ်းရေး သီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်း မြို့ကြီးများ၌ ပြုလုပ်လျက်ရှိသည်။

မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ဒေသတစ်ဝိုက်အတွက် ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲပဏာမအသံစစ်ဆေးခြင်းကိုလည်းကောင်း၊ စက်တင်ဘာ ၉ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်းကိုလည်းကောင်း၊ စက်တင်ဘာ ၁၀ ရက်တွင် Level- 1 Live ယှဉ်ပြိုင်ခြင်းများကို လည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူများ၏အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်သည် German Embassyမှ Counsellor for Development Aid, Ms. Katharina Spiess နှင့် ILO-Yangon မှ ILO Liaison Officer, Mr. Rory Mungoven တို့အား ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးရုံးဧည့်ခန်းမ (၁) ၌တွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ အထူးစီးပွားရေးဇုန်များနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍများတွင် ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ကျွမ်းကျင်လုပ်သားများအား လေ့ကျင့်ပျိုးထောင်ပေးနိုင်ရေး၊ မိတ်ဖက်နိုင်ငံများ၏ နည်းပညာဆိုင်ရာ ပံ့ပိုးကူညီမှုများဖြင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေး၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်ရေး ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၏ သက်တော် (၈၈ နှစ်) ပြည့် ဝိဇာတပူဇာ မွေးနေ့မင်္ဂလာကျင်းပ

မန္တလေး စက်တင်ဘာ ၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအရှင်သူမြတ်၏သက်တော် (၈၈ နှစ်) ပြည့် ဝိဇာတပူဇာ မွေးနေ့မင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေး မဟာအောင်မြေမြိုနယ် ဗန်းမော်ကျောင်းတိုက် အေးကမ္ဘာသာသနာ့ဝိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆင်းမင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသာဘိဝံသ၊ သီတဂူကမ္ဘာဝုဒ္ဓတက္ကသိုလ် အဓိပတိ ရွှေကျင်တွဲဖက် သာသနာပိုင် သီတဂူဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဒေါက်တာ ဘဒ္ဒန္တဥာဏိဿရ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အဆိုပါအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်အဆင့်ဆင့်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)တို့မှ တာဝန်ရှိသူများ၊ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရွှေသံလွင်ကုမ္ပဏီ မိသားစုနှင့် အလှူရှင်များ၊ ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးထံမှ ဇည့်ပဓိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ ရွှတ်ပွားတော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးနှင့် ကြွရောက်တော်မူကြသော ဆရာတော်ကြီးများအား ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် အလှူရှင်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရက ဗန်းမော်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပူဇော်ပြီး မင်္ဂလာပိုဒ်စုံရတုကို တေးသံရှင်အောင်ကျော်ဆန်း (ယဉ်ကျေးမှု)က သီကျူးပူဇော်သည်။ ထို့နောက် ဗန်းမော်ဆရာတော်ကြီးအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ငွေကျပ်သိန်း ၅၀၊ ရွှေသံလွင်ကုမ္ပဏီနှင့် SKY NET မိသားစုက ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေးတိုင်းဒေသကြီး)က ငွေကျပ်သိန်း ၅၀၊ သုမင်္ဂလာ ဒေါက်တာ ကျော်ဝင်း(မန်းမြေရာဇာ)မိသားစုက ငွေကျပ်သိန်း ၃၀ နှင့် ကျန်အလှူရှင်များ၊ တပည့် ဒါယကာ၊ ဒါယိကာမများက နဝကမ္မအလှူတော်ငွေများ အသီးသီး လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လက်ခံရယူသည်။ **(ဝဲပုံ)**

ယင်းနောက် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်က ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားသည်။

ထို့နောက် သီတဂူကမ္ဘာဝုဒ္ဓတက္ကသိုလ်အဓိပတိ ရွှေကျင်တွဲဖက်သာသနာပိုင် သီတဂူဆရာတော်ကြီးက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ချီးမြှင့်သည်။ ယင်းနောက် ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

တင်မောင် (မန်းကိုယ်ပွား)

အင်းတော်ကြီးဒေသ၌ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုသင်တန်းနှင့် ဝါသနာပါရာ ဘာသာရပ်များကို သင်ကြားဖွင့်လှစ်

မိုးညှင်း စက်တင်ဘာ ၄

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ မိုင်းနောင်ကျေးရွာ ပိုလ်တဲကုန်းရပ်ကွက်၌ စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက ဒေသခံများက မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်မှ အာရုံလွှဲပြောင်းစေရန်ရည်ရွယ်၍ ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုသင်တန်းနှင့် ဝါသနာပါရာ ဘာသာရပ်များကို သင်ကြားဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို တစ်လကြာဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ဒေသခံလူငယ်များအပြင် သက်ကြီးရှမ်းအမျိုးသားနှင့် အမျိုးသမီးကြီးများ(သက်ကြီးရှမ်းနီ) ပါဝင်သည့် ရှမ်းနီစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ရှမ်းဘာသာတရားတော်များ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းဘာသာ တရားတော်တွေ၊ ရှမ်းနီစာပေတွေနဲ့ ယဉ်ကျေးမှုအကတွေ အပျိုး၊ လူပျိုတွေကို သင်ကြားပေးပြီး ရှမ်းဘာသာ တရားတော်များကို သက်ကြီးရှမ်းအမျိုးသား၊ အမျိုးသမီးကြီးများကို သင်ကြားပေးမှာပါ။ ဒေသခံအတော်များများက မူးယစ်ဆေးသုံးစွဲမှုအပေါ် အာရုံရောက်နေကြတာကို အကျိုးရှိတဲ့နေရာမှာ အာရုံလွှဲစေချင်လို့ရယ် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကို ထိန်းသိမ်းတတ်စေဖို့အတွက် ဒီသင်တန်းကို ဖွင့်လှစ်ပေးခဲ့ တာပါ" ဟု သင်တန်းတာဝန်ခံ မနှင်းသဇင်အေးက ပြောသည်။

ထို့အပြင် "ရှမ်းနီစာပေ ထွန်းကားကျယ်ပြန့်လာစေဖို့ ရှမ်းနီစကားနဲ့ စာပေကို လူထိုင်း တတ်မြောက်ကြဖို့ လိုပါတယ်။ မိမိတို့ရဲ့စာပေတွေကို မြတ်နိုးတန်ဖိုးထားတတ်စေဖို့အတွက် ရည်ရွယ်ပြီး ဒေသခံရှမ်းနီတိုင်းရင်းသားတွေကို သင်ကြားပေးနေတာပါ" ဟု အင်းတော်ကြီးဒေသ ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့ဝင် ဦးသန်းစိန်က ပြောကြားသည်။

ဆက်လက်၍ မိုင်းနောင်ကျေးရွာတစ်ရွာလုံး ရှမ်းနီစာပေများကို ပြည့်စုံစွာတတ်မြောက်ပြီးသည်အထိ သင်ကြားပေးမည်ဖြစ်ပြီး ဒေသခံများ၏ ဝါသနာပါရာများကိုလည်း သင်ကြားလိုပါက သင်တန်းများဖွင့်ကာ ဆက်လက် သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

(ဝ၆၇)

(၁၁၇) ကြိမ်မြောက် နှစ် ၁၂၀ ပြည့် ပေါင်းတည်ဝုဒ္ဓမြတ်စွယ်တော် လှည့်လည်အပူဇော်ခံ

ပေါင်းတည် စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည မြို့နယ်၌ (၁၁၇) ကြိမ်မြောက် နှစ် ၁၂၀ ပြည့် ဗုဒ္ဓမြတ်စွယ်တော် လှည့်လည် အပူဇော်ခံပွဲတော်ကို ယနေ့ မွန်းလွဲ ၁ နာရီက ကျင်းပရာ ဩပါဒါစရိယ ဘဒ္ဒန္တ ပါရဂူ ဦးဆောင်၍ မြတ်စွယ်တော်ရတနာ၊ ပဋိဂတ်သုံးပုံတင် ဆင်ရတနာတို့ကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ အဖွဲ့ဝင်များ၊ အရပ်ဘက်ပရဟိတအဖွဲ့ဝင်များ လိုက်ပါလှည့်လည် ပူဇော်ကြသည်။

ထိုသို့ မြို့ပေါ်ရပ်ကွက်များသို့ လှည့်လည်အပူဇော်ခံရာ ဆင်ရပ်နားစခန်းကိုးခုတွင် ၁၅ မိနစ်ခန့် ရပ်နား၍ အပူဇော်ခဲ့သည်။ လှည့်လည်သည့်လမ်းများတွင် ဒေသခံများက မုန့်များ၊ အချို ရည်များအား စတုဒိသာအဖြစ် ကျွေးမွေးလှူဒါန်းပြီး စွယ်တော်လှည့်လည်မှုကြောင့် ရန်ကုန်-ပြည်လမ်းမတစ်လျှောက်တွင် ယာဉ်များ ၂ နာရီကျော် ပိတ်ဆို့နေသည့်အတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ယာဉ်များ ပုံမှန်သွားလာနိုင်ရေး ဆောင်ရွက်ပေးခဲ့ သည်။

တင်ဝင်းဇော် (မင်းသားကြီး)

ကျောက်တော်ကြီးဘုရားသို့ ရတနာပုံပုဒ္ဓဘောဇနီယဥာဏဟအသင်း (၉၅)ကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူ

မန္တလေး စက်တင်ဘာ ၄

မန္တလေးမြို့၏ အုပ်ကလေးအသင်း(ခေါ်)ရတနာပုံပုဒ္ဓဘောဇနီယဥာဏဟအသင်း၏ (၉၅)ကြိမ်မြောက် မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားသို့ ဆွမ်းတော်ကြီးကပ် လှည့်လည်ပွဲကို စက်တင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက အသင်းတည်ရာဌာနဖြစ်သော ၂၈×၂၉ လမ်းကြား၊ ၈၇ လမ်း ကိုင်းတန်းစျေးအနောက်ဘက်ရှိ အလှူရှင်အသင်းနာယကကြီး ဒေါ်သိန်းဌေး၏ နေအိမ်မှ စတင်ကာ ဆွမ်းတော်အုပ်ကလေးဆိုင်းထမ်း ၆၀ ကျော်ဖြင့် အသင်းဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များဦးဆောင်၍ အသင်းသား ၃၀၀ ကျော်ပါဝင်ကာ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအထိ သတ်မှတ်လမ်းကြောင်းဖြင့် ရွှေးအစဉ်အလာအတိုင်း ပူဇော်ခံလှည့်လည်ခဲ့ကြသည်။

ထိုသို့ သွားရောက်ရာလမ်းတစ်လျှောက်တို့တွင် စေတနာရှင်များက ဖျော်ရည်နှင့် မုန့်များ လှူဒါန်းကြပြီး ညနေပိုင်း ကျောက်တော်ကြီးဘုရားတွင် ညအိပ်ကာ လပြည့်နေ့ အရုဏ်တက်ချိန်တွင် ဆွမ်းတော်ကြီးနှင့် အလှူငွေ ပေးအပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄၀)

အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ချုပ်ဆိုရန် အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ကြေညာချက်အမှတ် (၄/၂၀၁၇)
၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်)

အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူညီချက်စာချုပ် ချုပ်ဆိုရန် အသိပေးကြေညာခြင်း

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ၃၀-၈-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ ပုဒ်မ ၅ အရ အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန် ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရမည်ဖြစ်၍ ဝန်ကြီးဌာနက ၃၁-၈-၂၀၁၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁/၂၀၁၅)ဖြင့် အလုပ်သမား (၅)ဦးနှင့်အထက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီနှင့် လုပ်ငန်းများသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရန် စာချုပ်ပုံစံသတ်မှတ်ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ ထိုသို့ထုတ်ပြန်ခဲ့သည့်စာချုပ်အား အချို့သော အလုပ်ရှင်၊ အလုပ်သမားများက စာချုပ်ချုပ်ဆိုရန် အခက်အခဲများရှိသဖြင့် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ နှစ်ဖက်ညှိနှိုင်းပြီး စာချုပ်မူကြမ်းရေးဆွဲ၍ အတည်ပြုပေးရန် တင်ပြခဲ့ရာ ဝန်ကြီးဌာနမှ ၂၉-၇-၂၀၁၇ ရက်နေ့တွင် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ဆွေးနွေးခဲ့ပြီး စာချုပ်မူကြမ်းအပေါ် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ စိစစ်အတည်ပြုပေးခဲ့ပါသည်။

၃။ ဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၄၁ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံးလျက် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းအတည်ပြုထားသည့် စာချုပ်ပုံစံအတိုင်း အလုပ်သမား (၅)ဦးနှင့်အထက်ရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန၊ ကုမ္ပဏီများ၊ လုပ်ငန်းများနှင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၌ ယာယီခန့်ထားသည့် နေ့စားအလုပ်သမားနှင့် ပုတ်ပြတ်အလုပ်သမားများ တစ်ဦးချင်း ချုပ်ဆိုရမည်ဖြစ်ကြောင်း ၂၈-၈-၂၀၁၇ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၄။ အလုပ်ရှင်နှင့် အလုပ်သမား နှစ်ဖက်လက်မှတ်ရေးထိုးချုပ်ဆိုပြီးသော စာချုပ်များကို သက်ဆိုင်ရာမြို့နယ် သို့မဟုတ် ခရိုင်ရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးသို့ အတည်ပြုချက်ရယူရန်ဖြစ်ကြောင်း ဤအမိန့်ကြော်ငြာစာမထုတ်ပြန်မီက အလုပ်ရှင်၊ အလုပ်သမားချုပ်ဆိုခဲ့သည့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်များသည် မူလစာချုပ်သက်တမ်းကုန်ဆုံးသည်အထိ အတည်ဖြစ်ကြောင်းနှင့် ၃၁-၈-၂၀၁၅ ရက်စွဲပါစာ ကြေညာချက်အမှတ် (၁/၂၀၁၅)ကို အမိန့်ကြော်ငြာစာအမှတ် (၁၄၀/၂၀၁၇)ဖြင့် ပယ်ဖျက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

ရခိုင်ပြည်နယ်အရေးကိစ္စတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နို အယ်လ် ပီ မာဆူဒီအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရခိုင်ပြည်နယ် ဘူးသီးတောင် မောင်တောဒေသတွင် ဩဂုတ် ၂၅ ရက်မှ စတင်ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက်ဘင်္ဂလီအကြမ်းဖက်မှု ဖြစ်စဉ်များ၏ ပကတိအခြေအနေမှန်များကို ဦးစွာရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်သည်တော်ဝန်ကြီးတို့သည် ရခိုင်ပြည်နယ်အရေးကိစ္စတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးကိစ္စရပ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ ရတ်နို အယ်လ် ပီ မာဆူဒီအား ရင်းရင်းနှီးနှီးနွှတ်ဆက်စဉ် (သတင်းစဉ်)

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်မှုလုပ်ရပ်များကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသည့် ဒေသတွင်းနေထိုင်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ဆောင်ရွက်မည်

နေပြည်တော် စက်တင်ဘာ ၄

ARSA အစွန်းရောက်သောင်းကျန်းသူများ၏ အကြမ်းဖက်မှုလုပ်ရပ်များကြောင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဒေသတွင်း နေထိုင်သူများသည် နေရပ်စွန့်ခွာတိမ်းရှောင်၍ နယ်စပ်ဗင်္ဂလားအပါအဝင် လုံခြုံသည့်နေရာများတွင် ခိုလှုံနေထိုင်လျက်ရှိကြရာ နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများပေးအပ်ရန် တာဝန်ရှိသည့် အလျောက် ထိရောက်သည့်အစီအမံများ ချမှတ်၍ ကူညီထောက်ပံ့မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရသည် ကြက်ခြေနီလှုပ်ရှားမှု (Red Cross Movement) နှင့်အတူ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အစည်းအဝေးတစ်ရပ်ကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နေပြည်တော်တွင် ယနေ့နံနက် ၁၀ နာရီက ပြုလုပ်ခဲ့သည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ ပြိတိန်၊ ဒိန်းမတ်၊ အမေရိကန်နိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၊ ဩစတြေးလျနိုင်ငံသံရုံးနှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်ရုံးမှ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်၊ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့တွင် ပါဝင်သော MRCS၊ ICRC ၊ IFRC တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ်၌ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်မှ စတင်ဖြစ်ပွားလျက်ရှိသော အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ၍ တိမ်းရှောင် နေကြရသည့် ဒေသတွင်း နေထိုင်သူများ အားလုံးအတွက် နိုင်ငံတော်အစိုးရမှ ထောက်ပံ့ကူညီမှုများ ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံများမှ ပါဝင်ပူးပေါင်းပြီး ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ သိရသည်။

(သတင်းစဉ်)

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးရေးဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၄

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် UNICEF ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel ကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များနှင့် နေရပ်စွန့်ခွာတိမ်းရှောင်နေသူများအတွက် ထောက်ပံ့ငွေပေးအပ်

စစ်တွေ စက်တင်ဘာ ၄

ရခိုင်ပြည်နယ်အတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရသည့် ဒေသခံပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အမှတ်(၃)စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇောက ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အခြေအနေများ၊ လတ်တလောတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် အလှူငွေလာရောက်လှူဒါန်းရခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသည့် အလှူငွေကျပ် ၂၀၃၆၇ သိန်းကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်းက လက်ခံရယူသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသည့် ဒေသခံပြည်သူများ၏ နေထိုင်စားသောက်ရေးအတွက် ထောက်ပံ့ဆောင်ရွက်ပေးနေမှု အခြေအနေများအား ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) အမှတ် (၃)စစ်ဆင်ရေးအထူးအဖွဲ့မှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

သတင်း-တင်မောင်လွင်၊ မင်းထက်အောင်၊ ဓာတ်ပုံ-မောင်မွေး

မောင်တောဒေသ ပုံမှန်အခြေအနေပြန်လည်ရရှိရေး ပူးပေါင်းဆောင်ရွက်ရန် မှာကြား ဒေသခံတိုင်းရင်းသားများအတွက် စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

စစ်တွေ စက်တင်ဘာ ၄

မောင်တောဒေသအခြေအနေ ပုံမှန်ပြည်လည်ရရှိရေး အထူးအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ယခုဖြစ်ပေါ်ခဲ့သော အကြမ်းဖက်ဖြစ်စဉ်နှင့်ပတ်သက်၍ ပျက်စီးဆုံးရှုံးမှုများ၊ သေဆုံးမှုများကို သက်ဆိုင်ရာဌာနများအနေဖြင့် မှန်မှန်ကန်ကန် စိစစ်သွားရန်၊ ရွှေပြောင်းရောက်ရှိနေသော ဒုက္ခသည်များ နေထိုင်စားသောက်ရေးကို ဌာနဆိုင်ရာများက ဖြေရှင်းကူညီဆောင်ရွက်ပေးရန်နှင့် ပြည်နယ်အစိုးရအဖွဲ့က စားနပ်ရိက္ခာအတွက် လက်လှမ်းမီသလောက် ကူညီထောက်ပံ့ပေးလျက်ရှိကြောင်း၊ စားနပ်ရိက္ခာမှအစ စာရင်းဇယားများကို သေချာတိကျစွာ ကောက်ယူနိုင်ရေးအတွက် အဓိကကျသော အချက်မှာ လမ်းပန်းဆက်သွယ်ရေးပင်ဖြစ်ကြောင်း၊ အဓိကလမ်းကြောင်းကြီးများ ပြန်လည်ကောင်းမွန်ရေးသည် အလွန်အရေးကြီးသော အခြေခံအချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာများအနေဖြင့် မောင်တောဒေသအခြေအနေ ပုံမှန်ပြန်လည်ဖြစ်ပေါ်လာရေးကို ပြည်နယ်အစိုးရအဖွဲ့နှင့် ပူးပေါင်းကာ အချိန်နှင့်တစ်ပြေးညီ တက်ညီလက်ညီ လုပ်ဆောင်နိုင်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် အသေးစိတ် ပြန်လည်ဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု မောင်တောဒေသ ပုံမှန်အခြေအနေပြန်လည်ရရှိရေး ပူးပေါင်းဆောင်ရွက်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မှာကြားစဉ် (သတင်းစဉ်)

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့တောင်ပြုံဝဲမြို့ဒေသခံတိုင်းရင်းသားများအား စားနပ်ရိက္ခာများ ကူညီထောက်ပံ့နေစဉ် (သတင်းစဉ်)

အထူးအစည်းအဝေးတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် လမ်းပန်းဆက်သွယ်ရေး၊ ကယ်ဆယ်ရေးစခန်းများအနေနှင့် တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ အပြည့်အဝကောင်းမွန်စေရေး စသည့် ကဏ္ဍပေါင်းစုံ စိန်ခေါ်မှုအခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးနှင့် ဒေသအမြန်ဆုံးပြန်လည် ရပ်တည်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် နေရပ်စွန့်ခွာကာ ကယ်ဆယ်ရေးစခန်းများ၌ ရောက်ရှိနေသော ဒေသခံတိုင်းရင်းသားများအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်သွန်၊ အာလူး၊ ကျန်းမာရေးအထောက်အကူပြုဆေးဝါးပစ္စည်းများ၊ ကွမ်း၊ ဆေးလိပ်တို့ကို ကယ်ဆယ်ရေးစခန်းတစ်ခုစီအလိုက် တပ်မတော်ထောက်ပံ့ပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ယနေ့ ကူညီထောက်ပံ့ပေးခဲ့သော ကယ်ဆယ်ရေးစခန်းများမှာ ရခိုင်၊ မြို့၊ သက်၊ ဒိုင်းနက်နှင့် ဗမာအများစု နေထိုင်သော မောင်တောဒေသ မြောက်ပိုင်းရှိ တောင်ပြုံဝဲ မြို့၊ မြို့နှင့် ဒေသခံတိုင်းရင်းသား ရခိုင်အများစုနေထိုင်သော တရိန်းကျေးရွာနှင့် ခံပြင်ကျေးရွာတို့ဖြစ်ပြီး ပြည်နယ်အစိုးရအနေဖြင့် စားနပ်ရိက္ခာနှင့် ပတ်သက်၍ ဒေသခံတိုင်းရင်းသားများ လုံလောက်မှုရရှိသည်အထိ အဆက်မပြတ် ကူညီထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ARSA အစွန်းရောက်အကြမ်းဖက်သမားများက နယ်မြေလုံခြုံရေးကင်းစခန်းအား လာရောက်ပစ်ခတ်

နေပြည်တော် စက်တင်ဘာ ၄

ARSA အစွန်းရောက်အကြမ်းဖက်သမားများသည် ယမန်နေ့ညက မောင်တောမြို့နယ်အတွင်း လုံခြုံရေးကင်းစခန်းအား လာရောက်ပစ်ခတ်သကဲ့သို့ ယနေ့နံနက်ပိုင်းကလည်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မောင်တောမြို့နယ် မီးတိုက်ရွာကင်းစခန်းကို ယမန်နေ့ည ၁၀ နာရီခန့်က ARSA အစွန်းရောက်အကြမ်းဖက်သမား ၂၀ ခန့်က စခန်းအနောက်ဘက် ကိုက် ၅၀ ခန့်မှ လုပ်သေနတ်များဖြင့် လာရောက်ပစ်ခတ်သဖြင့် ပြန်လည်ပစ်ခတ်ရာ နာရီဝက်ခန့်အကြာတွင် အကြမ်းဖက်သမားများ ပြန်လည်ဆုတ်ခွာသွားသည်။ ယင်းဖြစ်စဉ်တွင် အစွန်းရောက်အကြမ်းဖက်သမား အလောင်းတစ်လောင်း၊ တူမီးသေနတ်တစ်လက်၊ ခဲသီးများ၊ ယမ်းဘူးနှစ်ဘူး၊ ဓားကောက်တစ်ချောင်းနှင့် ဓာတ်မီးတစ်လက်တို့ သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယနေ့ နံနက် ၉ နာရီခန့်က မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် ARSA အစွန်းရောက်အကြမ်းဖက်သမား ၃၀ ခန့်နှင့် ထိတွေ့မှုဖြစ်ပွားပြီး ယင်းဖြစ်စဉ်တွင် အကြမ်းဖက်သမား အလောင်းတစ်လောင်း၊ လုပ်သေနတ်တစ်လက် ရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**



မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာ၌ ထိတွေ့မှုဖြစ်ပွားသည့် နေရာပြမြေပုံ

✲ *ကျောဖုံးမှ*

သတင်းအရ သွားရောက်စစ်ဆေးခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသွားသည်ကို တွေ့ရှိရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် ချိန်ခါလီကျေးရွာအတွင်း နယ်မြေရှင်းလင်းစဉ် ကျေးရွာအစွန်ရှိ နေအိမ်တစ်လုံး မီးလောင်ကျွမ်းနေသည်ကိုတွေ့ရှိရပြီး ၎င်းအိမ်မှ မိုင်းနှစ်လုံး ပေါက်ကွဲခဲ့ကြောင်း။

အခြားလုံခြုံရေးအဖွဲ့တစ်ဖွဲ့သည် မွန်းလွဲပိုင်းတွင် မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာတစ်ဝိုက် နယ်မြေရှင်းလင်းစဉ် ၎င်းရွာရှိ နေအိမ် ၄၀၀ ခန့်မှာ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးခဲ့သည်ကို တွေ့ရှိရကြောင်း။

မောင်တောမြို့အမှတ် ၅ ရပ်ကွက် MPT တာဝါတိုင်အနီးတွင် ယနေ့ညနေပိုင်းက မသင်္ကာသူတစ်ဦး တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစဉ် တာဝါတိုင်၏အရှေ့ဘက် ခြံစည်းရိုးအနီး အချင်းနှစ်လက်မ၊ အရှည်ကိုးလက်မရှိ သံပိုက်လုံးဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းတစ်လုံးအား အဖြူရောင်ပိုင်ယာကြိုးအရှည်ပေ ၁၀၀ ခန့် တစ်ချောင်းနှင့် အနီ၊ အနက် နှစ်ပင်လိမ်ပိုင်ယာကြိုးအရှည် ၄၅ ပေခန့်တို့အား လက်လုပ်မိုင်းနှင့် ဆက်သွယ်ထားသည်ကို တွေ့ရှိသဖြင့် လက်လုပ်မိုင်းအား ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

ခေတ်မီအမှိုက်သိမ်းစနစ်ဖြင့် မြို့သန့်ရှင်းရေးလုပ်ဆောင်

မြင်းမူ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းအမှိုက်သိမ်းစနစ်အား ခေတ်မီအမှိုက်သိမ်းမော်တော်ယာဉ်နှင့် အမှိုက်စွန့်ပစ်သံကန်အား အသုံးပြုလျက် ဩဂုတ် ၄ ရက်မှစတင်၍ အသုံးပြုလျက်ရှိကြောင်း သိရှိရသည်။

တိုင်းဒေသကြီး စည်ပင်သာယာရေးဦးစီးဌာနမှ အထောက်အပံ့ဖြင့် ရရှိထုတ်ယူခဲ့သော Garbage Truck အမှိုက်သိမ်းမော်တော်အသုံးပြု၍ အမှိုက်ကန်အား နေရာချထားခြင်း အမှိုက်ပြည့်ချိန်တွင် သတ်မှတ်ထားသော အမှိုက်စွန့်ပစ်နေရာသို့ ပို့ဆောင်ခြင်းကြောင့် ယခင်ထက် ပိုမိုလျင်မြန်လာပြီး ရာသီအချိန်မရွေး အသုံးပြုလာနိုင်ခြင်းတို့ကြောင့် မြို့သန့်ရှင်းရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာဦးအောင်အောင်ဦးထံမှ သိရှိရသည်။

ယခုအခါ မြို့၏အချက်အချာနေရာများဖြစ်သော ကျန်စစ်သားရပ်ကွက်၊ အောင်ဇေယျရပ်ကွက်နှင့် တပင်ရွှေထီးရပ်ကွက်တို့တွင် ယင်းအမှိုက်ကန်များ ချထားဆောင်ရွက်လျက်ရှိပြီး တိုးချဲ့ချထားဆောင်ရွက်ပေးရန် အစီအစဉ်များလည်း ရှိကြောင်းသိရှိရသည်။ ထို့အပြင် ခေါင်းလောင်းတီးအမှိုက်သိမ်းစနစ်ဖြင့်လည်း နေ့စဉ် အမှိုက်များ လိုက်လံသိမ်းဆည်းလျက်ရှိရာ မြင်းမူမြို့ တစ်ရက်အမှိုက်စွန့်ပစ်မှုမှာ တန် ၂၀ နီးပါးရှိကြောင်း သိရသည်။

ယခု အမှိုက်စွန့်ပစ်ကန်သုံးလုံး၏တန်ဖိုးမှာ ငွေကျပ် ၅၄ သိန်း ရှိကြောင်း သိရသည်။ အမှိုက်စွန့်ပစ်ကန်များ စတင်ထားရှိ ဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစံသက်ထွန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ ကူညီပံ့ပိုးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

အောင်စိုးဇေ (မြင်းမူ)

သစ်ပင်စိုက်လျှင် တို၀န်းကျင် စိမ်းစိုလှပ ကြည်နူးရ

ထောက်ပံ့လှူဒါန်းသောအလှူငွေကို ထိရောက်အကျိုးရှိစွာအသုံးပြုသွားမည်

နေပြည်တော် စက်တင်ဘာ ၄

ရခိုင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများ၏ အရေးပေါ်လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် မြတ်စေတနာဖောင်ဒေးရှင်းမိသားစု ဖောင်ဒေးရှင်းနာယက ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ငွေကျပ် ၄၅ သိန်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ယနေ့ မွန်းလွဲပိုင်းက လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။(ဝဲပုံ)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် စေတနာရှင်ပြည်သူများမှ လှူဒါန်းသော လှူဒါန်းပစ္စည်းနှင့် လှူဒါန်းငွေများကို ရခိုင်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသားများအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများတွင် ထိရောက်အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခံစားရသူများကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ပံ့ပိုးကူညီ

ရန်ကုန် စက်တင်ဘာ ၄

ရခိုင်ပြည်နယ်မြောက်ပိုင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ထိခိုက်ခံစားရသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းက လိုအပ်သော လူမှုကရုဏာအကူအညီများ ပံ့ပိုးပေးလျက်ရှိရာ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်လာသော ပြည်သူများကို ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခြင်း၊ ထိခိုက်ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုပေးခြင်းနှင့် ဆေးရုံသို့ပို့ဆောင်ပေးခြင်း၊ စိတ်ပိုင်းဆိုင်ရာအားပေးကူညီခြင်းနှင့် လိုအပ်သော ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့အပြင် နေရပ်စွန့်ခွာတိမ်းရှောင်လာသော ပြည်သူများအတွက် အရေးပေါ်လိုအပ်လျက်ရှိသော ဆန်၊ ဓာတ်ဆား၊ တာပေါ်လင်များ၊ ဆေးစိမ်ခြင်ထောင်များကို ထောက်ပံ့ပေးပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်၍ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ငါးသေတ္တာများ၊ ခေါက်ဆွဲခြောက်နှင့် သောက်သုံးရေတို့ကို ထောက်ပံ့နိုင်ရေးအတွက်လည်း စီစဉ်ထားရှိကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ ပဋိပက္ခနှင့် အကြမ်းဖက်မှုများကြောင့်ဖြစ်စေ ထိခိုက်ခံစားရသူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ အသားအရောင်မရွေး ခွဲခြားမှုမရှိဘဲကြားနေကာ ကြက်ခြေနီ၏ အခြေခံမူဝါဒများနှင့်အညီ အမှန်တကယ် အကူအညီ လိုအပ်နေသူများကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာလာသူ ၃၀၀၀ ခန့်ကို စစ်တွေမြို့ရှိ ယာယီစခန်း ၁၇ ခုတွင် နေရာချထားပေး

စစ်တွေ စက်တင်ဘာ ၄

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သော ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်ကြောင့် မောင်တောဒေသမှ စစ်တွေမြို့သို့ ခေတ္တ နေရပ်စွန့်ခွာလာသူဦးရေ ၃၀၀၀ ခန့်ရှိ နေပြီး ၎င်းတို့ကို မြို့ပေါ်ရှိ ယာယီစခန်း ၁၇ ခုတွင် ယာယီနေရာချထားပေးထားကြောင်း သိရသည်။

အဆိုပါ နေရပ်စွန့်ခွာလာသူများကို စက်တင်ဘာ ၃ ရက်အထိ သက်ဆိုင်ရာမှ ကောက်ယူရရှိသော စာရင်းအရ စစ်တွေမြို့ရှိ ဓမ္မာရာမကျောင်းတိုက်၊ အဓိဋ္ဌာန် ကျောင်းတိုက်၊ မဟာဇေယျသိဒ္ဓိ ပဋ္ဌာန်း ကျောင်း၊ သရက်တောကျောင်း၊ ပြည်ကြီး မဏ္ဍိုင်ကျောင်း၊ ဓမ္မပါလ ကျောင်း၊ ရတနာ့ဗိမာန်ကျောင်း၊ ရေပိုက်ဆုံကျောင်းတိုက်၊ အလိုတော်ပြည့် ကျောင်း၊ သိဒ္ဓိကာရုံကျောင်း၊ လရောင်ဝန်းကျောင်း၊ လမ္မ တော်မြောက်ကျောင်း၊ မဏိရတနာကျောင်း၊ ဆုတောင်းပြည့် ကျောင်း၊ ပုဒ္ဓါမော်ကျောင်းနှင့် ဟိန္နူဘုရားကျောင်း နှစ်ကျောင်းစသည့်နေရာ ၁၇ ခုတွင် အိမ်ထောင်စုပေါင်း ၉၁၄ စုမှ အမျိုးသား ၁၂၅၂ ဦး၊ အမျိုးသမီး ၁၇၁၆ ဦး စုစုပေါင်း ၂၉၉၈ ဦးတို့ကို ယာယီနေရာချထားပေးထားကြောင်း သိရသည်။

မဟာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတွင် ယာယီထားရှိသော နေရပ်စွန့်ခွာလာကြသူများကို တွေ့ရစဉ်

နေရပ်စွန့်ခွာ တိမ်းရှောင်လာကြသူများအတွက် လတ်တလော စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ ဆန်နှင့်ဆီအပြင် နေ့စဉ် လူတစ်ဦးလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် နေ့စဉ်ထောက်ပံ့ပေးနေကြောင်း စစ်တွေမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးမင်းသိန်းက ပြောသည်။

"စစ်တွေမြို့ကို ရောက်ရှိလာတဲ့ နေရပ်စွန့်ခွာလာသူတွေကို ကျွန်တော်တို့ နေ့စဉ် ဝင်/ထွက်စာရင်းကောက်ယူပြီး ဘုန်းတော်ကြီးကျောင်းတွေမှာ နေရာ ထိုင်ခင်းတွေ စီစဉ်ပေးတယ်။ စခန်း တစ်ခုစီမှာလည်း သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေနဲ့ ကျွန်တော် တို့ဆီက စာရေးဝန်ထမ်းတစ်ဦးစီအပြင် ပြည်နယ်အဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူတစ်ဦးစီကိုလည်း တာဝန်ချထားပါတယ်။ သူတို့ကနေ ကျွန်တော်တို့ဆီကို သတင်းပို့ပြီးရင် ကျွန်တော်တို့က ပြည်နယ်အစိုးရအဖွဲ့ဆီ နေ့စဉ်ပြန်လည် တင်ပြပေးပါတယ်"ဟု ၎င်းက ပြောသည်။

နေရပ်စွန့်ခွာလာသူဦးရေ များပြားခြင်းတို့ကြောင့် နေရာချထားသည့် ဘုန်းတော်ကြီးကျောင်းတချို့တွင် ယာယီခိုလှုံနေထိုင်သူများ၏ စားရေး၊ သောက်ရေးအတွက် အိုးခွက်ပန်းကန်များနှင့် လိုအပ်မှုတချို့ကို ပြည်နယ်အစိုးရဖွဲ့က ဝယ်ယူဖြည့်ဆည်းပေးထားသည့်အပြင် ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ယာယီစခန်းတစ်ခုစီတွင် ကျန်းမာရေးဝန်ထမ်းများကိုလည်း တာဝန်ချထားကြောင်း သိရသည်။

နေရပ်စွန့်ခွာ လာသူများအား လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးနေမှုနှင့် ပတ်သက်ပြီး ဦးမင်းသိန်းက "လူဦးရေများတဲ့အတွက် လိုအပ်တာ အချို့ရှိပေမယ့် တတ်နိုင်သလောက် ဆောင်ရွက်ပေးနေပါတယ်။ ကျန်းမာရေး အတွက်လည်း သူနာပြုတွေကို စခန်း တွေမှာ တာဝန်ချထားပြီး ဆရာဝန် တွေကတော့ Mobile Team အဖွဲ့ တွေနဲ့ လိုက်လံဆောင်ရွက်ပေးနေတယ်။ အရေးပေါ်ဆေးရုံတင်ရမယ့် လူနာရှိနေရင်လည်း ကျွန်တော်တို့က ဆေးရုံတင်ပေးပြီး ကုသပေးပါတယ်။ လောလောဆယ် အဓိကအခက်အခဲဖြစ်နေတာက ဘုန်းကြီးကျောင်းတွေမှာ အိမ်သာတွေ မလုံလောက်ဘဲ ဖြစ်နေတယ်။ ဒါကြောင့် ယင်လုံအိမ်သာတွေအတွက် ပြည်နယ် တာဝန်ရှိသူတွေက ကုမ္ပဏီတွေနဲ့ ဆောက်လုပ်သွားဖို့ စီစဉ်နေပါတယ်"ဟု ပြောသည်။

မဟာဇေယျသိဒ္ဓိ ပဋ္ဌာန်းကျောင်းတွင် ကူညီဆောင်ရွက်ပေးနေသည့် ဒေသခံတစ်ဦးဖြစ်သူ ဦးသန်းထွန်းက "မဟာဇေယျသိဒ္ဓိကျောင်းမှာ နေရပ်စွန့်ခွာလာသူ ၃၀၀ ကျော်ရှိတယ်။ ကျွန်တော်တို့ ဒေသခံတွေအနေနဲ့ ဆောင်ရွက်ပေးနိုင် တာကတော့ ဒီနေရပ်စွန့်ခွာလာသူတွေကို စားသောက်ဖို့ကိစ္စနဲ့ သာမန်လူသုံးကုန်ပစ္စည်းတွေကိုပဲ ကူညီပံ့ပိုးပေးနိုင်ပါတယ်။ အဓိုးရတာဝန်ရှိသူတွေအနေနဲ့ ဖိဖိစီးစီးဆောင်ရွက်ပေးဖို့ လိုပါတယ်"ဟု ပြောသည်။

သတင်း-တင်မောင်လွင်၊ မင်းထက်အောင်
ဓာတ်ပုံ-မောင်မွေး

အလှူငွေနှင့် စားသောက်ဖွယ်ရာများ မော်တော်ယာဉ်ခြောက်စီးဖြင့် သီပေါမြို့ နယ်စည်းခြားပရဟိတအဖွဲ့က ရခိုင်သို့ သွားရောက်လှူဒါန်းမည်

သီပေါ စက်တင်ဘာ ၄

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်နေကြရသူ ရခိုင်သွေးချင်းတိုင်းရင်းသားများ လူသားချင်းစာနာထောက်ထားလျက် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်စည်းခြားပရဟိတအဖွဲ့က စီစဉ်ဆောင်ရွက်ပြီး ဩဂုတ် ၃၀ ရက်မှ ယနေ့အထိ သီပေါမြို့နယ်သူ၊ မြို့နယ်သားများက အလှူငွေကျပ်သိန်း ၄၃၁၅၀၀ နှင့် ဆန်၊ ဆီ၊ ဆေး၊ ဆား၊ အသင့်စားခေါက်ဆွဲထုတ်ဖာများ၊ ငါးပိဘူး၊ ငါးသေတ္တာအသားငါးဘူး၊ စည်သွတ်ဘူးများနှင့် စားသောက်စရာများကို စေတနာထက်သန်စွာလာရောက်လှူဒါန်းကြသည်။

သီပေါမြို့လယ်မှာရုံအနီးဖွင့်လှစ်ထားသော အလှူခံမဏ္ဍပ်ရပ်နားထားသော်လည်း စေတနာရှင်များက ဇာတ်စုရပ်ကွက်ရှိ နယ်စည်းခြားပရဟိတရုံးသို့ လာရောက်လှူဒါန်းလျက်ရှိသည်ကို မြင်တွေ့ရသည်။

စိုင်း(သီပေါ)

ခေါင်းလောင်းသံချိုချို့များ ပြန်လည်ကြားရလာသော လိုင်ဇာအနီးက နားလုံအထက်တန်းကျောင်းခွဲ

လိုင်ဇာ စက်တင်ဘာ ၄

နားလုံအထက်တန်းကျောင်းခွဲသည် ကချင်ပြည်နယ် မြစ်ကြီးနား-မိုးမောက် ကားလမ်းမဘေးတွင်တည်ရှိပြီး ဒေါ့ဖုန်းယန်မြို့နယ်တွင် ပါဝင်သည်။ ဒေါ့ဖုန်းယန်မှ မုးတားချောင်း၊ လိုင်ဇာဂိတ်ပေါက်အနီး လဂျားယန်တံတားအနီးနှင့် လဂျားယန်ကို လွန်သည်နှင့် နားလုံရွာကြီးကို ဝဲဘက်တွင် တွေ့မြင်ရသည်။ နားလုံ အထက်တန်းကျောင်းခွဲသည် မော်တော်ကားလမ်းမဘေးတွင် ထီးထီးကြီးတည်ရှိနေသည်။

ယင်းအထက်တန်းကျောင်းခွဲကို နိုင်ငံတော်အစိုးရက ဆောက်လုပ်ပေးခဲ့ပြီး ၂၀၀၈ ခုနှစ်၌ စတင်ဖွင့်လှစ်ခဲ့ရာ နားလုံ၊ မံမော်၊ မံသဲ၊ မန်မွန်ရွာများမှ ရွှမ်း၊ ကချင် ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားခဲ့ကြောင်း သိရသည်။ "ကျောင်းကြီးစတင်ဖွင့်လှစ်ခဲ့ချိန်က ကျောင်းသား ကျောင်းသူ ပေါင်း ၈၀၀ ကျော် တက်ရောက်ပညာသင်ကြားနိုင်ခဲ့ပါတယ်။ ၂၀၁၁ ခုနှစ်တွင် တိုက်ပွဲတွေစတင်ဖြစ်လာလို့ ဆရာမတို့ကျောင်းကြီးရဲ့ ပညာသင်ကြားရေးဟာ လုံးဝရပ်ဆိုင်းသွားခဲ့ပါတယ်။ ဒီနားက ရွာတွေအားလုံး စစ်ဘေးရှောင်ကြရင်း စစ်ရှောင်ဒုက္ခသည်တွေ ဖြစ်ကုန်ကြပါတယ်။ ဆရာမတို့အနေနဲ့ ကျောင်းသားတွေအတွက် အလွန်အင်မတန် စိတ်မကောင်းဖြစ်ကြရပါတယ်။ ဒီကျောင်းကြီးကို ၂၀၁၄-၂၀၁၅ မှာ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပေမယ့် ကျောင်းသားပေါင်း ၂၁၃ ယောက်ပဲ တက်ရောက်နိုင်ခဲ့ပါတယ်။ ကျောင်းအုပ်ဆရာကြီး ဦးညီမင်း အပါအဝင် ဆရာ ဆရာမ ၁၆ ဦး တာဝန်ထမ်းဆောင်နေလို့ ပညာသင်ကြားရေးမှာ နိုင်နင်းမှုတော့ရှိပါတယ်။ ဒါပေမယ့် အခုမြင်တွေ့နေရတဲ့ ကျောင်းကြီးဟာ ၂၀၁၇ ခုနှစ် ဧပြီလ တုန်းက လေမုန်တိုင်းဒဏ်ခံလိုက်ရလို့ သွပ်အမိုးတွေအားလုံး ပျက်စီးကုန်ပါတယ်။ သစ်သားနဲ့ ဆောက်ထားတဲ့ နံရံကျောင်းဆောင်ကြီးဖြစ်လို့ သစ်သားတွေကလည်း ဆွေးတဲ့နေရာကလည်း ဆွေးနေပါတယ်။ ကျောင်းသားတွေအတွက် အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရ၊ သက်ဆိုင်ရာ တာဝန်ရှိတွေက လက်ရှိကျောင်းကြီးကို ဖျက်သိမ်းပြီး အသစ်ထပ်မံတည်ဆောက်ပေးမယ်လို့ သိရပါတယ်။ ဖျက်သိမ်းပေးဖို့အတွက် ခွင့်ပြုချက်ရရှိဖို့လည်း တင်ပြထားပါတယ်။ အထက်တန်းကျောင်းခွဲအသစ်ကြီး ခုံခုံညားညား အမြန်ဆုံးပေါ်ထွန်းလာပါစေလို့ နားလုံရွာသားများကိုယ်စား ဆုတောင်းပါတယ်" လို့ ဆရာမကြီး ဒေါ်ခါးရယ်က ပြောသည်။

မုန်တိုင်းဒဏ်သင့်၍ ပျက်စီးနေသော နားလုံအထက်တန်းကျောင်း အဆောက်အအုံကို တွေ့ရစဉ်

ရင်ငြိမ်းပန်း(လွယ်ဂျယ်)
ဓာတ်ပုံ-သန်းကိုဦး

ဒီမိုကရေစီအငြိမ့်ပြိုင်ပွဲ ယှဉ်ပြိုင်မည့်အသင်းများ မဲနှိုက်ရွေးချယ်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်လာသော အငြိမ့်အသင်းများ၏ ယှဉ်ပြိုင်ရမည့် နေ့ရက်နှင့်အမှတ်စဉ်တို့ကို မဲနှိုက်ရွေးချယ်ပေးလိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါအငြိမ့်ပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်လာသော အငြိမ့်အသင်းရှစ်သင်းနှင့် အငြိမ့်ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီတို့ ယနေ့နံနက်ပိုင်းက ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌တွေ့ဆုံဆွေးနွေးအပြီး ဗိုလ်လုပွဲသို့တက်ရောက်လာသောအသင်း ရှစ်သင်းကို ယှဉ်ပြိုင်ရမည့်နေ့ရက်နှင့်အမှတ်စဉ်တို့ကို ပြိုင်ပွဲဝင် အသင်းများကိုယ်တိုင် မဲနှိုက်ကာ ရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။

အငြိမ့်ပြိုင်ပွဲ ပဏ္ဏာမပြိုင်ပွဲများကို အောက်မြန်မာပြည် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ သြဂုတ် ၂၇ ရက်မှ ၃၀ ရက်အထိ အငြိမ့်ပြိုင်ပွဲဝင်အသင်း ၂၁ သင်းက လည်းကောင်း၊ အထက်မြန်မာပြည် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ သြဂုတ် ၂၈ ရက်မှ ၃၀ ရက်အထိ အငြိမ့်အသင်း ၁၃ သင်းကလည်းကောင်း ဒီမိုကရေစီအနှစ်သာရ၊ ဒီမိုကရေစီရသတို့နှင့်အညီ အသီးသီးယှဉ်ပြိုင်ခဲ့ကြပြီး နောက်ဆုံးဗိုလ်လုပွဲသို့ အသင်းရှစ်သင်း တက်ရောက်လာကြခြင်းဖြစ်သည်။

မြန်မာ့ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲဗိုလ်လုပွဲကို လာမည့်စက်တင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ညနေ ၆ နာရီမှစတင်ကာ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မဲနှိုက်ရွေးချယ်အပြီး ထွက်ပေါ်လာသော စာရင်းများအရ အငြိမ့်ပြိုင်ပွဲ ပထမနေ့ စာရင်းများအရ အငြိမ့်ပြိုင်ပွဲ ပထမနေ့ ဖြစ်သည့် စက်တင်ဘာ ၂၀ ရက်တွင် ဖူးသစ်ကြယ်စင်အငြိမ့်အဖွဲ့က စတင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းနောက် ရွှေညာမြေမှ ကြယ်ပွင့်များအငြိမ့်အဖွဲ့၊ မော်ဒယ်ဟားနှင့် ခေတ်သစ်ကြေးမုံ အငြိမ့်အဖွဲ့တို့က အစဉ်အလိုက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။

ဒုတိယနေ့ စက်တင်ဘာ ၂၁ ရက်တွင် စကားပါမြေအငြိမ့်အဖွဲ့က ဦးစွာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းနောက် မန်းစတား၊ ဇွဲအငြိမ့်အဖွဲနှင့်လူငယ်စတား အငြိမ့်အဖွဲတို့က အစဉ်လိုက်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ အငြိမ့်ပြိုင်ပွဲ နောက်ဆုံးနေ့ဖြစ်သည့် စက်တင်ဘာ ၂၁ ရက်တွင် ပြိုင်ပွဲများအပြီး ဆုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ရာ ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများ၊ မင်းသမီးအကောင်းဆုံးဆု၊ လူရွှင်တော်အကောင်းဆုံးဆုနှင့် ဆိုင်းအကောင်းဆုံးဆုများလည်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အငြိမ့်ချစ်သူ ပြည်သူများအနေဖြင့် ဒီမိုကရေစီပွဲတော် အငြိမ့်ပြိုင်ပွဲများသို့ ယင်းနေ့များတွင် အမျိုးသားဇာတ်ရုံသို့ ညနေ ၆ နာရီမှစတင်ကာ အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း လည်း သိရသည်။

မြင့်မောင်စိုး

ဗျာပုံမြို့နယ်၌ သန်းခေါင်စာရင်းအစီရင်ခံစာထုတ်ပြန်

ဗျာပုံ စက်တင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဗျာပုံမြို့နယ်အဆင့် သန်းခေါင်စာရင်း အချက်အလက်များ အသိပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားပြီး မြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်အဆင့် သန်းခေါင်စာရင်းအချက်အလက်များကို တာဝန်ခံ ခရိုင်အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကံကောင်းက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရန်စိုးထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အသိပေးထုတ်ပြန်လိုက်သည့် အဆိုပါ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဗျာပုံမြို့နယ်အစီရင်ခံစာတွင် မြို့နယ်အတွင်းရှိ လူဦးရေကိန်းဂဏန်းအချက်အလက်များ၊ လုပ်သားအင်အားအခြေအနေ၊ နေအိမ်အဆောက်အအုံများ၊ သောက်သုံးရေရရှိသုံးစွဲနေမှုဆိုင်ရာအချက်များ၊ ဆက်သွယ်ရေးပစ္စည်းများသုံးစွဲနိုင်မှုအခြေအနေ၊ သယ်ယူပို့ဆောင်ရေးယာဉ်များသုံးစွဲနိုင်မှုအခြေအနေများ အသေးစိတ်ဖော်ပြထားကြောင်း တွေ့ရသည်။

သူဇာနွယ် (ဗျာပုံ)

အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များနှင့် ခါးပတ်မပတ်ဘဲ မောင်းနှင်သောယာဉ်များအား စစ်ဆေးအရေးယူနှစ်ရက်အတွင်း ယာဉ်အစီးရေ တစ်ရာကျော်ဖမ်းမိ

နေပြည်တော် စက်တင်ဘာ ၄

အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များနှင့် ခါးပတ်မပတ်ဘဲ မောင်းနှင်သောယာဉ်များအား စက်တင်ဘာ ၁ ရက်မှစ၍ စစ်ဆေးအရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စက်တင်ဘာ ၁ ရက် ညနေ ၆ နာရီမှ စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီအထိ သတ်မှတ်မိုင်နှုန်းထက် ကျော်လွန်သည့်ယာဉ်များကို စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်(၂၀၁) နေပြည်တော်တိုးဂိတ်၌ မော်တော် ယာဉ်ခုနှစ်စီး၊ လှည်းကူးမြို့နယ်အမှတ်(၃)လမ်းဆုံတိုးဂိတ်၌ မော်တော်ယာဉ် ကိုးစီး၊ တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ်၁၃ စီး၊ သီးကုန်းတိုးဂိတ်၌ မော်တော်ယာဉ် ခြောက်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ်ကိုးစီး စုစုပေါင်း ၄၄ စီး ဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်းတရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ အမြန်လမ်း၌ ခါးပတ်မပတ်ဘဲ မောင်းနှင်သောယာဉ်များအား စစ်ဆေးခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်(၂၀၁) နေပြည်တော်တိုးဂိတ်၌ ခါးပတ်မပတ်သည့် မော်တော်ယာဉ် ၁၀ စီး၊ လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံတိုးဂိတ်၌ မော်တော်ယာဉ် ၁၃ စီး၊ တံတားဦးမြို့နယ် စကားအင်းတိုးဂိတ်၌ မော်တော်ယာဉ် ၁၃ စီး၊ ဖြူးမြို့နယ် (၁၁၅) မိုင်ဖြူးတိုးဂိတ်၌ မော်တော်ယာဉ် ၂၂ စီး စုစုပေါင်း ၅၈ စီးဖမ်းဆီးခဲ့ပြီး ယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။

သတင်း - ဇင်ဦး(မြန်မာ့အလင်း)

ပြင်ဆင်ဖတ်ရှုပါရန်

၄-၉-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာ(၁၀)တွင် ပါရှိသည့် စက်ရုံ၊ အလုပ်ရုံငယ်များတည်ဆောက်နိုင်ရေး ချေးငွေပံ့ပိုးမည့် အခြေအနေများကို ဆွေးနွေးသတင်း၏ ကော်လံ(၁)၊ ဒုတိယစာပိုဒ် စာကြောင်းရေ (၂)တွင် Two Step Lone (**အစား**)Two Step Loan ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

(သတင်းစဉ်)

နေရာကွက်၍ မိုးကြိုးနိုင်

နေပြည်တော် စက်တင်ဘာ ၄ - ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ယနေ့နေရာအနှံ့အပြား မိုးထစ်ချန်းရွာပြီး နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

(မိုး/ဇလ)

မြိတ်မြို့ ကန်ဘောင်ရိုးရပ်နေအိမ်၌ မွေးမြူထားသော ၁၃ နှစ်သက်တမ်းရှိ မိကျောင်းကို ဘေးမဲ့ပြန်လွှတ်ပေးခဲ့

ရန်ကုန် စက်တင်ဘာ ၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အလယ်ကျွန်းရပ်နယ်မြေ ကန်ဘောင်ရိုးရပ်မီးသတ်လမ်းအမှတ်-၁၁၆၇ ၌ မွေးမြူထားသော (၁၃ နှစ်)ကျော် မွေးမြူထားသော အရှည် ခြောက်ပေကျော်၊ ဖြတ်လက်မ ၂၀ ရှိသော မိကျောင်းမတစ်ကောင်ကို အသက်အန္တရာယ်စိုးရိမ်သည့်အတွက် ရပ်ကွက်နေပြည်သူများက မြို့နယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ခရိုင်သစ်တောဦးစီးဌာနမှူး၊ မြို့နယ်သစ်တောဦးစီးမှူးတို့သည် စက်တင်ဘာ ၃ ရက်တွင် ဘုတ်ပြင်းနှင့် ကျွန်းစုမြို့နယ်အစပ်ရှိ ရေချို၊ ရေငန်အစပ်နေရာ၌ ဘေးမဲ့လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

“မနေ့က မနက် ၈ နာရီမှာ မိကျောင်းတွေ ဘေးမဲ့ကျက်စားရာနေရာဖြစ်တဲ့ ရေချို၊ ရေငန်အစပ် ဘေးမဲ့သဘာဝနယ်မြေမှာ လွှတ်ပေးခဲ့ပါတယ်။ ခြောက်ပေ အရှည်နဲ့ ဖြတ်လက်မ ၂၀ ရှိတဲ့ မိကျောင်းမတစ်ကောင်ပါ။ တနင်္သာရီမြို့နယ်မှာ တောရိုင်းတိရစ္ဆာန်များတဲ့အတွက် အထူးဂရုစိုက်ပြီး ထိန်းသိမ်းဆောင်ရွက်နေပါတယ်။ တောရိုင်းတိရစ္ဆာန်တွေကို သတ်ဖြတ်ရောင်းချခြင်းမရှိဖို့ အသိပညာပေးမှုလည်း ဆောင်ရွက်ပါတယ်။ အကောင်ပေါက်အရွယ်က ပိုင်ရှင် ဒေါ်သန်းဌေးအဲ့ဒီ ရေချို၊ ရေငန်အစပ်နေရာကနေ ယူဆောင်လာတဲ့အတွက် အဲ့ဒီနေရာကိုပဲ ပြန်ပို့တာပါ” ဟု မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးဇော်နိုင်လင်းက ပြောသည်။

ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဘခင်၊ မြိတ်မြို့နယ်သစ်တောဌာနမှ တောအုပ်ကြီး ဦးဇော်နိုင်လင်းနှင့် ဝန်ထမ်းသုံးဦး၊ မြို့နယ်သစ်တောဦးစီးဌာနမှ နှစ်ဦး၊ အလယ်ကျွန်းရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်တို့က ကန်ဘောင်ရိုးရပ်နေအိမ်တွင် မွေးမြူထားသော ၁၃ နှစ်ကျော် ရှိပြီဖြစ်သည့် မိကျောင်းကိုဖမ်းဆီးကာ စက်လှေဖြင့် ရေချို၊ ရေငန်အစပ်နေရာသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။

သတင်း-သန်းထိုက် (လှိုင်သာယာ)
ဓာတ်ပုံ-သန်းစိုး

နမ္မတီးမြို့သို့ရောက်ရှိလာသည့် တနိုင်းဒေသမှ နေရပ်ပြန်ပြည်သူများကို ထောက်ပံ့ကူညီ

နမ္မတီး စက်တင်ဘာ ၄

ကချင်ပြည်နယ် တနိုင်းဒေသမှ နေရပ်ပြန်ပြည်သူများ စက်တင်ဘာ ၃ ရက် ည ၁၀ နာရီခွဲက နမ္မတီးမြို့သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖားကန့်မြို့နယ် တနိုင်းလမ်း ရှဒူးဇွတ်ကျေးရွာ ဒေသအခေါ်(မီးသွေးကုန်း) နေရပ်ဒေသသို့ပြန်မည့် အမျိုးသား၊ အမျိုးသမီး ၄၄ ဦးတို့သည် နမ္မတီးမြို့သို့ UD Trucks(၁၂)တီးယာဉ်ဖြင့် ရောက်ရှိလာရာ တာဝန်ရှိသူများက မြို့မရပ်ကွက် မြို့ရှေ့ဘုန်းကြီးကျောင်း၌ ညအိပ်တည်းခိုရန် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

ရောက်ရှိလာသူများကို စေတနာရှင်၊ အလှူရှင်များက လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၊ ကလေးတစ်ဦးလျှင် ငွေကျပ် ၅၀၀၀ စီထောက်ပံ့ပေးခဲ့ပြီး နယ်မြေခံတပ်မိသားစုများမှ ညစာအတွက် ထမင်းဘူးများ လှူဒါန်းခဲ့သည်။

အဆိုပါနေရပ်ပြန်များကို စက်တင်ဘာ ၄ ရက် နံနက် ၉နာရီခွဲက အမှတ် (၄၂) အစုန် ဒုတိယအမြန်ရထားဖြင့် မန္တလေးဘက်သို့ ပြန်လည်ပို့ဆောင်ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ ဝိုလ်မှူးဇော်လင်းဦး၊ နမ္မတီးမြို့ခေတ္တ အုပ်ချုပ်ရေးမှူး ဦးဝေဖြိုးကျော်တို့က ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝင်းနိုင် (ကချင်မြေ)

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၄

မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သည် အဖွဲ့ဝင်များ၏ ကျန်းမာရေး၊ နာရေးကိစ္စရပ်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်လျက်ရှိရာ အဖွဲ့သို့အလှူငွေပေးအပ်ပွဲနှင့် ၉/၂၀၁၇ လပတ်အစည်းအဝေးကို စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက နတ်မောက်လမ်းသွယ်ရှိ မြန်မာ့အလင်းသတင်းစာတိုက် (ရန်ကုန်)အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အလှူငွေပေးအပ်ပွဲကျင်းပရာ သန်လျင်မြို့နေ မြို့မိမြို့ဖ ဦးဇော်ဝင်း (ဥက္ကဋ္ဌ ဇော်ထက်ပိုင် အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးကုမ္ပဏီ)-ဇနီး ဒေါ်မိမိတင် (ချမ်းမြေမေတ္တာဆေးရုံသန်လျင်) မိသားစုမှ လှူဒါန်းငွေကျပ် တစ်သိန်းကို အလှူရှင်များကိုယ်စား သတင်းထောက်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း (သန်လျင်)က ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း(ကျောက်တန်း)နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။

ဆက်လက်၍ အဖွဲ့ဝင်များ၏ ဒေသန္တရလေ့လာရေးခရီးအစီအစဉ်အတွက် သန်လျင်မြို့နေ ဦးအောင်ကျော်ဝင်း (ဇမ္ဗူမေတ္တာကုမ္ပဏီ)-ဒေါ်မြသီတာဦး မိသားစုက ပုံပိုးကူညီမှုဖြင့် ပုဂံညောင်ဦးဒေသများသို့ သွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

ကိုကြီးတင်

မဲခေါင်ပေါင်းစပ်ညှိနှိုင်းရေးစီမံကိန်းရုံး ငါးနှိုင်ငံကိုယ်စားလှယ်များ မူးယစ်ဆေးဝါးလာရာလမ်းကြောင်း လေ့လာ

တာချီလိတ် စက်တင်ဘာ ၄

မဲခေါင်ပေါင်းစပ်ညှိနှိုင်းရေးစီမံကိန်းရုံး ငါးနှိုင်ငံကိုယ်စားလှယ်အဖွဲ့သည် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအပါအဝင် စစ်ဆေးရေးဂိတ်များနှင့် မြန်မာ-လာအို အပြည်ပြည်ဆိုင်ရာ ဝမ်ပုံဆိပ်ကမ်းများ၌ မူးယစ်ဆေးဝါး သယ်ဆောင်ရာလမ်းကြောင်းများနှင့် နယ်မြေအခြေအနေများကို လေ့လာခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများနှင့် နယ်မြေအခြေအနေများကို လေ့လာရန်အတွက် ရောက်ရှိနေသော မဲခေါင်ပေါင်းစပ်ညှိနှိုင်းရေးစီမံကိန်းရုံး(Safe Mekong Coordination Center-SMCC)မှ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဦးစီးအရာရှိ (ပ)ဒုတိယရဲမှူးကြီး ခိုင်စိုး ဦးဆောင်သော မြန်မာနိုင်ငံမှကိုယ်စားလှယ် ခြောက်ဦး၊ Pol.Maj. Leba Long ဦးဆောင်သော ဗီယက်နမ်နိုင်ငံမှ ကိုယ်စားလှယ် နှစ်ဦး၊ Pol. Lt.Col.Ly Vattana ဦးဆောင်သော ကမ္ဘောဒီးယားနိုင်ငံမှ ကိုယ်စားလှယ် နှစ်ဦး၊ Pol. Lt.Col.Boun Pheng Inthavong ဦးဆောင်သော လာအိုနိုင်ငံမှ ကိုယ်စားလှယ် နှစ်ဦး၊ Pol.Maj. Liu Bin ဦးဆောင်သော တရုတ်နိုင်ငံမှ ကိုယ်စားလှယ် သုံးဦး၊ ငါးနိုင်ငံကိုယ်စားလှယ်အဖွဲ့များသည် ဩဂုတ် ၃၁ ရက် နံနက်ပိုင်းက မူးယစ်တပ်ဖွဲ့(၃၀) တာချီလိတ်၏ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများလေ့လာခဲ့ရာ မူးယစ်တပ်ဖွဲ့စုမှူး ရဲမှူး စိုင်းနိုင်က တာချီလိတ်ခရိုင် နယ်မြေအခြေအနေ မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းများနှင့် ဖမ်းဆီးရမိမှုအခြေအနေများကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြန်မာ-ထိုင်းနယ်စပ် အမှတ်(၁) ချစ်ကြည်ရေးတံတားနှင့် အမှတ်(၂)ချစ်ကြည်ရေးတံတားတို့၌ ကုန်စည်စီးဆင်းမှုနှင့် ရှာဖွေစစ်ဆေးမှုအခြေအနေများကို လည်းကောင်း၊ ဆက်လက်ပြီး တာချီလိတ်မြို့ ဖန်မင်အုပ်စု မယ်ယန်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့မှ မူးယစ်ဆေးဝါးရှာဖွေစစ်ဆေးမှုအခြေအနေများကို လည်းကောင်း၊ မိုင်းဖုန်း(၁)အုပ်စု ဝေလေလန်စစ်ဆေးရေးဂိတ်နှင့် ပါခုတ်စစ်ဆေးရေးဂိတ်သို့ လည်းကောင်း၊ ဝမ်ပုံရေကြောင်း ရဲတပ်ဖွဲ့(၃)ရှိ သဘော်များကို လည်းကောင်း လေ့လာခဲ့ကြောင်း သိရသည်။

မြင့်မိုရ် (တာချီလိတ်)

နွားထိုးကြီးမြို့နယ်အတွင်းသို့ ရှမ်းပြည်နယ်မှ စစ်ဘေးရှောင်ကလေးများရောက်ရှိနေ

နွားထိုးကြီး စက်တင်ဘာ ၄

ရှမ်းပြည်နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းမှ စစ်ဘေးရှောင်လာသော ကလေးများသည် နွားထိုးကြီးမြို့သို့ရောက်ရှိလာပြီး ဘုန်းကြီးကျောင်းများ၊ သီလရှင် ကျောင်းများသို့ ခိုလှုံနေထိုင်နေကြကြောင်း သိရသည်။

အမှတ် (၂)ရပ်ကွက် ပုည၀တီသီလရှင်ကျောင်းတိုက်သို့ ကွမ်းလုံမှ ခုနစ်နှစ်မှ ၁၀ နှစ်အရွယ် မိန်းကလေး ၁၂ ဦး ရောက်လာပြီး သီလရှင်၀တ်၍ ဆွမ်းဆန်ခံထွက်နေကြရသည်။

အလားတူ “၀” လူမျိုး ကလေးငယ် အမျိုးသား ၃၀ ကျော်မှာလည်း တာတိုင်ဘုန်းကြီးကျောင်းနှင့် ယွန်းကျောင်း၌ ကိုယ်ရင်၀တ်ဆွမ်းခံရင်း စစ်ဘေးရှောင်ရောက်နေကြကြောင်း သိရသည်။

“တချို့ကလည်း မြန်မာပြည်မှာ မပျော်ဘူး၊ တချို့ကလည်း စစ်ဘေးကြောက်လို့ မပြန်ချင်ကြဘူးလေ၊ ဘာပဲဖြစ်ဖြစ် ကလေးငယ်လေးတွေဆိုတဲ့အသိက သနားစရာပါ။ သူတို့လေးတွေက အခုဆို မြန်မာစာ၊ မြန်မာစကား အတော်အသင့် ပြောတတ်နေကြပြီလေ၊ ဒေသခံတွေနဲ့လည်း အတော်ရင်းနှီးနေကြပြီ” ဟု ဆွမ်းဆန် ဒကာမကြီးတစ်ဦးက ဆိုသည်။

စစ်ဘေးရှောင် ကလေးတွေရောက်နေတာ အချို့ကလည်း နှစ်ချီနေပြီဖြစ်ပြီး အချို့မှာ လပိုင်းသာရှိသေးကြောင်း သိရသည်။

ဌေးမြင့်မောင်

ဖာပွန်အထက်တန်းကျောင်း၌ အခြေခံစိုက်ပျိုးရေးပညာပေးဆွေးနွေး

ဖာပွန် စက်တင်ဘာ ၄

ဖာပွန်ခရိုင် ဖာပွန်မြို့နယ်ရှိ အလယ်တန်းနှင့် အထက်တန်းဆင့် ကျောင်းသား ကျောင်းသူများကို စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အခြေခံပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက်က မြို့နယ်အခြေခံပညာအတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်ဆွေက အခြေခံအဆင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့ကျင့်ကောင်းများ၊ ဓာတုပိုးသတ်ဆေးကြောင့် ပတ်ဝန်းကျင် ထိခိုက်နစ်နာမှုများ၊ သဘာဝပိုးသတ်ဆေး သုံးစွဲခြင်းများ၊ ဓာတုပိုးသတ်ဆေးများ သုံးစွဲရာတွင် ဆောင်ရန်နှင့် ရှောင်ရန်အချက်များကို အခြေခံကျကျ လိုက်နာဆောင်ရွက်ရေးတို့ကို တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများကို အသိပညာပေးဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ဖာပွန်ခရိုင် ဖာပွန်မြို့နယ်အတွင်းရှိ ကူးဆိပ်၊ ကမမောင်းမြို့နှင့် ကတိုင်တိ ကျေးရွာအုပ်စုတို့တွင်လည်း ဆက်လက် အသိပညာပေးဆောင်ရွက်သွားမည်ဖြစ်သည်။

မောင်မွေး

စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ အစီအစဉ်ဖြင့် မူခင်းပညာပေးပြခန်းယာဉ်ဖြင့် လှိုင်မြို့နယ် အမှတ် (၄) ရပ်ကွက် အမှတ် (၈) အခြေခံပညာအလယ်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး နေဝင်းနှင့်အဖွဲ့ မူခင်းအသိပညာပေးလုပ်ငန်း ဆောင်ရွက်ရာ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာစဉ် မီးမီး(လှိုင်)

တာချီလိတ်၌ နိုင်ငံခြားသားတစ်ဦးအား တရားမဝင်နေထိုင်မှုဖြင့် အရေးယူ

တာချီလိတ် စက်တင်ဘာ ၄

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်၌ စက်တင်ဘာ ၃ ရက် ညနေ ၅ နာရီခန့်က တရားမဝင် ခွင့်ပြုချက်အထောက်အထားမပါဘဲ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်နေထိုင်သည့် နိုင်ငံခြားသားအမျိုးသားတစ်ဦးကို အရေးယူထားကြောင်း သိရသည်။

စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်မှ ပြည်သူ့စစ် ဦးစည်သူနှင့် အဖွဲ့က ဝမ်ကောင်းရပ်ကွက် ရတနာလမ်းသွယ်လမ်းပေါ်တွင် နိုင်ငံခြားသားတစ်ဦးအား တွေ့ရှိ၍ ရဲစခန်းသို့ လာရောက်အပ်နှံသဖြင့် တာချီလိတ်မြို့နယ် လဝကရုံးသို့ အကြောင်းကြားကာ ဒုလဝကမှူး ဦးရဲအုပ်နှင့်အဖွဲ့က စစ်ဆေးခဲ့ရာ Mr.Lad Htanan Pui ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ မယ်ဆိုင်ရေချောင်းကို ဖြတ်ကူးကာ မြန်မာနိုင်ငံ တာချီလိတ်မြို့အတွင်းသို့ တရားဝင် စာရွက်စာတမ်းအထောက်အထားမပါဘဲ ဝင်ရောက်လာခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အဆိုပါ Mr.Lad Htanan Pui (၃၂ နှစ်) လန်ဖွန်းမြို့ လန်ဖွန်းခရိုင် ထိုင်းနိုင်ငံနေသူကို တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အိုက်စ်များ သိမ်းဆည်းရမိ

ကလော စက်တင်ဘာ ၄

မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီခွဲခန့်က ကလောမြို့နယ် မကွေ့ကျေးရွာအနီး ကလော-သာစည်ကားလမ်း၌ ခွန်မောင်မျိုး မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ခွန်ကိုကျော် မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးတို့ကို ရှာဖွေရာ ခွန်မောင်မျိုးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ ညနေ ၅ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် နှင်းဆီလမ်းနှင့် ၄၉ လမ်းထောင့်တွင် ထက်ဝေအောင် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၃၂ ပြားကို လည်းကောင်း၊ စက်တင်ဘာ ၂ ရက် ညနေ ၃ နာရီခွဲခန့်က ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့နယ် အဏ္ဏဝါရပ်ကွက် တရုတ်ဘုံကျောင်းအနီးတွင် မသန်းဌေး မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ၎င်းထံမှ အိုက်စ် ၃၀ ဂရမ် သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မသန်းဌေး နေထိုင်သည့်နေအိမ်အား ရှာဖွေရာ အိုက်စ် ၆၇၀ ဂရမ်၊ ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၁၀၅၀၀၀ နှင့် ထိုင်းဘတ်ငွေ ၃၀၀၀ တို့ကို လည်းကောင်း။

ယင်းနေ့ ညနေ ၅ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မောကိန္နရီဘိလပ်မြေစက်ရုံအနီး လားရှိုး-တန့်ယန်းကားလမ်းတွင် ကျအီ(ခ)ပန်းဘို မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၃၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ကိုရဲ

မသန်းဌေးအား ဖမ်းဆီးရမိ အိုက်စ်များနှင့်အတူ တွေ့ရစဉ်

တောင်တွင်းကြီးမြို့နယ်၌ အမျိုးသားတစ်ဦး လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရှိ

မကွေး စက်တင်ဘာ ၄

တောင်တွင်းကြီးမြို့နယ် ညောင်ဝန်းကျေးရွာအနီး စက်တင်ဘာ ၃ ရက်က လူတစ်ဦးအား လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ဆတ်သွားနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီက ညောင်ဝန်းကျေးရွာအရှေ့မြောက်ဘက် ခြောက်ဖာလုံခန့်အကွာရှိ ဦးကြည်လင်း၏ လယ်ကန်သင်းပေါ်တွင် အမျိုးသားတစ်ဦး သေဆုံးနေကြောင်း သတင်းအရ ဆတ်သွားနယ်မြေရဲစခန်းမှ ဒုရဲအုပ်ငြိမ်းပြည့်စုံ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူမှာ ချစ်ဝင်းလေး (၃၅ နှစ်) ညောင်ဝန်းကျေးရွာနေသူဖြစ်ပြီး လယ်ကန်သင်းပေါ် ပြတ်ရှဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေပြီး ၎င်း၏ဘေးတွင် အရိုးအသွား တစ်ပေခွဲခန့်ရှိ တံစဉ်းတစ်ချောင်းအား တွေ့ရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မေးမြန်းစုံစမ်းခဲ့ရာတွင် သေဆုံးသူ ချစ်ဝင်းလေးမှာ အရက်အလွန်အကျွံ သောက်စားသူဖြစ်ပြီး ယင်းနေ့ မွန်းလွဲ ၂ နာရီခန့်က အရက်ကြောင်ကာ တံစဉ်းတစ်ချောင်းကိုင်၍ ရွာထဲတွင် ပြေးလွှားနေခဲ့ကာ ရွာထဲ၌ မတွေ့ရှိရတော့၍ ယောက်ဖဖြစ်သူ ကိုလှိုင်နှင့် သန်းခိုင်တို့က လိုက်လံရှာဖွေခဲ့ရာမှ တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအမျိုးသားသေဆုံးမှုနှင့်ပတ်သက်ပြီး ဒုရဲအုပ်ငြိမ်းပြည့်စုံက တရားလိုပြုတိုင်ကြားခဲ့၍ ဆတ်သွားနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ကျော်ဇေယျ

မတ္တရာမြို့နယ်တွင် တရားမဝင်ကျွန်းခွဲသားများ သိမ်းဆည်းရမိ

မတ္တရာ စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တရားမဝင်ကျွန်းသစ်ခွဲသား ၃၃၈ ချောင်း (၂ ဒသမ ၈၄၃၂ တန်)အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သစ်တောဦးစီးဌာန ဝန်ထမ်းများသည် ရွှေကျင်စုပေါင်းဂိတ်မှ စက်တင်ဘာ ၃ ရက် နံနက် ၂ နာရီခွဲက သတင်းအရ ညောင်ကုန်း(တောင်)ရွာ၏ အနောက်မြောက်ဘက် လယ်ကွင်းစပ်တွင် တရားမဝင်ကျွန်းသစ်ခွဲသား အချောင်း ၁၇၀ (၁ ဒသမ ၃၇၄ တန်)တင်ဆောင်လာသော ထော်လာဂျီယာဉ်အမှတ် ၉၄/----နှင့် တရားမဝင်ကျွန်းခွဲသား ၁၆၉ ချောင်း(၁ ဒသမ ၄၆၉၂ တန်)တင်ဆောင်လာသော ထော်လာဂျီယာဉ်အမှတ် ၉၄/---- တို့ပေါ်မှ စုစုပေါင်းကျွန်းခွဲသား ၃၃၈ ချောင်း (၂ ဒသမ ၈၄၃၂ တန်)အား ဖမ်းဆီးရမိခဲ့သဖြင့် တရားမဝင်သစ်များ တင်ဆောင်မောင်းနှင်လာသော ထော်လာဂျီယာဉ်မောင်းများကို ဥပဒေအရအရေးယူထားကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ကသာမြို့နယ်နှင့် ပင်လည်ဘူးမြို့နယ်တို့မှ တရားမဝင် တမလန်းသစ်များဖမ်းမိ

ကသာ စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ကသာ-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ်(၂၄)နေရာတွင် တရားမဝင် တမလန်းသစ်များဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က မြို့နယ်သစ်တောဦးစီးအဖွဲ့နှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များသည် ကသာ-ဗန်းမော်ကားလမ်း မိုင်တိုင်အမှတ် (၂၄) နေရာမှ တရားမဝင်တမလန်း ခားရွှေတုံး ၄၅ တုံး ဖမ်းမိခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့နံနက်ပိုင်းကလည်း ကသာခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသောင်းနိုင် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပင်လည်ဘူးမြို့နယ် ဝါးဘိုးချောင်းအနီးတွင် ရပ်ထားသော ယာဉ်နှစ်စီးပေါ်မှ တရားမဝင်တမလန်းသစ် ငါးတန်ကျော်ဖမ်းမိခဲ့ကြောင်းလည်း သိရသည်။

လှအောင်(ကသာ)

ကော့သောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ ကျော် သိမ်းဆည်းရမိ

ကော့သောင်း စက်တင်ဘာ ၄

ကော့သောင်းမူးယစ်အထူးအဖွဲ့သည် စက်တင်ဘာ ၃ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် မြရည်ပုလဲလမ်းရှိ မျိုးဝင်း (၃၇ နှစ်)၏နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်း၏ကွမ်းယာဆိုင်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄ ပြား၊ နေအိမ်အနောက်ဘက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စုစုပေါင်း ၃၁၄ ပြားတို့ကို သိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများနှင့်လက်ဝယ်တွေ့ရှိသူ မျိုးဝင်းအား ကော့သောင်းရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

အမည်ပြောင်း

ဦးသန်းအေး ၁/မကန(နိုင်)၀၁၇၅၀၅ ၏ သား ဖားကန့်မြို့ အလင်းသစ် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်စိုင်းဇင်မင်းထက်အား မောင်အောင်ကောင်းပြည့်စုံဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းပြည့်စုံ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့ အထက ဆိပ်ဖြူ တက္ကသိုလ်ဝင်တန်း(H)မှ မောင်နိုင်လင်းထွန်း၏ ဖခင်ဦးကျော်ဦး၏ အမည်မှန်မှာ ဦးအောင်ကျော်ဦး ၈/ဆမန(နိုင်)၀၀၅၁၀၄ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်ဦး

တစ်ဦးတည်းဖြစ်ပါကြောင်း

အထက၊ ရွာသစ် တက္ကသိုလ်ဝင်တန်း(A)မှ မသရဖီ၏ မိခင်ဒေါ်ဥမ္မာသိင်္ဂီနှင့် ဒေါ်ဥမ္မာသိန်း ၁၃/နမက (နိုင်)၀၀၈၁၉၀သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ် အထက (ကျုံတလုတ်) တက္ကသိုလ်ဝင်တန်း(B)မှ မဇင်မာမြင့်၏ ဖခင်ဦးကိုဌေး၏ အမည်မှန်မှာ ဦးစန်းဌေး ၁၄/အမန (နိုင်)၁၄၆၆၅၅ ဖြစ်ပါကြောင်း။

ဦးစန်းဌေး

ဖခင်အမည်မှန်

ပင်လောင်းမြို့၊ အထက (ဆောင်းပြောင်း)၊ တက္ကသိုလ်ဝင်တန်းမှ နန်းမိုးမိုးအေးနှင့် သတ္တမတန်းမှ မနွေးနွေးအေးတို့၏ ဖခင်အမည်မှန်မှာ ခွန်သန်းဖေ ၁၃/ပလန(နိုင်)၀၄၂၉၇၈ ဖြစ်ပါကြောင်း။

ခွန်သန်းဖေ

ဆရာဒွေး နှင့် သမီး- ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

စက်တင်ဘာလ(၆/၉)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။

၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။

၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။

Ph: 01-375970, 0951 72096, 09254541441

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျောက်ကုန်း၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၉/ကနေ ဦးစိန်တင်၏သမီး ဒေါ်ခင်စန်းဦး ၁၂/သဃက(နိုင်)၀၇၄၂၉၆၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ နတ်မောက်လမ်း၊ (၇၂)ရှိမြေတိုင်းရပ်ကွက်အမှတ်၂-H အမှတ် ၄၇၂L/၃၊ ဧရိယာ ၀ဒသမ၆၁၇ ဂရန်ရှိမြေပိုင်မြေကွက်နှင့်စပ်လျဉ်း၍ (၁)ဒေါ်ခင်မကြီး၊ (၂)ဒေါ်ခင်မကလေး၊ (၃)ဒေါ်ခင်ခင်ကြီး၊ (၄)ဒေါ်ခင်ခင်လတ်၊ (၅)ဒေါ်ခင်လေးကြီး၊ (၆)ဒေါ်ခင်လေးငယ်၊ (၇)ဒေါ်စုစု၊ (၈)ဒေါ်ခင်စန်းဦးတို့(၈)ဦးမှ ဦးဇော်ဇော်နိုင်နှင့် ဒေါ်ရီရီမြင့် အမှတ် (၆၅)၊ ခရေပင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် နေထိုင်သူတို့နှစ်ဦးအား ၃-၆-၂၀၁၃ ရက်စွဲပါရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာ (Special Power of Attorney)မှတ်ပုံတင်အမှတ် (၈၈၃၁/၂၀၁၃)ကို ဤကြော်ငြာပါသည့်ရက်မှစ၍ လွှဲအပ်ခြင်းကို ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဝီလျံ(ခ)ဦးကျော်စိုး တရားလွှတ်တော်ရှေ့နေ စဉ်-၁၂၃၄/၇၁

ဦးဝင်းမြင့် တရားလွှတ်တော်ရှေ့နေ စဉ်-၄၉၁၆/၈၉

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ် တွင်းငယ် အထက ဆဠမတန်း(A)မှ မသက်မွန်မြင့်၏ ဖခင်အမည်မှန်မှာ ဦးသေး(ခ)ဦးဖိုးသေး ၉/သပက(နိုင်)၀၆၈၀၄၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇရပ်ကွင်း အထက တက္ကသိုလ်ဝင်တန်း(C)မှ မနှင်းဝေခိုင်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဌေး(ခ)ဦးဝင်းဇော်ဌေး ၉/စကန(နိုင်)၀၆၆၉၈၁ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ပုဗ္ဗသီရိရပ်)၊ မြေဧရိယာ(သုညဒသမ၁၁၀)ဧက၊ မြေကွက်အမှတ်(ပ-၂၂၂၅၅)၊ ဦးအောင်အောင် ၁၄/ရကန(နိုင်)၀၀၄၅၃၄ (ဘ)ဦးကြာတင် အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်စာချုပ်မြေကွက်ကို ဒေါ်မျိုးအေး ၁၄/ရကန(နိုင်)၀၀၀၃၇၆ (ဘ)ဦးကြာတင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ်(၆၁/၂၂-၈-၂၀၁၇)တင်ပြ၍ မြေကွက်အမည်ပေါက်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၆)ရပ်ကွက်၊ ပင်းယ(၁)လမ်း၊ အမှတ်(၁၁၀၆)၊ မြေအကျယ် ပေ(၄၀×၆၀)ဦးချစ်စိန်(ကွယ်လွန်) အမည်ပေါက် ပါမစ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးဇော်မင်းဦး ၁၄/မအန(နိုင်)၁၂၁၃၆၄မှ ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသူအဖြစ် ဝန်ခံကတိပြု၍ ဒေါ်မြမြအေး ၁၂/သဃက(နိုင်)၀၂၄၀၅၀ အား ရောင်းချရာ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြမြအေး

ဖုန်း-၀၉-၇၈၀၅၄၇၈၈၀၊ ၀၉-၇၉၆၂၅၈၇၂၅၊ ၀၉-၅၀၈၃၅၈၉

ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးငွေပေါ် ၉/မခန(နိုင်)၁၃၆၇၈၂ ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/4011 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

မှတ်ပုံတင်နံပါတ်အမှန်

မြစ်ကြီးနားတက္ကသိုလ်၊ ပထမနှစ်မှ မောင်ဇော်ဆာတား၊ ရွှေဘိုတက္ကသိုလ်၊ တတိယနှစ်မှ မဆီလီမီး၊ ကသာအထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဟိန်းသန့်တို့၏ဖခင် မှတ်ပုံတင်နံပါတ်အမှန်မှာ ဦးခေါတင်(ခ)ဦးဇော်ဝင်း ၅/ကသန(နိုင်)၁၂၂၅၇၁ ဖြစ်ပါကြောင်း။

ဦးခေါတင်(ခ)ဦးဇော်ဝင်း

မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(C)မှ မအိဖြိုးအောင်၏ မိဘအမည်မှန်မှာ ဦးမင်းဟန် ၅/မရန(နိုင်)၂၄၃၇၀၄နှင့် ဒေါ်စန်းစန်းနွယ် ၅/မရန(နိုင်)၃၀၄၁၈၅ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ အထက (ကြေးနီ-မိုင်း) တက္ကသိုလ်ဝင်တန်းမှ မောင်ဝိုင်းသူ၏ ဖခင်အမည်မှန်မှာ ဦးနိုင် ၅/ဆလက(နိုင်)၀၀၈၇၉၉ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

အထက(၃) မုံရွာ၊ တက္ကသိုလ်ဝင်တန်း (F) ဘောဂတွဲမှ မအကြင်နာဦး၏ ဖခင် ဦးအိုက်စော၏ အမည်မှန်မှာ ဦးမောင်စော ၅/ဟမလ(နိုင်)၀၄၉၂၉၃ ဖြစ်ပါကြောင်း။

ဦးမောင်စော

ဖခင်အမည်မှန်

မန္တလေးမြို့၊ VEC ကိုယ်ပိုင်အထက်တန်းကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ နန်းချမ်းမြေ့စန္ဒာမောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်လှ ၁/ဗမန(နိုင်)၀၃၈၈၈၀ ဖြစ်ပါကြောင်း။

ဦးမောင်လှ

တစ်ဦးတည်းဖြစ်ပါကြောင်း

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ခုံအမှတ် စစ-၉၄၉ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည့် ဦးရဲထွန်းဝင်း၏ သမီး မအိရွှေဇင်ထွန်းနှင့်မအိရွှေစင်ထွန်း ၅/စကန(နိုင်)၂၆၁၄၃၀မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

မအိရွှေဇင်ထွန်း(ခ)မအိရွှေစင်ထွန်း

နိုင်ငံတကာဘောလုံးလောက သတင်းတိုများ

- ကမ္ဘာ့ဖလားခြေစဉ်ပွဲစဉ်အဖြစ် ဂရိနှင့်ပွဲစဉ်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော ဘယ်လ်ဂျီယံအသင်းသည် လာမည့်နွေရာသီ ရုရှားနိုင်ငံ၌ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲသို့ ခြေစစ်ပွဲအောင်မြင်သော ပထမဆုံး ဥရောပအသင်း ဖြစ်လာခဲ့ကြောင်း သိရသည်။ အုပ်စု (H) တွင် ဦးဆောင်လျက်ရှိသော ဘယ်လ်ဂျီယံအသင်းသည် ကစားရန်နှစ်ပွဲကျန်ရှိနေသေးသော်လည်း အဆင့် ၂ နေရာတွင် ရပ်တည်နေသော ဘော့စနီးယားအသင်းကို ရှစ်မှတ်ဖြတ်ထားနိုင်ခဲ့သည်။ ဘယ်လ်ဂျီယံအသင်းသည် လက်ကျန်နှစ်ပွဲအဖြစ် အောက်တိုဘာ ၇ ရက်နှင့် ၁၀ ရက်တို့တွင် ဘော့စနီးယားအသင်းနှင့် ဆိုက်ပရပ်အသင်းတို့ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။
- အုပ်စု (A)တွင် ယှဉ်ပြိုင်ကစားလျက်ရှိသော နယ်သာလန်အသင်းသည် ဘူလ်ဂေးရီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိလိုက်သောကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ဆက်လက်ရှင်သန်လာခဲ့သည်။ နယ်သာလန်အသင်းသည် ရှစ်ပွဲကစားထားရာတွင် ရမှတ် ၁၃ မှတ်ဖြင့် အဆင့် (၃) နေရာတွင် ရပ်တည်လျက်ရှိပြီး အဆင့် (၂) နေရာတွင် ဆွီဒင်အသင်းက ရမှတ် ၁၆ မှတ်ဖြင့် ရပ်တည်လျက်ရှိကာ အုပ်စုထိပ်ဆုံးတွင် ပြင်သစ်အသင်းက ရမှတ် ၁၇ မှတ်ဖြင့် ဦးဆောင်လျက်ရှိသည်။ နယ်သာလန်အသင်းသည် လာမည့် အောက်တိုဘာ ၈ ရက်တွင် ဘယ်လာရုစ်အသင်း၊ ၁၁ ရက်တွင် ဆွီဒင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။
- အီတလီအသင်းသည် ယနေ့တွင် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အစ္စရေးနှင့်ပွဲစဉ်အတွက် ဇက်ပါကော်စတာကို အားဖြည့်ခေါ်ယူထားကြောင်း သိရသည်။ ၎င်းသည် အပြောင်းအရွှေ့ကာလ ပိတ်သိမ်းချိန်တွင် စီးရီးအေကလပ်တိုရီနိုအသင်းမှ အင်္ဂလန်ကလပ် ချယ်လ်ဆီးအသင်းထံသို့ အပြီးသတ် ပြောင်းရွှေ့ခဲ့သူဖြစ်သည်။
- ချယ်လ်ဆီးတောင်ပံကစားသမား ဟာဇက်သည် ယခုရာသီတွင် ချယ်လ်ဆီးအသင်းနှင့်အတူ အခြားသော ဆုဖလားများထက် ချန်ပီယံလိဂ်ဖလား ရရှိရန်သာ အာရုံစူးစိုက်သွားမည်ဖြစ်ကြောင်း သိရသည်။ ၎င်းသည် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်၊ အီးအက်ဖ်အယ်လ်နှင့် ယူရိုပါလိဂ် ဖလားတို့ကို စတန်းဖို့ဒ်ဘရစ်ဒ် ငါးနှစ်အတွင်း ရယူပေးထားနိုင်ခဲ့ကာ ပြီးခဲ့သောနှစ်တွင် ချယ်လ်ဆီးအသင်းအတွက် ပြိုင်ပွဲစုံ ၁၇ ဂိုးသွင်းယူပေးထားနိုင်ခဲ့ကြောင်း သိရသည်။ **ဇော်ဇော်**

❊ကျောဖုံးမှ

ဂိုးပြတ်သွားခြင်းဖြစ်သည်။ ထိုင်းအသင်းသည် အုပ်စုတွင် ဆီမီးဖိုင်နယ်တက်ရောက်ရန် ရေပန်းစားလျက်ရှိပြီး အဖွင့်ပွဲတွင် လိုအပ်နေသည့် အနိုင်သုံးမှတ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ခြေစွမ်းပိုင်းကွာဟမှုကြောင့် နာမည်ကြီး ထိုင်းအသင်းသည်ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး ခြေအသာဖြင့် ကစားနိုင်ခဲ့သည်။ ပွဲအစတွင် ထိုင်းအသင်းမှသွင်းယူသည့် ဂိုးဝင်ခဲ့သော်လည်း လူကျွံဘောအဖြစ် သတ်မှတ်ခံရ၍ နှစ်နာခဲ့ရသည်။ ထိုင်းအသင်းသည် တောက်လျှောက် ဖိကစားနေသော်လည်း မိနစ် ၄၀ ကျော်မှ ဂိုးရခဲ့ပြီး ၄၂ မိနစ်တွင် အီကန်နစ်ပန်ရာက အဝေးမှ ကန်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် တီမောအသင်းက တိုက်စစ်အားမြှင့်လာခဲ့ပြီး ထိုင်းဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။ တီမောအသင်း ချေပဂိုးရန်ငိုသည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ နှစ်နာခဲ့ရသည်။ ဂိုးထပ်မံရရန် ရုန်းကန်နေရသည့် ထိုင်းအသင်းသည် ၈၂ မိနစ်တွင် တီမောနောက်ခံလူ လက်ထိခဲ့၍ ပယ်နယ်တီကန်ခွင့်ရခဲ့ပြီး နာတာဝပ်က သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရခဲ့သည်။ ထိုင်းအသင်းအတွက် တတိယဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုင်းတွင် ချိုင်ဝပ်က အဝေးမှ ကန်သွင်းယူခဲ့သည်။

အောင်ဆန်းကွင်း၌ကျင်းပသောပွဲတွင် မလေးရှားအသင်းက လာအိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ကျင်းပသောပွဲတွင် စင်ကာပူအသင်းက ကမ္ဘောဒီးယားအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။အုပ်စု(ခ) ပွဲစဉ်များကို စက်တင်ဘာ ၅ ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၃ နာရီတွင် ဖိလစ်ပိုင်နှင့် ဘရူနိုင်း၊ ညနေ ၆ နာရီတွင် အိမ်ရှင်မြန်မာနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမည်ပြောင်း

ဦးစိုးမိုးအောင်-ဒေါ်ကြူကြူသင်းတို့၏ သား ပုသိမ်မြို့ အထက(၂) တက္ကသိုလ် ဝင်တန်း(E)မှ မောင်စွမ်းထက်ပိုင် ၁၄/ပသန(နိုင်)၂၉၀၆၉၀အား ယနေ့မှစ၍ မောင်ရှင်းခန့်အောင်ဟု ပြောင်းလဲခေါ်ဝေါ်ရန်။

မိဘအမည်မှန်

အထက ဓိုးကောင်း၊ ပျော်ဘွယ်မြို့၊ G-9မှ မခြတ်နိုးဝေ(၂၆၀)၊ G-4မှ မလှမျိုးဝေ(၁၉၉၇)တို့၏ မိဘအမည်မှန်မှာ ဦးအောင်ရှိန်နှင့် ဒေါ်မြတ်ရွေဝတ္ထုနှင်းဖြစ်ပါကြောင်း။

မိဘအမည်မှန်

အထက(၁)ပျော်ဘွယ်၊ G-9(D)မှ မောဇာဝင်း(၉၈၃၅)၊ အလက-ရွာသစ်(၇)G-6မှ မောင်အောင်သီဟဖြိုး(၄၅၁)တို့၏ မိဘအမည်မှန်မှာ ဦးဝင်းဗိုလ် ၉/ပဘန(နိုင်)၁၁၈၅၅၈၄နှင့် ဒေါ်ခင်ဌေး ၉/ပဘန(နိုင်)၀၄၉၁၆၈ ဖြစ်ပါကြောင်း။

မိခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်သီဟဇော်၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေဆွေလင်း ၅/ရာဘန(နိုင်)၂၃၅၄၁၉ ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈၉/၅၄၈၂၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကယားပြည်နယ်၊ လွိုင်ကော်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဆေးဝါးများဝယ်ယူရန်ရှိပါသဖြင့် စိတ်ဝင်စားသော ကုမ္ပဏီများထံမှ FDA အသိအမှတ်ပြုဆေးဝါးများအား တင်သွင်းရန် အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းမျဉ်းစည်းကမ်း အသေးစိတ်စာရင်းနှင့်တင်သွင်းရမည့်ဆေးဝါးများ အသေးစိတ်စာရင်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လွိုင်ကော်မြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်း-၀၈၃-၂၂၂၁၀၈၆သို့ဖြစ်စေ ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၉-၂၀၁၇ရက်
တင်ဒါပိတ်မည့်ရက် - ၅-၁၀-၂၀၁၇ရက်
တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကယားပြည်နယ်၊ လွိုင်ကော်မြို့

အမည်ပြောင်း

ဦးသန်စင် ၇/ညလပ(နိုင်)၀၀၂၃၁၏သမီး သုဝဏ္ဏ ပညာနန်းတော်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဆုလာဒ်ပြည့်ဖြိုးအား မဆုလာဒ်ပြည့်ဖြိုးဟု ပြောင်းလဲခေါ်ဝေါ်ရန်။

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6H/2912 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

ဖခင်အမည်မှန်

ဝဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့ နယ် အထက(ခွဲ) ညောင်ပိုင်း တက္ကသိုလ်ဝင်တန်းမှ မကျော်သက်မွန် သတ္တမတန်းမှ မောင်ဆေလင်းထက်မောင်တို့၏ ဖခင် အမည်မှန်မှာ ဦးကြည်နိုင် ၇/လပတ(နိုင်)၁၁၅၁၃၈ ဖြစ်ပါကြောင်း။

မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျပင်းကျေးရွာနေ ဦးဝင်းနိုင်ဦး ၈/စလန(နိုင်)၁၀၇၀၂၏သမီး ဆင်ဖြူကျွန်းမြို့ အေးရိပ်သည် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမိုမိုကို၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၁-၂၀၀၂ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ယက်မ (အထက) တက္ကသိုလ်ဝင်တန်း(D)မှ မောင်မင်းခန့်မောင်၏ ဖခင်အမည်မှန်မှာ ဦးလေလင်းအောင် ၈/မမန(နိုင်)၁၇၀၀၈၈ ဖြစ်ပါကြောင်း။ **ဦးဝေလင်းအောင်**

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်အသင်း(ရန်ကုန်)၏ ဒုတိယဥက္ကဋ္ဌ(၂) ဖြစ်သူ ဒေါ်သိနီးရှင် (ရာသက်ပန်)အသင်းဝင်အမှတ် (၄၉)၏မြေးခရိုက်သစ်ရွာ၊ ဦးကျော်စွာ-ဒေါ်ခင်ဥမ္မာကျော်(ရာသက်ပန်)အသင်းဝင်အမှတ်(၂၄၄)၏သမီး မဖူးပွင့်သူသည် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူး(၆)ဘာသာဖြင့် ထူးချွန်စွာအောင်မြင်၍ ဆေးတက္ကသိုလ် တက်နေစဉ် အင်္ဂလန်နိုင်ငံ New Castle University Internation of Foundation Scholarship စာမေးပွဲဝင်ရောက် ဖြေဆိုအောင်မြင်ပြီး Physical Science and Engineering ဘာသာရပ်ကို 100% Scholarship သင်ကြားခွင့်ရရှိသဖြင့် မိသားစုနှင့်အတူဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် အထူးကုပါရဂူဘွဲ့အထိ သင်ကြားအောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

အသင်းသားရောင်းရင်းများ

CLAIMS DAY NOTICE
M.V MORNING MENAD VOY:NO(124)

Consignees of cargo carried by M.V MORNING MENAD VOY:NO (124) are here by notified that the vessel will arrive on about 9-9-17 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက် ကြည့်ရှု စစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ဖခင်အမည်မှန်

မြင်းမူမြို့ အထက(၁)တက္ကသိုလ်ဝင်တန်း(D)မှ မောင်အေးမင်းကျော်နှင့် ရွှေဘိုမြို့နယ် အထက(ဆင်အင်း)ဆဋ္ဌမတန်းမှ မောင်မျိုးချစ်ဇော်တို့၏ ဖခင်အမည်မှန်မှာဦးလှမိုး ၅/ဒပယ(နိုင်)၀၁၀၅၄၀ဖြစ်ပါကြောင်း။ **ဦးလှမိုး**

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ ကတော အထက ကျောင်း(ခွဲ)ဒသမတန်းမှ မဆွေသာကိုဦး၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင် ၉/မခန(နိုင်)၀၇၅၃၂၁ဖြစ်ပါကြောင်း။ **ဦးကြည်လွင် ၉/မခန(နိုင်)၀၇၅၃၂၁**

ဖခင်အမည်မှန်

မြင်းခြံမြို့နယ်၊ အထက(၁)ဒသမတန်းကုံကော်အဆောင်မှ မခန္ဒာအောင်နှင့် အဋ္ဌမတန်း ငဝါအဆောင်မှ မခန္ဒာအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကိုကိုထွေး ၉/မခန(နိုင်)၀၇၈၇၂၂ဖြစ်ပါကြောင်း။ **ဦးကိုကိုထွေး ၉/မခန(နိုင်)၀၇၈၇၂၂**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၅၊ နည်းဥပဒေ-၂၀)
လေးမျက်နှာဖြို့နယ်တရားရုံး
၂၀၁၇ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၇

ဦးစန်းအောင် နှင့် ၁။ တင်မောင်သန်း(ခ)ဘိုချုပ်
၂။ ခိုင်ဖိုင်ဝေ

တရားလို **တရားပြိုင်များ**

လေးမျက်နှာမြို့နယ်၊ လှော်ကထားကျေးရွာအုပ်စု၊ လယ်ဦးစုရွာနေ (ယခုနေရပ် လိပ်စာမသိ) (၁)တရားပြိုင် တင်မောင်သန်း(ခ)ဘိုချုပ် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးငွေနှင့် လယ်ငှားခ စပါးတင်း(၂၂၀) အတွက် ကျပ်(၄၇၅၀၀၀)ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၇ခုနှစ်၊ စက်တင်ဘာ ၂၇ရက်(၁၃၇၉ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ရက်)နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုပြုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည့်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ်၊ သြဂုတ် ၃၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်အောင်)
မြို့နယ်တရားသူကြီး
လေးမျက်နှာမြို့နယ်တရားရုံး

မိဘအမည်မှန်

ဆိပ်ဖြူမြို့၊ အထက တက္ကသိုလ်ဝင်တန်းမှ မခိုင်ဇင်သက်၏ မိဘအမည်မှန်မှာ ဦးမောင်မြင့်(ခ)ဦးမြင့် ၈/ဆဖန(နိုင်)၀၁၀၄၈၄နှင့် ဒေါ်ခင်စန်းရင်(ခ)ဒေါ်ခင်စန်းရီ ၈/ဆဖန(နိုင်)၀၁၅၂၄၄တို့ ဖြစ်ပါကြောင်း။ **ဦးမောင်မြင့်-ဒေါ်ခင်စန်းရင်**

ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ် အလက(ခွဲ)ကျားကွဲကျေးရွာ အဋ္ဌမတန်းမှ မအိသဉ္ဇာ၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော်မြင့် ၈/ဆဖန(နိုင်)၀၆၁၅၂၇ ဖြစ်ပါကြောင်း။ **ဦးသိန်းဇော်မြင့်**

အမည်မှန်

ပခုက္ကူမြို့နယ် သရက်တောအုပ်စု အင်ပိုင်းကျေးရွာနေ ကျွန်တော်၏ အမည်မှန်မှာ ဦးကျော်ဝင်းလွင် ၈/ပခက(နိုင်)၁၆၁၉၀၀ ဖြစ်ပါကြောင်း။

အမည်မှန်

ပခုက္ကူမြို့၊ (၄)ရပ်ကွက် သီရိလမ်းနေ မသက်ဝံဖူး၏ ဖခင် အမည်မှန်မှာ ဦးမိုဘမင်းအစ္စမေး ၈/ပခက(ပြု)၀၀၀၀၀၂ ဖြစ်ပါကြောင်း။

အမည်မှန်

ပခုက္ကူမြို့၊ အမေ့အိမ်ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မမိုးသီရိကို၏ ဖခင်အမည်မှန်မှာ ဦးသန်းဌေးဦး ၈/ပခက(နိုင်)၂၃၀၇၂၇ ဖြစ်ပါကြောင်း။

သွေးသည် အသက်

တရုတ်နိုင်ငံတွင် မာဝါတိုင်ဖွန်းမုန်တိုင်းတိုက်ခတ် လူပေါင်းခုနစ်သောင်းခန့်ပြောင်းရွှေ့

ပေကျင်း စက်တင်ဘာ ၄

တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း (၁၆) ကြိမ်မြောက်တိုင်ဖွန်းမုန်တိုင်းမာဝါသည် ကွမ်တုံပြည်နယ်သို့ ယမန်နေ့ညက ဝင်ရောက်တိုက်ခတ်ပြီး ယခုအချိန်တွင် လူပေါင်းခုနစ်သောင်း ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ရကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းတစ်ရပ်တွင် စက်တင်ဘာ ၄ ရက်ကဖော်ပြခဲ့သည်။

မုန်တိုင်း တိုက်ခတ်မှုကြောင့် ကျူဟိုင်၊ ကျဲရှုန်၊ ဒုံဂွမ်နှင့် ရှန်ကျန်းဆို စသည့် အနည်းဆုံး မြို့လေးမြို့တွင် စက်တင်ဘာ ၄ ရက်က အနီရောင်အဆင့် သတိပေးမှုများပြုလုပ်ခဲ့ရကြောင်း သိရသည်။

ကျူဟိုင်ရေဘေးထိန်းချုပ်ရေးဌာနချုပ်က ရေကြီးမှုများဆက်လက်ဖြစ်ပေါ်သဖြင့် စာသင်ကျောင်းများကိုပိတ်ထားရန် ကြေညာချက်များ ထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်း မာဝါသည် ကွမ်တုံပြည်နယ် လူဖန်မြို့သို့ စက်တင်ဘာ ၃ ရက်ညက ဝင်ရောက်တိုက်ခတ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်စဉ် အဆိုပါဒေသတွင် မိုးသည်းလေထန်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းမရောက်ခင် ကမ်းဝေးငါးဖမ်းသမား တစ်သောင်းခန့် ကမ်းခြေသို့ ပြန်လည်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။ ထို့အတူ မြေနိမ့်ဒေသရှိ လူငါးသောင်းကျော်လည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်းသိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် ကွမ်တုံပြည်နယ်ရေဘေးထိန်းချုပ်ရေးဌာနက ရေလွှမ်းမိုးမှုဖြစ်ပေါ်နိုင်ပြီး မြေပြိုမှုများ ဖြစ်လာနိုင်ကြောင်း သတိပေးထားသည်။

(ဆင်ဟွာ)

မုန်တိုင်းတိုက်ခတ်မှုကြောင့် မြေပြိုမှုဖြစ်ပွားခဲ့သည့်နေရာများတွင် စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်

မြောက်ကိုရီးယားနိုင်ငံက နျူကလီးယားစမ်းသပ်မှုပြုလုပ်ပြီးနောက် တိုက်ချင်းပစ်ဒုံးကျည်စမ်းသပ်ပစ်လွှတ်လာနိုင်ကြောင်း တောင်ကိုရီးယားသတိပေး

ဆိုးလ် စက်တင်ဘာ ၄

မြောက်ကိုရီးယားနိုင်ငံသည် ခြောက်ကြိမ်မြောက်အကြီးမားဆုံးနျူကလီးယားစမ်းသပ်မှုကို ပြုလုပ်ခဲ့ပြီးနောက်တွင် နောက်ထပ် ဒုံးကျည်ပစ်လွှတ်မှုများ ပိုမိုလုပ်ဆောင်လာနိုင်သည့် အရိပ်အယောင်ရှိသည့်အတွက် ကိုရီးယားကျွန်းဆွယ်သို့ လေယာဉ်တင်သင်္ဘောများနှင့် ဗုံးကြဲလေယာဉ်များကို ဖြန့်ကြက်ထားရန် တောင်ကိုရီးယားနိုင်ငံက တနလ်ာနေ့တွင် အမေရိကန်သို့ ပြောကြားခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြောက်ကိုရီးယားနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုအသစ်များထပ်မံပြုလုပ်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်ရန်ပြင်ဆင်လျက်ရှိသည်။ အမေရိကန်သမ္မတဒေါ်နယ်ထရန့်သည် စစ်ရေးအရတတ်နိုင်သမျှ ကြိုတင်ပြင်ဆင်မှုပြုလုပ်ထားရန် တိုက်တွန်းခြင်းခံနေရကြောင်း အမေရိကန်ကာကွယ်ရေးအကြီးအကဲတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ဒုံးကျည်စမ်းသပ်ပစ်လွှတ်မှုလုပ်ဆောင်ခဲ့သည့်နေရာအနီးတစ်ဝိုက်တွင်လှုပ်ရှားဆောင်ရွက်နေမှုများအရ မြောက်ကိုရီးယားသည် နောက်ထပ်ဒုံးကျည်စမ်းသပ်မှုများ ထပ်မံပြုလုပ်ရန် ပြင်ဆင်နေသည်ဟု ယူဆရကြောင်း ဖော်ပြထားသည်။

မြောက်ကိုရီးယားသည် ပြီးခဲ့သည့် ဇူလိုင်လအတွင်းက ကီလိုမီတာတစ်သောင်းခန့်အထိ ပျံသန်းနိုင်သည့် တိုက်ချင်းပစ်ဒုံးကျည်နှစ်စင်းကိုစမ်းသပ်ခဲ့ပြီး ထိုသို့စမ်းသပ်ခဲ့မှုအတွက် နိုင်ငံတကာက တင်းမာသည့်အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့ကြသည်။ တနင်္ဂနွေနေ့တွင် မြောက်ကိုရီးယားက နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက် တောင်ကိုရီးယားလေကြောင်းအင်အားစုများနှင့် တောင်ကိုရီးယားတပ်မတော်သည် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

စစ်ရေးလေ့ကျင့်မှုအပြင် တောင်ကိုရီးယားသည် အမေရိကန်နှင့် ပူးပေါင်းလျက် လေယာဉ်တင်သင်္ဘောများနှင့် မဟာဗျူဟာမြောက်သည့် ဗုံးကြဲလေယာဉ်များကို ကိုရီးယားကျွန်းဆွယ်ပေါ်တွင်ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

မာရဝီထိုးစစ်အတွင်း အကြမ်းဖက်ခါင်းဆောင်တစ်ဦးကျဆုံးသည်ဟုဆို

မနီလာ စက်တင်ဘာ ၄

ဖိလစ်ပိုင်တောင်ပိုင်း မာရဝီမြို့ကို ပြန်လည်ရရှိရေး ထိုးစစ်ဆင်နွှဲမှုတွင် အစ္စလာမ္မစ်အစွန်းရောက် မူတီးအဖွဲ့မခေါင်းဆောင်တစ်ဦး သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်စစ်ဘက်ဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦးက စက်တင်ဘာ ၄ ရက်တွင် ပြောခဲ့သည်။

လူမှုမီဒီယာမှ ကောက်နုတ်ရယူသော သတင်းအချက်အလက်အရ အနောက်မင်ဒါနာအိုစစ်ဌာနချုပ်တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ကာလ်လစ်သိုဂါလ်ဗက်ဇ်က တပ်မတော်အနေဖြင့် အဗ္ဗဒူလာမိတ်စ်သည် သေဆုံးပြီဖြစ်သည်ဟု ယုံကြည်ခဲ့ကြောင်း ပြောခဲ့သည်။

အဗ္ဗဒူလာမိတ်စ်သည် သေဆုံးပြီဖြစ်ကြောင်း မာရဝီမြို့ရှိ သတင်းစာရှင်းလင်းပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ဂါလ်ဗက်ဇ်က ပြောခဲ့သည်။ သို့သော်လည်း ၎င်း၏အစ်ကိုဖြစ်သူ အိုမာခါရမ်မှာမူ အသက်ရှင်ဆဲဖြစ်ကြောင်း ဂါလ်ဗက်ဇ်က ပြောခဲ့သည်။ အကြမ်းဖက်ခေါင်းဆောင်များနှင့်ပတ်သက်ပြီး မည်သည့်သတင်းမျှမရသေးကြောင်း သမ္မတ၏ပြောရေးဆိုခွင့်ပုဂ္ဂိုလ် အားနက်စ်တိုအဘီလာက ပြောခဲ့သည်။

အဗ္ဗဒူလာနှင့် အိုမာခါရမ်တို့သည် မေ ၂၃ ရက်မှစကာ စစ်သွေးကြွများကို ဦးဆောင်ပြီး မာရဝီဒေသတွင် အကြမ်းဖက်တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါအဖွဲ့အား မူတီးအဖွဲ့ဟုခေါ်ကြောင်း၊ ၎င်းတို့သည် အိုင်အက်စ်အစွန်းရောက်အကြမ်းဖက်သမားတို့၏ ကားစာခံများဖြစ်ကြောင်း၊ ၎င်းတို့နှစ်ဦးသည် မာရဝီကိုတိုက်ခိုက်ရန် အစီအစဉ်ရေးဆွဲခဲ့သူများဖြစ်ကြောင်း သိရသည်။

မာရဝီတွင် ယခုအချိန်အထိ တည်ငြိမ်မှုမရသေးဘဲ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိရာ ပြည်သူ ၈၀၀ သေဆုံးခဲ့ပြီး ငါးသိန်းကျော်ပြောင်းရွှေ့မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အစိုးရတပ်ဖွဲ့များက အဆိုပါဒေသကို ပြန်လည်ရရှိရေး ထိုးစစ်ဆင်နွှဲမှုများ ဆက်လက်ပြုလုပ်လျက်ရှိသည်။ ဖိလစ်ပိုင်တပ်မတော်က ဖိလစ်ပိုင်တောင်ပိုင်းတွင် ဖြစ်ပွားသော အကြမ်းဖက်ဆူပူမှုများတွင် အဆိုပါ မူတီးအကြမ်းဖက်အုပ်စုကို အပြစ်တင်လျက်ရှိသည်။

(ဆင်ဟွာ)

ရထားပို့ဆောင်ရေးဝန်ကြီး ဓူရတ်ရှ်ပရာဘူ ရာထူးမှနုတ်ထွက်ပြီးနောက် ဝန်ကြီးသစ်အဖြစ် ပီရွတ်ရှ်ဂိုရယ်ဆောင်ရွက်

နယူးဒေလီ စက်တင်ဘာ ၄

အိန္ဒိယနိုင်ငံတွင် ရက်အနည်းငယ်အတွင်း ရထားလမ်းချော်တိမ်းမှောက်မှုကြီး နှစ်ကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် ရထားပို့ဆောင်ရေးဝန်ကြီး ဓူရတ်ရှ်ပရာဘူသည် ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း သိရသည်။

အိန္ဒိယဝန်ကြီးချုပ်မိုဒီ၏ အစိုးရအဖွဲ့အတွင်းရှိဝန်ကြီးများအားအပြောင်းအလဲပြုလုပ်မှုအရ ယခုအခါရထားပို့ဆောင်ရေးဝန်ကြီးသစ်အဖြစ် စွမ်းအင်၊ကျောက်မီးသွေးနှင့် သတ္တုတွင်းဆိုင်ရာ ပြည်နယ်ဝန်ကြီးဖြစ်သည့် ပီရွတ်ရှ်ဂိုရယ်က ရထားပို့ဆောင်ရေးဝန်ကြီးသစ်အဖြစ် တာဝန်ယူဆောင်ရွက်ရန် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

ရာထူးမှနုတ်ထွက်သွားသည့် ဝန်ကြီးဟောင်းဓူရတ်ရှ်ပရာဘူသည် ရထားပို့ဆောင်ရေးဌာနဓိသားစုဝင်များ၏ ကူညီပေးခဲ့မှုများအတွက် ကျေးဇူးတင်ကြောင်း တွစ်တာပေါ်တွင် ရေးသားခဲ့သည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် တိုးမြှင့်ခြင်းခံရသည့် ဂိုရယ်နှင့်တကွ အခြားသောပြည်ထောင်စုဝန်ကြီးများအတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မိုဒီအစိုးရလက်ထက်တွင် ဓူရတ်ရှ်ပရာဘူပြီးနောက် ပီရွတ်ရှ်ဂိုရယ်သည် သုံးယောက်မြောက် ရထားပို့ဆောင်ရေးဝန်ကြီးဖြစ်လာခဲ့သည်။

(အေပီ)

နိုင်ငံတကာ သတင်းတိုထွာ

ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွအဖွဲ့ အစိုးရအင်အားစုများကိုရှုံးနိမ့်

ဒမတ်စကတ် စက်တင်ဘာ ၄

ဆီးရီးယားနိုင်ငံအတွင်းရှိအကြမ်းဖက်အုပ်စုမှန်သမျှကို အပြီးချေမှုန်းနိုင်တော့မည်ဖြစ်ကြောင်း နိုင်ငံတကာက မျှော်လင့်ထားသကဲ့သို့ပင် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများသည် နေ့စဉ်နှင့်အမျှ ရှုံးနိမ့်မှုများနှင့် ရင်ဆိုင်ရလျက်ရှိကြောင်း သိရသည်။

အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယားအစိုးရတပ်ဖွဲ့ဝင်အင်အားစုများ၏ ပစ်မှတ်ထားခြင်းကို ခံနေရပြီး ရုရှားလေကြောင်း တိုက်ခိုက်ရေးအင်အားစုများနှင့် အီရန်တို့ကျော ထောက်နောက်ခံပေးထားသည့် အုပ်စုများက ဆီးရီးယားအစိုးရတပ်ဖွဲ့များကို ကူညီပေးလျက်ရှိသည်။

ပြီးခဲ့သည့် လနှောင်းပိုင်းက လစ်ဘနွန်အနီးရှိ ကွာလာမောင်ဒေသအနောက်ပိုင်း ကွာရာမြို့တွင် ဆီးရီးယားတပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွများကို အနိုင်ရရှိခဲ့သည်။ **(ဆင်ဟွာ)**

နီပေါနယ်စပ်တွင် ကုန်သွယ်ရေး မြှင့်တင်မည်

ခတ္တမန်ဒူ စက်တင်ဘာ ၄

ရာဆူဝါဂါဒီ-ကီရမ်နယ်စပ်ကို မကြာသေးမီက နိုင်ငံတကာဆိုင်ရာနယ်စပ်အဖြစ် အဆင့်မြှင့်တင်ခဲ့ပြီးနောက်တွင် နီပေါနှင့်တရုတ်နိုင်ငံအကြားကုန်သွယ်ရေးနှင့် ခရီးသွားလာရေးကဏ္ဍကိုမြှင့်တင်နိုင်လိမ့်မည်ဟု နီပေါနိုင်ငံမှ စီးပွားရေးလုပ်ငန်းခေါင်းဆောင်များက မျှော်မှန်းလျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသအဆင့်မြှင့်တင်မှုပြုလုပ်ခဲ့ပြီးနောက် နီပေါနိုင်ငံသားများနှင့် တရုတ်နိုင်ငံသားများအပြင်နိုင်ငံတကာခရီးသွားများအတွက်ပါ အဆိုပါနယ်စပ်ကို ဖွင့်လှစ်ပေးလိုက်သည်ဟု ဖော်ပြထားသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်ဧပြီလတွင် နီပေါနိုင်ငံ၌ ကြောက်မက်ဖွယ်ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ပြီးအချိန်မှ စတင်ကာ တာတိုပနီ-ခါဆာနယ်စပ်ကို ပိတ်ထားခဲ့ပြီးနောက်တွင် ဂီလောင်ဆိပ်ကမ်းသည် နှစ်နိုင်ငံအကြား တစ်ခုတည်းသော ကုန်သွယ်ရေးအချက်အချာ နေရာဖြစ်ခဲ့သည်။

(ဆင်ဟွာ)

ဘရာဇီးနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန် စီးပွားရေးလုပ်ငန်းစုများအား တရုတ်တွန်းအားပေး

ပေကျင်း စက်တင်ဘာ ၄

တရုတ်နိုင်ငံသည် နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအား ဘရာဇီးနိုင်ငံ၌ ရင်းနှီးမြှုပ်နှံကြရန်နှင့် ဘရာဇီးရှိအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ပူးပေါင်းပါဝင်ကြရန် တွန်းအားပေးလျက်ရှိကြောင်း တရုတ်နိုင်ငံ၏ ဒုတိယသမ္မတဝမ်ရမ်က စနေနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

(ဆင်ဟွာ)

ရွေးကောက်ပွဲအတွက် အကောင်းဆုံးပြင်ဆင်မှုတွေ ပြုလုပ်နေတဲ့ အိန်ဂျလာမာကယ်

ချိုးစန္ဒီနွေး

လာမယ့်သီတင်းပတ်ခြောက်ပတ်အတွင်း ဂျာမနီမှာ ရွေးကောက်ပွဲတွေ ကျင်းပတော့မှာဖြစ်ပါတယ်။ ဂျာမနီဝန်ကြီးချုပ်အိန်ဂျလာမာကယ်က မဲဆွယ်စည်းရုံးမှုတစ်ခုမှာ သူ့ကို အားပေးထောက်ခံသူတွေကို ကျေးဇူးတင်တယ်လို့ ပြောခဲ့ပါတယ်။ နိုင်ငံရေးသမားဆိုတာ ထောက်ခံသူတွေချည်းရှိတာမဟုတ်ပါဘူး။ အိန်ဂျလာမာကယ်မှာလည်း အတိုက်အခံတွေရှိပါတယ်။ လက်ယာယိမ်းနိုင်ငံရေးပါတီက သူ့ကိုမကြိုက်ကြပါဘူး။ အိန်ဂျလာမာကယ်ဟာ သူ့ရဲ့ လေးကြိမ်မြောက်သက်တမ်းအတွက် စက်တင်ဘာ ၂၄ ရက်မှာ ရွေးကောက်ပွဲဝင်မှာပဲဖြစ်ပါတယ်။ သူဟာ ဂျာမနီနိုင်ငံမှာ ၁၁ နှစ်ကျော်ကြာ အာဏာရရှိခဲ့သူလည်း ဖြစ်တယ်။ အာဏာကို အကြာကြီးထိန်းသိမ်းနိုင်ခဲ့သူဖြစ်ပေမယ့် သူ့မှာလည်း အားနည်းချက်လေးတွေ ရှိပါတယ်။

ပြည်သူအချို့က အိန်ဂျလာမာကယ်ကို မကြိုက်ရတဲ့အကြောင်းအရင်းကတော့ သူ့ရဲ့ဒုက္ခသည်တွေကို လက်ခံတဲ့ မူဝါဒကြောင့်ပါပဲ။ ဒီအချက်ဟာသူ့အတွက် အားနည်းချက်ဖြစ်သွားပါတယ်။ သူ့ရဲ့အတိုက်ခံပါတီဖြစ်တဲ့ လက်ယာယိမ်းပါတီအတွက်လည်း အကောင်းဆုံးထိုးနှက်ချက်ဖြစ်သွားခဲ့တယ်။ အိန်ဂျလာမာကယ်ကိုယ်တိုင်လည်း သူ့ရဲ့နောက်တစ်ကြိမ်သက်တမ်းအတွက် ယုံကြည်မှုတွေ လျော့နည်းသွားခဲ့ပါတယ်။

အခုချိန်မှာတော့ အိန်ဂျလာမာကယ်ရဲ့ ပါတီဟာ ၄၀ ရာခိုင်နှုန်းထောက်ခံမှုရရှိထားပြီး ဒါဟာညွန့်ပေါင်းဖွဲ့ဖို့အတွက် လုံလောက်ပါတယ်။ နိုင်ငံရေးလေ့လာသူ အများအပြားကတော့ရွေးကောက်ပွဲမှာ ဘယ်သူနိုင်သွားမှာလဲဆိုတာထက် နောက်တစ်ကြိမ်အစိုးရအဖွဲ့အတွက် အိန်ဂျလာမာကယ်က ဘယ်သူ့ကို ရွေးချယ်မှာလဲဆိုတာကို ပိုပြီးစိတ်ဝင်စားကြပါတယ်။ အိန်ဂျလာမာကယ်ဟာ အခုချိန်မှာတော့ ၆၃ နှစ်ရှိပါပြီ။ တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ သူ့ရဲ့စကားရည်လုပွဲမှာ အဓိကပြိုင်ဘက်တစ်ဦး ဖြစ်တဲ့ ဆိုရှယ်ဒီမိုကရက်တစ်ပါတီက Martin Schulz နဲ့ ရင်ဆိုင်ခဲ့ပါတယ်။ Martin Schulz ဟာ အိန်ဂျလာမာကယ်ကို ခြိမ်းခြောက်နိုင်တဲ့သူ တစ်ယောက်ပါပဲ။ လက်ယာယိမ်းပါတီ အတွက်တော့ အခွင့်ကောင်းပဲဖြစ်တယ်။ ဂျာမနီဟာ ဖက်ဆစ်စနစ်ကျင့်သုံးဖူးတဲ့ နိုင်ငံလည်းဖြစ်တယ်။ ဒီတော့ ဂျာမန်ပြည်သူတွေဟာ အစွန်းရောက်ဝါဒဆိုတာကြီးကို ကြောက်ရွံ့ကြတယ်။ လက်ယာစွန်းတွေ အနိုင်ရပြီး အစွန်းရောက်သွားမှာကို ပြည်သူတွေရော အိန်ဂျလာမာကယ်ပါ စိုးရိမ်တယ်။

အိန်ဂျလာမာကယ်အတွက် အားနည်းချက်ဖြစ်သွားတဲ့ကိစ္စကတော့ ၂၀၁၅ ခုနှစ် ဒုက္ခသည်တစ်သန်းနီးပါးကို ဂျာမနီနိုင်ငံအတွင်း နေထိုင်ဖို့ နယ်စပ်ဂိတ်တွေ ဖွင့်ပေးလိုက်တဲ့ကိစ္စပါပဲ။ ဒီဆုံးဖြတ်ချက်ကြောင့် သူ့ကို လူထုထောက်ခံမှုတွေ လျော့ကျသွားတာပဲဖြစ်တယ်။ ဒါ့ကြောင့်ပဲ လက်ယာယိမ်းပါတီဖြစ်တဲ့ “Alterna-tive For Germany” ဟာ ပါလီမန်အတွင်းကို ဝင်ရောက်ဖို့ အကောင်းဆုံးအခွင့်အရေးရရှိခဲ့တာပဲ ဖြစ်တယ်။

နောက်ပိုင်းမှာတော့ အိန်ဂျလာမာကယ်ဟာ သူ့ရဲ့မူဝါဒတွေကို ပြုပြင်ပြောင်းလဲခဲ့ပါတယ်။ ဂျာမနီနိုင်ငံ အတွင်းမှာ လက်ခံမယ့် ဒုက္ခသည်အရေအတွက်ကို နည်းနိုင်သမျှ နည်းအောင်လုပ်တယ်။ ဒုက္ခသည်ဆိုတဲ့သတ်မှတ်ချက်နဲ့ မပြည့်စုံတဲ့လူတွေကို နိုင်ငံအတွင်းကနေ နှင်ထုတ်တယ်။ ဒုက္ခသည်တွေ ဥရောပကို ရောက်မလာအောင် နည်းမျိုးစုံနဲ့ တားဆီးဖို့ ကြိုးပမ်းတယ်။ ဒါတွေဟာ လူထုထောက်ခံမှုတွေ ပြန်လည်ရရှိဖို့ ကြိုးပမ်းနေတာတွေပဲ ဖြစ်တယ်။ ဂျာမနီနိုင်ငံအတွင်းကို ဒုက္ခသည်တွေ အစုလိုက်အပြုံလိုက်ဝင်ရောက်လာစဉ်တုန်းက ဂျာမန်ပြည်သူတွေဟာ အထိတ်တလန့် ဖြစ်ကုန်ကြတယ်။ အိန်ဂျလာမာကယ်ကတော့ ဒါတွေကို သူကိုင်တွယ်ဖြေရှင်း နိုင်တယ်လို့ပဲ ပြောခဲ့တယ်။ ၂၀၁၆ ခုနှစ် နွေဦးမှာတော့ အိန်ဂျလာမာကယ်ဟာ ဥရောပသမဂ္ဂနဲ့အတူ ပူးပေါင်းပြီး တူရကီသမ္မတနဲ့ သဘောတူစာချုပ် ချုပ်ဆိုခဲ့တယ်။ ဒါကတော့ ဥရောပကို ဝင်လာမယ့် ဒုက္ခသည်တွေကို တားမြစ်ထားပြီး တူရကီက ဒုက္ခသည်စခန်းတွေမှာပဲထားရှိဖို့ပါ။ ဒီစာချုပ်ဟာ အကျိုးဖြစ်ထွန်းမှု အနည်းငယ်တော့ ရှိခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ဂျာမနီနိုင်ငံအတွင်း ဒုက္ခသည် ၈၉၀၀၀၀ ဝင်ရောက်ခဲ့ပေမယ့် ၂၀၁၆ ခုနှစ်မှာတော့ ဒုက္ခသည် ၂၈၀၀၀၀ ပဲ ဝင်ရောက်ခဲ့ပါတယ်။ အရေအတွက် တော်တော်များများကို လျှော့ချနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီစာချုပ်ဟာ ဒီမိုကရေစီစံနှုန်းတွေကို ချိုးဖောက်တယ်လို့ စွပ်စွဲမှုတွေနဲ့လည်း ကြုံတွေ့ရပါတယ်။ ဂျာမနီနိုင်ငံနည်းတူ အခြားဥရောပနိုင်ငံတွေဟာလည်း ဒုက္ခသည်တွေကို အချိုးကျလက်ခံရမယ်လို့ ဆိုပါတယ်။

ဘာလင်မှာ နှစ်စဉ်ပြုလုပ်တဲ့ သူ့ရဲ့ သတင်းစာရှင်းလင်းပွဲမှာလည်း အိန်ဂျလာမာကယ်ဟာ ဥရောပမဟာမိတ်နိုင်ငံတွေကို အပြစ်တင်ခဲ့ပါတယ်။ ဥရောပနိုင်ငံအချို့ဟာ ဒုက္ခသည်တွေကို အချိုးကျလက်ခံရမယ်ဆိုတဲ့အချက်ကို သဘောမတူကြပါဘူး။ ငြင်းဆိုကြပါတယ်။ လွန်ခဲ့တဲ့နှစ်နှစ်အတွင်းမှာ ဂျာမနီနိုင်ငံအတွင်း ဝင်ရောက်လာတဲ့ ဒုက္ခသည်တွေဟာ ဘာသာစကားဆိုင်ရာ သင်တန်းတွေ တက်ရောက်ခဲ့ကြပြီး ကိုးရာခိုင်နှုန်းလောက်သာ အလုပ်အကိုင်ရရှိခဲ့တယ်လို့ အလုပ်အကိုင်အေဂျင်စီတွေဆီက သိရပါတယ်။

၂၀၁၅ခုနှစ် နှစ်သစ်ကူးညမှာ ဂျာမနီနိုင်ငံ ကိုလိုဂျင်မြို့မှာ အမျိုးသမီးတွေ တိုက်ခိုက်ခံရမှုနှင့် ပတ်သက်ပြီး ရွှေ့ပြောင်းဒုက္ခသည်တွေကို ပြစ်တင်ဝေဖန်ကြပါတယ်။ ဒါကြောင့်လည်း ရွှေ့ပြောင်းဒုက္ခသည်တွေ ဝင်ရောက်လာတာကို မကြိုက်ကြတာဘဲ ဖြစ်တယ်။ အိန်ဂျလာမာကယ်ကတော့ လုံခြုံရေးနဲ့ပတ်သက်ပြီး အစွမ်းကုန်တိုးမြှင့်သွားမယ်လို့ ဆိုပါတယ်။ လုံခြုံရေးနဲ့ ပတ်သက်ပြီး လိုအပ်ရင်မူဝါဒတွေ ပြောင်းလဲသွားမယ်။ နည်းပညာတွေ အဆင့်မြှင့်တင်သွားမယ်လို့ ဆိုပါတယ်။ အခုအချိန်မှာတော့ ရွေးကောက်ပွဲဟာလည်း နီးကပ်လို့လာပြီ။ ဝေဖန်မှုတွေကြားထဲက သူ့ကို ထောက်ခံတဲ့ ဂျာမန်ပြည်သူတွေ အများကြီးရှိပါတယ်။

အိန်ဂျလာမာကယ် ကို ထောက်ခံတဲ့ အသက် ၂၁ နှစ်အရွယ် လူငယ်လေးကတော့ အိန်ဂျလာမာကယ်ဟာ အံ့သြဖွယ်ရာအလုပ်တွေကို ပြီးမြောက်အောင်လုပ်ကိုင်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။ သူ့မှာဝေဖန်မှုတွေ ဘယ်လောက်ပဲရှိရှိ ရှေ့ကိုဆက်သွားနိုင်တယ်လို့ ဆိုပါတယ်။ “Alternative For Germany” ပါတီကတော့ ထောက်ခံမဲတွေ ရလာတာမှန်ပါတယ်။ ဒါပေမယ့် ဒါဟာလည်းဒီပါတီရဲ့ ရပ်တည်မှုတွေကို ကြိုက်လို့မဟုတ်ပါဘူး။ တခြားပြိုင်ဘက်ပါတီတွေကို မကြိုက်တာနဲ့ဘဲ “Alternative For Germany” ပါတီဟာ ထောက်ခံမှုတွေများလာတာပဲ ဖြစ်ပါတယ်လို့ နိုင်ငံရေးသိပ္ပံပညာရှင် ဟန်ဒရစ်တရာဂါးက ဆိုပါတယ်။

နိုင်ငံအတွင်း ရွှေ့ပြောင်းဒုက္ခသည်တွေနဲ့ပတ်သက်ပြီး မကျေနပ်မှုတွေ မြင့်တက်နေတဲ့အချိန် အတိုက်အခံပါတီတွေအတွက် လမ်းစရသွားတယ်။ ပြည်သူတွေ ဘာတွေလိုချင်လဲဆိုတာ သိသွားတယ်။ ဒါတွေကြောင့်ပဲ လွန်ခဲ့တဲ့နှစ်က “Alternative For Germany” ပါတီဟာ ပြည်နယ်ငါးခုက ရွေးကောက်ပွဲမှာ စံချိန်တင်အောင်မြင်မှုတွေ ရရှိသွားခဲ့တယ်။ ဒီလိုရလဒ်တွေကြောင့် အိန်ဂျလာမာကယ်ဟာ လက်ရှိအခြေအနေကို သဘောပေါက်ခဲ့ပြီး ဂျာမန်ပြည်သူတွေရဲ့စိုးရိမ်ပူပန်မှုတွေကို လျှော့ချပေးနိုင်အောင် ကြိုးစားခဲ့တယ်။ အခုနှစ်အတွင်းမှာ ပြုလုပ်ခဲ့တဲ့ ဒေသတွင်းရွေးကောက်ပွဲသုံးခုမှာတော့ မဲဆန္ဒရှင်တွေဟာ အိန်ဂျလာမာကယ်ရဲ့ပါတီကို ထောက်ခံခဲ့ကြပါတယ်။

Annaberg-Buchholz မှာပြုလုပ်ခဲ့တဲ့ မဲဆွယ်စည်းရုံးမှုမှာ အိန်ဂျလာမာကယ်ကို ထောက်ခံသူတွေက အားပေးခဲ့ကြပေမယ့် အတိုက်ခံဘက်ကလူတွေကလည်း သူ့ကိုသရော်ခဲ့ကြပါတယ်။ ဒီပွဲကိုသွားရောက်ခဲ့တဲ့ ကာရိုလာလန်ဂီက ဒီမြို့မှာရှိတဲ့လူတွေဟာ မြို့အတွင်းမှာလူဦးရေတိုးလာတာနဲ့ ပတ်သက်ပြီး ရုန်းကန်နေရတယ်လို့ ဆိုပါတယ်။ သုံးနှစ်အတွင်းမှာဒီမြို့ကို ရောက်လာတဲ့ဒုက္ခသည် အရေအတွက်ဟာ ၃၀၀ ရှိပြီး ဒီလူတွေအတွက် အလုပ်အကိုင်စတာတွေ အဆင်ပြေဖို့ ကူညီမှုတွေလည်း လုပ်ဆောင်ပေးနေရတယ်။

နိုင်ငံရေးမှာ အတိုက်အခံဆိုတာ ရှိစမြဲပါပဲ။ အိန်ဂျလာမာကယ် အတွက်တော့ လာမယ့်ရွေးကောက်ပွဲမှာ နိုင်ငံရေးဆိုင်ရာ အခက်အခဲတွေ အများကြီးရှိနေပါသေးတယ်။ သူ့ကိုမယုံကြည်သူတွေ တိုးလာပေမယ့် ထောက်ခံသူတွေလည်း အများကြီးရှိနေပါသေးတယ်။ သူဟာလည်းသူ့ရဲ့ အားနည်းချက်ဖြစ်သွားတဲ့ ဒုက္ခသည်တွေကို လက်ခံတဲ့ မူဝါဒနဲ့ ပတ်သက်ပြီးအချိန်မီ ပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်နေပါတယ်။ ဂျာမန်ပြည်သူတွေ လုံခြုံစိတ်ချရမှုရှိဖို့ အကောင်းဆုံးကြိုးပမ်းနေပါတယ်။ ဒီတော့ လာမယ့်ရွေးကောက်ပွဲမှာလည်း အိန်ဂျလာမာကယ်ကပဲ မဲတွေသိမ်းယူသွားနိုင်မလား ဆိုတာကတော့ မကြာခင် အဖြေပေါ်တော့မှာပါ။

ကိုးကား-

(နယူးယောက်တိုင်းမ်)

အခုချိန်မှာတော့ အိန်ဂျလာမာကယ်ရဲ့ ပါတီဟာ ၄၀ ရာခိုင်နှုန်းထောက်ခံမှုရရှိထားပြီး ဒါဟာ ညွန့်ပေါင်းဖွဲ့ဖို့အတွက် လုံလောက်ပါတယ်။ နိုင်ငံရေးလေ့လာသူ အများအပြားကတော့ ရွေးကောက်ပွဲမှာ ဘယ်သူနိုင်သွားမှာလဲဆိုတာထက် နောက်တစ်ကြိမ်အစိုးရအဖွဲ့အတွက် အိန်ဂျလာမာကယ်က ဘယ်သူ့ကိုရွေးချယ်မှာလဲဆိုတာကို ပိုပြီးစိတ်ဝင်စားကြပါတယ်

သဘာဝဘေးဒဏ်ခံနိုင်သော အဆောက်အအုံများ (Resilient Structure)

ကျော်လင်း(ဆောက်လုပ်ရေး)

ယမန်နေ့မှအဆက်

၈။ ဝရန်တာများ

မုန်တိုင်းကျရောက်နိုင်သော ဒေသများတွင် အကာမပါရှိသော၊ ကျယ်ပြန့်သော Open Terrace ကို အမိုးမိုးထားခြင်းသည် လေမုန်တိုင်းတိုက်လျှင် အမိုးပွင့်ထွက်ရန် အဖြစ်နိုင်ဆုံး အခြေအနေဖြစ်၍ ရှည်လျားသော Over hang အမျိုးမျိုးကို ရှောင်ရှားသင့်သည်။

အကယ်၍ မဖြစ်မနေ တည်ဆောက်ရမည်ဆိုပါက ပင်မအမိုး ပေါင်ထက်နိမ့်သော၊ အဖီဆွဲထားသော ဝရန်တာမျိုးဖြစ်သင့်သည်။ သို့မှသာလေတိုး၍ လန်သွားလျှင်

အကာမပါရှိသော အမိုးကို ပင်မအမိုးပေါင်နှင့်တစ်ဆက်တည်းမထားပါက လေမုန်တိုင်းတိုက်၍ ပင်မအမိုးလွှင့်ထွက်ပုံ



ပင်မအမိုးပေါင်ထက်နိမ့်သော အဖီဖြစ်ပါက ပင်မအမိုးကို မထိခိုက်ပုံ

ပင်မအဆောက်အအုံ အမိုးပါမသွားဘဲကျန်ခဲ့မည်ဖြစ်သည်။

၉။ ခေါင် (Ridge)

ခေါင်ကို သေချာစွာချုပ်ရန် အရေးကြီးပါသည်။ ဒိုင်း နှစ်ခုဆက်တွဲရာတွင်



သေချာစွာချုပ်ထားသောခေါင်

လူနေအိမ်ပုံစံ

စာသင်ကျောင်းပုံစံ

(၁၆) ခုတင်ဆုံဆေးရုံပုံစံ

ဆေးပေးခန်းပုံစံ

Gusset Plate အသုံးပြု၍ တွဲရုံသာမကချုပ်တန်း (Collar) ပါ ထည့်ရပါမည်။

၁၀။ အမိုးပြားနှင့် ဝက်အူ

ကောင်းစွာ သွပ်ရည်စိမ်ထားသော 24 gauge သွပ်ပြားကို အနိမ့်ဆုံးအဆင့် အသုံးပြုရမည်ဖြစ်ပြီး သွပ်ရည်စိမ်ထားသော ဝက်အူကို အသုံးပြုရပါမည်။

၁၁။ ရေကြီးရေလျှံဒေသရှိ အဆောက်အအုံများ

နှစ်စဉ် ရေကြီးမှုဖြစ်သော ဒေသများ၌ လမ်းများဖောက်လုပ်ရာတွင် ရေလွတ်တာပေါင်ဖို့၍ တည်ဆောက်ရမည်ဖြစ်သလို လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ တည်ဆောက်ရာတွင် ခြေတံရှည်ဖြင့် တည်ဆောက်ရန် စီစဉ်ရပါမည်။ ထိုသို့စီစဉ်ရာတွင်လည်း High Flood အခြေအနေကို စဉ်းစားရုံသာမက Abnormal Flood အခြေအနေအထိ စဉ်းစား၍ မြှင့်ထားသင့်ပါသည်။

ယခု စက်တင်ဘာလအတွင်း အနောက်တောင်မုတ်သုံလေသည် မြန်မာပြည် မြောက်ပိုင်းမှ စတင်ဆုတ်ခွာပြီး အောက်တိုဘာလဆန်းပိုင်းတွင် မုတ်သုံအပြီး ဆုတ်ခွာမည်ဖြစ်ရာ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လမ်းတံတား၊ လူနေအိမ်၊ စာသင်ကျောင်း၊ ဆေးရုံဆေးခန်း၊ လျှပ်စစ်မီးတိုင်အစရှိသည့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ကြရမည်ဖြစ်ပါသည်။

ထိုသို့ တည်ဆောက်ရာတွင် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိမည့်၊ သဘာဝဘေးအန္တရာယ်ကျရောက်လျှင်လည်း လူမှုကိစ္စရပ်များ ရပ်တန့်မသွားမည့် အဆောက်အအုံများ (Resilient Structure) တည်ဆောက်သွားနိုင်မှသာ နောင်လာမည့် မိုးရာသီများတွင် အချိန်ကုန်ခြင်း၊ ငွေကုန်ခြင်း၊ လူမှုဒုက္ခများခံစားရခြင်း၊ နောက်ဆက်တွဲဆိုးကျိုးများ ခံစားရခြင်းတို့မှ ကင်းဝေးမည်ဖြစ်ပါသည်။

ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများပေးအပ်လှူဒါန်း

မူဆယ် စက်တင်ဘာ ၄

ORIENTAL HIGHWAY COMPANY မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့်ကျောပိုးအိတ်များပေးအပ်လှူဒါန်းပွဲကို စက်တင်ဘာ ၂ ရက်က မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်းရှိ နမ့်ခွမ်ကျေးရွာ အမကနှင့် တုန်ခန်ကျေးရွာအမက၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နမ့်ခွမ်ကျေးရွာ အမကကျောင်းရှိ ဆရာဆရာမ၊ ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၉ ဦးတို့ကို လည်းကောင်း၊ အမကတုန်ခန်ကျေးရွာစာသင်ကျောင်းရှိ ဆရာဆရာမနှင့် ကျောင်းသားကျောင်းသူ စုစုပေါင်း ၈၀ တို့ကိုလည်းကောင်း ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် ကျောင်းသုံး ကျောပိုးအိတ်များလှူဒါန်းခဲ့ရာ အမကနမ့်ခွမ်ကျောင်းအုပ် ဆရာမကြီးနှင့် အမကတုန်ခန်ကျောင်းအုပ် ဆရာမကြီးတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အခြေခံပညာမူလတန်းအဆင့် ကျောင်းဝတ်စုံ၊ ကျောပိုးအိတ်နှင့် ဆရာဆရာမများ ဝတ်စုံထောက်ပံ့လှူဒါန်းခြင်းများကို ရှမ်းပြည်နယ်မြောက်ပိုင်းရှိ အမက ကျောင်းများ၌ ORIENTAL HIGHWAY COMPANY မှ လှူဒါန်းခဲ့သည့် တန်ဖိုးငွေမှာ ကျောင်းသားကျောင်းသူဝတ်စုံ ၁၆၀၀ အတွက် ငွေကျပ် ၃၈၇၅၂၀၀၀၊ ကျောပိုးအိတ် ၈၀၀၀ အတွက် ငွေကျပ် ၁၉၃၇၆၀၀၀၊ ဆရာဆရာမဝတ်စုံ ၆၀၀ အတွက်ငွေကျပ် ၅၀၄၃၀၀၀ စုစုပေါင်း လှူဒါန်းငွေကျပ် ၆၃၀၇၁၀၀၀ အထိ လှူဒါန်းခဲ့ပြီးကြောင်း သိရသည်။

သန့်ဇင်(မူဆယ်)

ဖြူးမြို့နယ်၌ မိုးစပါးများအောင်မြင်ဖြစ်ထွန်းလျက်ရှိ

ဖြူး စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်တို့တွင် ဖြူးမြို့နယ်သည် နှစ်စဉ် မိုးစပါးစိုက်ဧကအများဆုံးစိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်ပြီး ၂၀၁၇ ခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၅၁၄၄၇ ဧက စိုက်ပျိုးခဲ့သည်။ ယခုနှစ်တွင် မိုးဦးခေါင်ခဲ့သဖြင့် မိုးရွာသွန်းမှုနည်းခဲ့သော်လည်း ယခုမိုးလယ်၊ မိုးနှောင်းတို့တွင် မိုးရွာသွန်းမှုများခဲ့သဖြင့် ယခုအချိန်တွင်စပါးစိုက်ခင်းများမှာ မိုးရေလုံလောက်စွာရရှိသဖြင့် အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုနှစ်တွင် လယ်ယာလုပ်သားကောက်စိုက်သမရှားပါးမှုကြောင့် အချို့လယ်သမားများမှာပျိုးကြဲ၊ ပျိုးနှတ်မပြုလုပ်ကြတော့ဘဲ လယ်ခြေကို သမန်းညက်အောင် ထွန်ယက်ကြပြီး စပါးစေ့ကိုလယ်ကွက်အတွင်းသို့ တိုက်ရိုက်ကြဲပက်အစေ့ချ စိုက်ပျိုးလျက်ရှိကြသည်ကိုတွေ့ရှိရကာ စပါးများရိတ်သိမ်းပြီးမှသာ အထွက်နှုန်းကွာခြားမှုရှိမရှိသိရမည်ဖြစ်ကြောင်း ဖြူးအရေးကျေးရွာ ဒေသခံလယ်သမားတစ်ဦးထံမှ သိရသည်။

ဖြူး- မြင့်ဦး

သီပေါသီတဂူစက္ခုဒါနဆေးရုံ၌ ခွဲစိတ်ခန်းများ သန့်ရှင်းရေးဆောင်ရွက်

သီပေါ စက်တင်ဘာ ၄

ကမ္ဘာ့ပုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ ဦးဆောင်ဦးရွက်ပြုမှုနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တပညာသီရိ၏ ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၃ ရက်မှ စ၍ သီပေါသီတဂူစက္ခုဒါနဆေးရုံကြီး၌ (၃၉) ကြိမ်မြောက် မျက်စိဝေဒနာရှင်များကို မျက်စိအထူးကု ဆရာဝန်(ငြိမ်း) ဒေါက်တာဒေါ်ခင်အေးမူနှင့် အထူးကု ဆရာဝန်ကြီးများ၊ ပြည်ပမှ အထူးကု ဆရာဝန်များက မျက်စိဝေဒနာရှင်များကို နံနက် ၈ နာရီမှ ည ၁၀ နာရီအထိ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း မဟာမြတ်မုနိဘုရားကြီးဆရာတော်ထံမှ သိရသည်။

ထိုသို့မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသပေးနိုင်ရေးအတွက် မဟာမြတ်မုနိဘုရားကြီး ရေကြည်တော်ဝတ်အသင်းသူအသင်းသားများနှင့် သီတဂူဆေးရုံမှ ဝန်ထမ်းများက ခွဲစိတ်ခန်းနှင့် ခွဲစိတ်ခန်း ဆက်စပ်အဆောင်များကို သန့်ရှင်းရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

မီးအချက်ပြမှု မှုန်ကန်စွာအသုံးပြုနိုင်ရေး စစ်ဆေး

မော်လမြိုင် စက်တင်ဘာ ၄

ယာဉ်များကျော်တက်ရာ၌ ရေမှုယာဉ်သည် နောက်မှကျော်တက်လိုသောယာဉ်ကို ကျော်တက်နိုင်ကြောင်း အချက်ပြရာတွင် ယာဉ်၏လက်ယာဘက်မီးဖြင့် အချက်ပြမှုမှုန်ကန်စွာအသုံးပြုနိုင်ရေးမွန်ပြည်နယ် ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ ကြီးကြပ်စစ်ဆေးရေးအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့နှင့် ပြည်နယ်ယာဉ်လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်မှုကော်မတီတို့ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁ ရက်မှစတင်၍ မော်လမြိုင်မြို့နယ်အတွင်း အဝေးပြေးဂိတ်များ၊ အဝေးပြေးလမ်းမကြီးများ၊ မြို့တွင်း၊ မြို့ပြင်လမ်းများ၌ မီးအချက်ပြမှုမှန်ကန်စွာ အသုံးပြုနိုင်ရေးစစ်ဆေးခြင်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)

သမိုင်းဝင် ပင်းယမြို့ဟောင်း

မောင်သာ(ရွှေဟောင်းသုတေသန)

မြန်မာနိုင်ငံသမိုင်းတွင် နှစ် ၄၀၀ နီးပါး သက်တမ်းရှည်ကြာခဲ့သည့် အင်းဝခေတ်မတိုင်မီက ပင်းယခေတ်နှင့် စစ်ကိုင်းခေတ်တို့သည် ပုဂံမပျက်မီအချိန်အတွင်း ပုဂံနှင့်အပြိုင် ပေါ်ထွန်းခဲ့ကြသည်။ ပုဂံခေတ်နောင်းပိုင်း ကျော်စွာမင်းလက်ထက်(ခရစ်နှစ် ၁၂၈၇-၁၂၉၈)တွင် ရှမ်းညီနောင် သုံးဦးဖြစ်သည့် အစ်ကိုကြီး အသခံယာအား မြင်စိုင်းကိုလည်းကောင်း၊ အစ်ကိုလတ် ရာဇသင်္ကြံအား မက္ခရာကိုလည်းကောင်း၊ ညီ သီဟသူအား ပင်လယ်ကိုလည်းကောင်း စားစေခဲ့ရာမှ ရှမ်းညီနောင်သုံးဦးသည် ဘုရင်ကျော်စွာကို နန်းချ၍ မိမိတို့နယ်အသီးသီးတွင် မင်းပြုခဲ့ကြသည်။

ယခုအခါ မြင်စိုင်းမြို့ဟောင်းသည် အင်းဝမြို့ဟောင်းမှ တောင်ဘက် ၁၉ မိုင်အကွာတွင်လည်းကောင်း၊ မက္ခရာမြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင်လည်းကောင်း၊ ပင်လယ်မြို့ဟောင်းသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်း ကူမဲမြို့မအရှေ့တောင်ဘက် ငါးမိုင်အကွာတွင်လည်းကောင်း တည်ရှိနေကြသည်။

အစ်ကိုများဖြစ်ကြသည့် အသခံယာနှင့် ရာဇသင်္ကြံတို့ ကွယ်လွန်ပြီးနောက် သီဟသူသည် ပင်လယ်မှပြောင်းရွှေ့ကာ အင်းဝတောင်ဘက် ငါးမိုင်အကွာ ပန်းလောင်မြစ်အနီး၌ ခရစ်နှစ် ၁၃၁၃ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် ပင်းယကို တည်ထောင်ခဲ့သည်။ သီဟသူ၏သား စောယွန်းက သင်္ကရာဇ် ၆၇၅ ခုနှစ် (ခရစ်နှစ် ၁၃၁၅ ခုနှစ်)တွင် စစ်ကိုင်းကိုတည်၍ နန်းစံခဲ့ရာ ပုဂံခေတ်နောက်ဆုံးဘုရင် စောနစ်လက်ထက်(ခရစ်နှစ် ၁၂၉၉-၁၃၃၂)တွင် ပင်းယနှင့်စစ်ကိုင်းသည် သီးခြားမင်းပြိုင်များအုပ်ချုပ်သည့် နန်းပြိုင်များဖြစ်ခဲ့ကြသည်။

ပင်းယ နန်းတည်နှစ် မြန်မာသင်္ကရာဇ် ၆၇၄ ခုနှစ်ကို "သော်တာလ၊ ပင်းယတည်သည့် တစ်စီးရှင်"ဟု အမှတ်အသားပြုခဲ့ကြသည်။ ပင်းယသည်မြို့သက် ၅၁ နှစ်ကြာမြင့်ခဲ့ပြီး မင်းခြောက်ဆက်အနက် တစ်စီးရှင်သီဟသူက ခရစ်နှစ် ၁၃၁၉ ခုနှစ်မှ ၁၃၂၂ ခုနှစ်အထိ၊ ဥစ္စနာက ၁၃၂၂ ခုနှစ်မှ ၁၃၄၄ ခုနှစ်အထိ၊ ငါးစီးရှင်ကျော်စွာက ၁၃၄၄ ခုနှစ်မှ ၁၃၅၀ ပြည့်နှစ်အထိ၊ ကျော်စွာငယ်က ၁၃၅၀ ပြည့်နှစ်မှ ၁၃၅၉ ခုနှစ်အထိ၊ နရသူက ၁၃၅၉ ခုနှစ်မှ ၁၃၆၅ ခုနှစ်အထိ စိုးစံခဲ့ကြပြီး ဥဇနာပြောင်က ၁၃၆၅ ခုနှစ်တွင် သုံးလသာနန်းစံခဲ့ကာ အင်းဝဘုရင် သတိုးမင်းဖျားက ပင်းယကို သိမ်းပိုက်ခဲ့ပြီးနောက် ပင်းယမင်းဆက်ပြတ်ခဲ့သည်။

သည် ဇရာဝတီမြစ်ခြားလျက် မြစ်တစ်ဖက်ကမ်းစီ၌ တည်ရှိပြီး ပင်းယကိုမူ အင်းဝနှင့် တောင်မြောက်တန်းလျက် ဇရာဝတီမြစ်၏ တောင်ဘက်ခြမ်းတွင် တည်ထားခဲ့သည်။ လက်ရှိအချိန်တွင် ပင်းယနှင့် အင်းဝအကြားတွင် တံတားဦးမြို့တည်ရှိနေကာ တံတားဦးနှင့် ပင်းယသည် ရန်ကုန်-မန္တလေး အမြန်လမ်းမ၏ တစ်ဖက်စီတွင် တည်ရှိနေကြသည်။

မြို့သက် ၅၁ နှစ် ကြာမြင့်ခဲ့သည့် ပင်းယမြို့ဟောင်းအတွင်း ရွှေးဟောင်းအဆောက်အအုံများဖြစ်ကြသည့် ရွှေစည်းခုံစေတီ၊ ဂူကြီးသုံးလုံးနှင့် နန်းဦးစေတီတို့သည် လက်ရှိကျောက်ဆည်-တံတားဦးကားလမ်း၏ အနောက်ဘက်တွင် တောင်မြောက်တန်းလျက် တည်ရှိနေကြသည်။ ပင်းယမြို့ဟောင်း၏ စတုဂံပုံမြို့ရိုးသည် ထင်ရှားခြင်းမရှိတော့ဘဲ ကုန်းရိုးတန်းတစ်ခုအသွင်သာ ခပ်ရေးရေးမြင်နိုင်ပြီး တောင်မြောက်အလျားက အရှေ့အနောက်အနံထက် တိုသည်။

ပင်းယ ရွှေစည်းခုံစေတီတော်ကို ပင်းယမြို့ရိုး၏ တောင်ဘက်၌ လေးထောင့်ပန္နက်တွင် ပစ္စယာသုံးဆင့်ခံ၍ တည်ထားပြီး နတ်လမ်းလေ့ကာနှင့် ထောင့်စေတီများ ထည့်သွင်းတည်ဆောက်ခဲ့သည်။ ပင်းယကိုတည်ခဲ့စဉ်က နန်း၊ မြို့၊ ကျုံး၊ ထောက်ရှည်ကန်၊ အတွင်းကျောင်း၊ ရွှေဂူနှင့် ရွှေစည်းခုံခုနစ်ဌာနကို မြန်မာသင်္ကရာဇ် ၆၇၄ ခုနှစ် (ခရစ်နှစ် ၁၃၁၃ ခုနှစ်)တွင် တစ်ချိန်တည်းတစ်နာရီတည်း ၏ တည်ခဲ့ကြောင်း တွင်းသင်းရာဇဝင်တွင် ရေးသားထားသည်။

သီဟသူသည် ရွှေစည်းခုံစေတီတော် တည်ဆောက်ခြင်း မပြီးစီးမီ နတ်ရွာစံခဲ့သဖြင့် သားတော်ဥစ္စနာမင်းက ဆက်လက်တည်ထားခဲ့သည်ဟု ဆိုကြသော်လည်း မုံရွေးဆရာတော်က တစ်စီးရှင်သီဟသူသည် ရွှေစည်းခုံစေတီတော်ကို ပြီးစီးသည်အထိ တည်ထားခဲ့ပြီး ရွှေထီးတင်ခဲ့ကြောင်း၊ ဥစ္စနာမင်းက စေတီတော်ကို မျိုလျက်(ငုံလျက်)ထီးတင်ခဲ့ကြောင်း၊ စဉ့်ကူးမင်းလက်ထက်တွင် စေတီပြိုကွဲသဖြင့် တူးခွာသောအခါ တစ်စီးရှင်၏ကောင်းမှု စေတီတော်ကို ရွှေထီးနှင့်တကွ မြင်တွေ့ရကြောင်း စေတီယကထာ(ရာဇဝင်ချုပ်)တွင် ရေးသားခဲ့သည်။ ပုဂံခေတ်ကတည်ခဲ့သည့် စေတီပုထိုးများတွင် ထီးတင်လေ့မရှိခဲ့သော်လည်းပုဂံခေတ်နောက်ပိုင်း ပင်းယခေတ်တွင်တည်ခဲ့သည့် စေတီများကို ထီးတင်ခဲ့ကြသည်။

ပင်းယခေတ်နောက်ပိုင်းတွင် ရွှေစည်းခုံစေတီကို အင်းဝနှင့် ကုန်းဘောင်မင်းများက ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ခဲ့ကြရာ အင်းဝဘုရင်များဖြစ်ကြသည့် မင်းကြီးစွာစော်ကဲနှင့် စနေမင်းတို့သည် ရွှေစည်းခုံစေတီကို လုံးတော်ပြည့်ရွှေချ

ပင်းယကိုမတည်မီ ရွှေစည်းခုံစေတီတော်နေရာမှမြေကို တူးခဲ့ရာ အရိုး အခက် အရွက် အသီးနှင့်တကွ ရွှေအဆင်းရှိသော ပန်းပင်ကို ရရှိခဲ့ကြောင်း၊ မြို့ရာကိုကြည့်သောအခါ ရွှေပန်းကိုရရှိခဲ့သဖြင့် ပန်းရဟု ခေါ်ဆိုရာမှ ကာလကြာရှည်ချိန်တွင် ပင်းယဟုအမည်တွင်ခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖတ်ရှုနိုင်ပေသည်။

ပင်းယနှင့်ခေတ်ပြိုင် စစ်ကိုင်းကို အသခံယာစောယွမ်းက ခရစ်နှစ် ၁၃၁၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး စစ်ကိုင်းမြို့တည်မြန်မာသင်္ကရာဇ်ကို "သားတိုးတိုင်း စစ်ကိုင်းတည်"ဟု လည်းကောင်း၊ "သံတံတိုင်း စစ်ကိုင်းတည်"ဟု လည်းကောင်း မှတ်သားခဲ့ကြသည်။ စစ်ကိုင်းတွင် နှစ် ၅၀ အတွင်း မင်းဆက် ခုနစ်ဆက်က အုပ်စိုးခဲ့ရာ အသခံရာစောယွမ်းက ခရစ်နှစ် ၁၃၁၅ ခုနှစ်မှ ၁၃၂၇ ခုနှစ်အထိ၊ နောင်တော် တရာဖျားက ၁၃၂၇ ခုနှစ်မှ ၁၃၃၆ ခုနှစ်အထိ၊ ရွှေတောင်တက်က ၁၃၃၆ ခုနှစ်မှ ၁၃၃၉ ခုနှစ်အထိ၊ ကျစွာက ၁၃၃၉ ခုနှစ်မှ ၁၃၄၈ ခုနှစ်၊ နော်ရထာမင်းရဲက ခုနစ်လ၊ ဆင်ဖြူရှင် တရာဖျားငယ်က ၁၃၄၉ ခုနှစ်မှ ၁၃၅၂ ခုနှစ်အထိ၊ မင်းပြောက်က ၁၃၅၂ ခုနှစ်မှ ၁၃၆၅ ခုနှစ်အထိ စိုးစံခဲ့ကြသည်။ ခရစ်နှစ် ၁၃၆၅ ခုနှစ်တွင် အင်းဝဘုရင် သတိုးမင်းဖျားသည် ပင်းယနှင့် စစ်ကိုင်းကို သိမ်းပိုက်ခဲ့ပြီးနောက် စစ်ကိုင်းမင်းဆက်ပြတ်ခဲ့သည်။

ပင်းယရွှေစည်းခုံ

ပုဂံနှင့်ခေတ်ပြိုင် နန်းမြို့များဖြစ်သည့် စစ်ကိုင်းနှင့်ပင်းယသည် အင်းဝအနီးတွင် တည်ရှိခဲ့ကြသည်။ စစ်ကိုင်းနှင့်အင်းဝခဲ့ကြပြီး ကုန်းဘောင်ဘုရင် မြေဒူးမင်းက မြေများလှူဒါန်းခဲ့သည်။ မြေဒူးမင်း၏သားတော် စဉ့်ကူးမင်းသည် မြန်မာသင်္ကရာဇ် ၁၁၃၈ ခုနှစ်တွင် ပင်းယ ရွှေစည်းခုံစေတီကို ချရားသီမှ အောက်ခြေအထိ ရွှေပိန်းချခဲ့သည်။ ၁၁၄၃ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်(ခရစ်နှစ် ၁၇၈၁ အောက်တိုဘာ ၂၀ ရက်)တွင် ပင်းယရွှေစည်းခုံစေတီ ပြိုကျခဲ့သဖြင့် အသစ်တည်ထားရန် စဉ့်ကူးမင်းသည် ဘုရား၏မြောက်ဘက်တွင် နန်းစံကာ အုတ်ဟောင်းများကို ရှင်းလင်းခဲ့သည်။

ရွှေစည်းခုံစေတီ၏ အရှေ့တောင်ထောင့်ရှိ လိုဏ်စေတီငယ်တစ်ခုအတွင်း၌ ဗုဒ္ဓဖြစ်တော်စဉ်များကို ရေးဆွဲထားသည့် နံရံဆေးရေးပန်းချီများရှိသည်။ အတွင်းလိုဏ်မျက်နှာကြက်တွင် ထပ်တစ်ရာကြာပန်းပုံကို မြင်နိုင်ကြသော်လည်း နံရံပန်းချီများသည် များစွာပျက်စီးနေပြီဖြစ်သည်။ စေတီတော်အရှေ့ဘက်စောင်းတန်း၏ မြောက်ဘက်တွင်ရှိသော ဂူငယ်တစ်ခုအတွင်း၌လည်း နံရံဆေးပန်းချီများ ကျန်ရှိသည်။ ဗောင်းဝတ်ရုံဝတ်ဆင်ထားသည့် ဝန်ကြီးများက တံခွန်၊ ကြက်လျှာ၊ ပန်းခိုင်များကိုင်လျက် ပုဆစ်တုပ် ရှိခိုးနေပုံများနှင့် ကျေးငှက်များက ပန်းခက်၊ ပန်းခိုင်များ ကိုက်ခဲလာကြသည့် ပုံများကို ရေးဆွဲထားသည်။

ပင်းယ ဂူကြီးသုံးလုံး

ပင်းယမြို့ဟောင်းအတွင်း တံတားဦး-ကျောက်ဆည်ကားလမ်း၏ အနောက်ဘက်တွင်တည်ရှိသည့် လိုဏ်ဘုရားသုံးဆူကို ဒေသခံများက ဂူသုံးလုံးဟုခေါ်ဆိုကြရာမှ ပင်းယဂူကြီး သုံးလုံးဟု ထင်ရှားခဲ့သည်။ ယင်းဂူများကို မည်သူတည်ခဲ့ကြောင်း အတိအကျမသိရှိကြဘဲ နှုတ်ပြောစကားများအရ တစ်စီးရှင် သီဟသူက တောင်ဘက်ဆုံးဂူကိုတည်ခဲ့သည်ဟု ဆိုကြသည်။

အလယ်ဂူနှင့် မြောက်ဘက်ဂူအကြား၌ ကျောက်စာဂူအတွင်း ကျောက်စာနှစ်ချပ်ရှိခဲ့ရာ ကျောက်စာတစ်ချပ်တွင် ပင်းယ ဒုတိယနန်းစံ ဥစ္စနာမင်းကြီးက ဂူသုံးခုမြေနေရာကို လှူဒါန်းကြောင်း ရေးထိုးထားသည်။ ကျောက်စာတွင် ဂူကြီး၊ ဂူပြောက်၊ လတ်ထဂူတို့ကိုတည်ပြီး မြေလှူကြောင်း ရေးထားသဖြင့် ဂူကြီးသုံးလုံးကို ပင်းယမင်းဆက် ဒုတိယဘုရင် ဥစ္စနာက တည်ခဲ့သည်ဟုလည်း ဆိုကြသည်။ သို့သော် ကျောက်စာတွင်ပါရှိသည့် သင်္ကရာဇ် ၇၁၂ ခုနှစ်တွင် 'ဥစ္စနာမင်းကြီးသည် အိမ်နိမ့်အရပ်၌ဂူပြုပြု၍' ဟူသည့် စာသားကိုထောက်လျက် စာရေးဆရာဝိုလ်ရှိတ်က ပင်းယမြို့ဟောင်း၏အရှေ့တောင်ဘက် သုံးမိုင်ကျော်အကွာတွင် အိမ်နိမ့်ကန်ရွာရှိကြောင်း၊ ဒေသခံများက ယင်းရွာကို မင်းညီမင်းသားများ အိမ်နိမ့်စံဘဝတွင် နေထိုင်ခဲ့ကြသည်ဟု ဆိုကြကြောင်း၊ ကျောက်စာပါ အိမ်နိမ့်အရပ်သည် အိမ်နိမ့်ကန်ရွာလော၊ ဂူကြီးသုံးလုံးရှိနေသည့် နေရာလောဟု ကွဲပြားစွာမသိနိုင်ကြောင်း သုံးသပ်ခဲ့သည်။

ဂူကြီးများအနီးရှိ ကျောက်စာဂူသည် မျက်မှောက်ခေတ်တွင်ပြုလုပ်ထားသည့် ဂူဖြစ်သဖြင့် ကျောက်စာများသည် မူလကတည်းက ဂူကြီးများအနီးတွင် စိုက်ထူခဲ့ခြင်း ဟုတ်မဟုတ် မသိရှိနိုင်သကဲ့သို့ အခြားတစ်နေရာမှ ပြောင်းရွှေ့ယူဆောင်လာခဲ့ခြင်းဟုတ်မဟုတ်လည်း မသိရှိကြသေးပါချေ။

ထုထည်ကြီးသော ဂူဘုရားကြီးသုံးဆူသည် တစ်ပုံစံတည်းဖြစ်ကြပြီး တစ်ဂူနှင့်တစ်ဂူ ပေ ၁၂၀ ကွာခြားကာ တောင်မြောက်တန်းလျက် တည်ရှိနေသည်။ ဂူဘုရားသုံးဆူအနက် အလယ်ဂူဘုရားသည် အကြီးဆုံးဖြစ်၍ ဘေးနှစ်ဆူတွင် လိုဏ်ဘတ်လမ်းများပါရှိကာဂူပေါ်သို့တက်ရန် လှေကားများရှိခဲ့သည်။

ဂူသုံးလုံး၏ မျက်နှာလေးဖက်လုံးတွင် မုခ်ပေါက်များပါရှိပြီး အတွင်း၌ ရုပ်ပွားတော်များရှိသည်။ ဂူသုံးလုံးကို ပုဂံခေတ်လွန်လက်ရာများဟုဆိုနိုင်ကာ တောင်ဘက်ဂူတွင် ပန်းတော့်လက်ရာများကျန်ရှိနေပြီး လက်ရာမြောက်သည့် ဘီလူးပန်းကိုက်နှင့် ဘီလူးပန်းဆွဲများကို မြင်တွေ့နိုင်ကြသည်။ တောင်ဘက်ဂူတွင်ရှိခဲ့သည့် နံရံဆေးပန်းချီများသည် မှေးမှိန်ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ ဂူဘုရားများတွင် စဉ့်ခွက်များထားရှိခဲ့သည့်နေရာ(စဉ့်ခွက်ရာ)များကို တွေ့ရှိနိုင်သော်လည်း စဉ့်ခွက်များကို မမြင်ကြရတော့ပါချေ။

နန်းဦးစေတီ

ပင်းယနန်းဦးစေတီသည် ဂူကြီးသုံးလုံး၏မြောက်ဘက်တွင် လယ်ကွင်းများအကြား၌ တည်ရှိနေပြီး ယခုအခါတွင် စေတီတော်ကို အုတ်ကုန်းကြီးတစ်ခုအဖြစ်သာ မြင်တွေ့ကြရသည်။ နန်းဦးစေတီ၏အနောက်တွင် ပင်းယနန်းတော်ရာရှိခဲ့ပြီး စေတီတော်ကို နန်းတော်ဦးတွင် တည်ထားခဲ့သဖြင့် နန်းဦးစေတီဟု အမည်တွင်ခဲ့သည်။ နန်းဦးစေတီကို တည်ထားခဲ့သူကို အတိအကျမသိရှိကြသော်လည်း ပင်းယမြို့တည် ခုနစ်ဌာနတွင် ပါဝင်သည့် နန်းတော်နှင့်အတူ တည်ခဲ့သည်ဟု ယူဆကြသဖြင့် နန်းဦးစေတီအလှူရှင်သည် ပင်းယတည်တစ်စီးရှင်သီဟသူဟု မှတ်ယူကြသည်။

နန်းဦးစေတီတော်သည် ပြိုပျက်နေပြီဖြစ်သဖြင့် မူလပုံစံကို မခန့်မှန်းနိုင်တော့ဘဲ လေးထောင့်ပန္နက်ကိုသာ မြင်နိုင်ကြသည်။ စေတီတော်၏ရှေ့မျက်နှာစာတွင် မုခ်ပေါက်တစ်ခုရှိသည်။ နန်းဦးစေတီမှ ညောင်ရမ်းခေတ်လက်ရာ စကျင်ရုပ်ပွားတော်တစ်ဆူကို ရရှိခဲ့သဖြင့် စေတီတော်ကို ညောင်ရမ်းခေတ်တွင် ပြန်လည်ပြုပြင်ခဲ့ဟန်ရှိကြောင်း ယူဆကြသည်။ ညောင်ရမ်းခေတ်လက်ရာ ယင်းရုပ်ပွားတော်(မင်းဝတ်ဘုရား)ကို အင်းဝပြတိုက်တွင် ပြသထားသည်။

နန်းဦးစေတီတော်၏ အနောက်တွင်ရှိသည့် ပင်းယနန်းတော်ရာကို ရှေးဟောင်းသုတေသနဦးစီးဌာနက ၁၉၉၄ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ တူးဖော်ခဲ့ပြီး သံဆူးကြိုးများကာရံကာ ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ပင်းယနန်းတော်သည် တောင်ဘက်သို့မျက်နှာမူလျက် စတုရန်းပေ ၁၂၀၀၀ ကျော် ကျယ်ဝန်းသည်။ မြေနန်းပြာသာဒ်ဆောင်၊ ဇေတဝန်ဆောင်၊ ဗောင်းတော်ဆောင်၊ တောင်စမုခ်ဆောင်၊ မြောက်စမုခ်ဆောင်တို့ ထည့်သွင်းတည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ ပင်းယနန်းတော်ရာ တူးဖော်မှုတွင် တွေ့ရှိရသည့် အထောက်အထားများအရ နန်းတော်သည် မီးလောင်ပျက်စီးခဲ့ကြောင်း တွေ့ရှိရသည်။ နန်းတော်ရာ အုတ်များသည် ပျမ်းမျှ အလျား ၁၈ လက်မ၊ အနံ ကိုးလက်မနှင့် အထူ သုံးလက်မခန့်ရှိပြီး အချို့အုတ်များတွင် စပါးခွံရာများကို တွေ့ရှိခဲ့ရသည်။

လွန်ခဲ့သော နှစ် ၇၀၀ ကျော်က မြန်မာ့သမိုင်းတွင် အထင်အရှားရှိခဲ့သည့် ပင်းယမြို့ဟောင်းရှိ စတုဂံပုံ နန်းတော်အုတ်မြို့ရိုးဟောင်း၊ ပင်းယ ဂူကြီးသုံးလုံးဖြစ်သည့် တောင်ဂူ၊ အလယ်ဂူနှင့် မြောက်ဂူ၊ ပင်းယ ရွှေစည်းခုံစေတီ၊ စေတီရင်ပြင်ရှိ ခိုနန်းချိုး အုတ်ဖိနပ်တိုင်နှင့် နန်းဦးစေတီတို့ အပါအဝင် အဆောက်အအုံ ၂၀ ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက စောင့်ရှောက်ထိန်းသိမ်းပြုပြင်ထားသည်။

ဥစ္စနာမင်းကြီးတည်ခဲ့သည်ဟု ယူဆရသည့် 'စကားခုနစ်ကျောင်း'နေရာသည်လည်း ပင်းယမြို့ဟောင်း၏ ထင်ရှားသော သမိုင်းဝင်နေရာများတွင် အပါအဝင်ဖြစ်သည်။ စကားကျောင်းများကို စကားသစ်သားဖြင့် တည်ဆောက်ခဲ့ပြီး ယင်းတို့တည်ရှိခဲ့သည့်နေရာကို ပင်ကျားအရပ်ဟုခေါ်ဆိုခဲ့ကာ ယခုအခါတွင် စကားကျောင်းနေရာများသည် ပျောက်ကွယ်ခဲ့ပြီဖြစ်သည်။ စာရေးဆရာဝိုလ်ရှိတ်က ထင်ရှားသော စကားကျောင်းနေရာတစ်ခုမှာ စကားအင်းရွာ၏အနောက်ဘက်၊ မင်းကွန်းဘုရား၏အနောက်ဘက် ကုန်းမြင့်နေရာဖြစ်ကြောင်း ညွှန်းပြခဲ့သည်။ ယင်းနေရာတွင် ကျောင်းဝိုင်းရာကို ပီပြင်စွာတွေ့ရှိနိုင်ကာ သဲကျောက်ဖြင့်ပြုလုပ်ထားသည့် သရက်ကင်းလေ့ကား ကျန်ရှိနေပြီး ယင်းနေရာသည် စကားကျောင်းများအနက် အလယ်အကျဆုံးကျောင်းနေရာဟု ယူဆရကြောင်း ရေးသားခဲ့သည်။

ပင်းယနီဂုံ

သတိုးမင်းဖျားသည် ဘထွေးတော် ပင်းယဘုရင် မင်းပြောက်နှင့် နောင်တော် စစ်ကိုင်းဘုရင် ဥဇနာပြောင်တို့ကို လုပ်ကြံပြီး ပင်းယတွင် ယာယီမင်းပြုခဲ့သည်။ ခရစ်နှစ် ၁၃၆၄ ခုနှစ် မေလတွင် စစ်ကိုင်းပျက်ခဲ့ပြီး ဇွန်လတွင် ပင်းယပျက်ခဲ့သည်။ သတိုးမင်းဖျားသည် ပင်းယနှင့် စစ်ကိုင်းကိုပူးပေါင်းလျက် မင်းပြုပြီး မကြာမီ ပင်းယသည် မြို့အနေအထား မကောင်းသဖြင့် ရန်သူကိုမလုပ်ကြံသာဟု ယူဆလျက် မြန်မာသင်္ကရာဇ် ၇၂၆ ခုနှစ် တပေါင်းလဆန်း ၆ ရက် အင်္ဂါနေ့(ခရစ်နှစ် ၁၃၆၄ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်)တွင် အင်းဝကို တည်ထောင်နန်းစံခဲ့သည်။ သတိုးမင်းဖျားသည် စစ်ကိုင်းမြို့တည် အသခံယာစောယွန်း၏သမီး စိုးစံကိုယ်တော်ကြီးနှင့် တကောင်းမင်းရိုး သတိုးတို့၏ သားဖြစ်ပြီး အင်းဝမြို့တည် မြန်မာသင်္ကရာဇ်ကို "ထုတ်ခွန်သာ အင်းဝတည်"ဟု မှတ်သားခဲ့ကြသည်။

ပုဂံမင်းဆက်နောက်ဆုံးဘုရင် စောဖွန်နစ်သည် ပင်းယနှင့် စစ်ကိုင်း ပျက်ပြီးချိန်တွင် ပုဂံတွင် နန်းစံနေခဲ့သော်လည်း သတိုးမင်းဖျားသည် အင်းဝကိုထူထောင်၍ အင်အားကြီးမားလာချိန် ခရစ်နှစ် ၁၃၆၈ ခုနှစ်တွင် အင်းဝဘုရင်ထံ အည့်ခံခဲ့သဖြင့် ပုဂံ၊ ပင်းယ၊ စစ်ကိုင်းခေတ်များ အဆုံးသတ်ခဲ့သည်။ ပင်းယနှင့် စစ်ကိုင်းပျက်ပြီး သတိုးမင်းဖျားထူထောင်ခဲ့သည့် အင်းဝသည် ခရစ်နှစ် ၁၃၆၄ ခုနှစ်မှ ၁၇၅၁ ခုနှစ်အထိ နှစ် ၄၀၀ နီးပါး သက်တမ်းရှည်ကြာခဲ့ကာ မင်းနေပြည်တော်လေးကြိမ်ဖြစ်ခဲ့သည်။

အင်းဝနှင့်အတူ ပင်းယနှင့် စစ်ကိုင်းသည် သမိုင်းဝင်မြို့ဟောင်းများဖြစ်ကြကာ ပင်းယတွင် မင်းခြောက်ဆက်၊ စစ်ကိုင်းတွင် မင်းခုနစ်ဆက်၊ အင်းဝတွင် မင်း ၃၁ ဆက် အုပ်ချုပ်ခဲ့ကြသည်။ မြန်မာ့သမိုင်းတွင် အချိန်ကာလ မကြာမြင့်ခဲ့သော်လည်း ခေတ်တစ်ခေတ်အဖြစ် သမိုင်းဝင်ခဲ့သည့် ပင်းယသည် ပုဂံနှင့် အင်းဝခေတ်အကြား မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကြွင်းကျန်နေခဲ့သည့် ရှေးဟောင်းမြို့တစ်ခုအဖြစ် ထင်ရှားစွာ တည်ရှိနေပေသည်။ ။

ကိုးကား

(၁) မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)၊ (၉)
(၂) တွင်းသင်းမဟာရာဇဝင်သစ်(ပထမတွဲ)
(၃) မြန်မာရာဇဝင်အကျဉ်း(လှသမိန်)
(၄) အင်းဝနန်းစံမင်းများနှင့် သမိုင်းဝင်နေရာများ (ဝိုလ်ရှိတ်-ရတနာပူရ)

စွန့်ဦးတီထွင်ဇွဲကပင် ဟောပြောပွဲနှင့် အလုပ်အကိုင်ပြပွဲကျင်းပ

ဘားအံ စက်တင်ဘာ ၄

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက ကြီးမှူးဖွဲ့စည်း၍ စွန့်ဦးတီထွင် ဇွဲကပင် ဟောပြောပွဲနှင့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲကို စက်တင်ဘာ ၂ ရက်က ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့သည်။

မြန်မာ့စွန့်ဦးတီထွင်သူ အသိုင်းအဝိုင်း တည်ထောင်ရာ၌ ကရင်ပြည်နယ်မှ လူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များလည်း အတူတကွပါဝင်နိုင်ရန် ရည်သန်၍ ကရင်ပြည်နယ်၏ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအား ကူညီထောက်ပံ့ပေးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်နယ်အတွင်းရှိ အသေးစား အလတ်စား လုပ်ငန်းများ ဈေးကွက်ပိုမိုရရှိလာစေရန်၊ ငွေကြေးအရင်းအနှီးနှင့် စီးပွားရေးကွန်ရက်ကောင်းများ ရရှိလာစေရန်၊ လူစွမ်းအားအရင်းအမြစ် တိုးတက်လာစေရန်နှင့်လူငယ်များအတွက် အလုပ်အခွင့်အလမ်းများ ချိတ်ဆက်ပေးနိုင်ရန် ရည်ရွယ်ချက်များဖြင့် အဆိုပါ ဟောပြောပွဲနှင့် အလုပ်အကိုင်ပြပွဲကိုကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဟောပြောပွဲတွင် ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်က အမှာစကားပြောကြားပြီး Myanmar Young Entrepreneurs Association ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအကြောင်းကို ရှင်းလင်းပြောကြားကာ စွန့်ဦးတီထွင်ဇွဲကပင် ဟောပြောပွဲနှင့်ပတ်သက်၍ ကရင်ပြည်နယ်မှ လူငယ်လုပ်ငန်းရှင် တစ်ဦးနှင့် MYEA Regional Development Committee ဥက္ကဋ္ဌ ဒေါက်တာမေပြည့်စုံကြွယ်တို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်၏ စီးပွားရေးအခွင့်အလမ်းများခေါင်းစဉ်ဖြင့် ကိုစောဘိုဘို(Senior Banker)က လည်းကောင်း၊ Kudos To You ၏ CEO & Founder ဖြစ်သော ကိုကောင်ငြိမ်းစိုးက အနာဂတ်ကို ကိုယ်ပိုင်တယ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကိုမင်းကိုနိုင်နှင့် လူငယ်လုပ်ငန်းရှင်များ၏ (Panel Discussion) ဆွေးနွေးခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့သည်။

ဟောပြောပွဲနှင့်အတူ အလုပ်အကိုင်ရှာဖွေလိုသော လူငယ်များနှင့် ကျွမ်းကျင်လုပ်သားရှာဖွေလိုသော လုပ်ငန်းရှင်များကို ချိတ်ဆက်ပေးမည့် အလုပ်အကိုင်ပြခန်းများကိုလည်း ဖွင့်လှစ်ထားရှိပြီး MarlarMyaing၊ SBS Delivery၊ Toyo Battery၊ Dagon International နှင့် Pro 1(Mawlamyine)တို့မှ အလုပ်အကိုင်များ ခေါ်ယူခဲ့ကြသည်။

ဟောပြောပွဲနှင့် အလုပ်အကိုင်ပြပွဲသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံ စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ စပွန်ဆာကုမ္ပဏီများ၊ ပြည်နယ်အတွင်းမှ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ ဒေသတွင်းမှ စီးပွားရေးကို စိတ်ပါဝင်စားသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်း

ပန်းတောင်း စက်တင်ဘာ ၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ပန်းတောင်းမြို့နယ် ပဲကြီးကျေးရွာအုပ်စု ပဲကြီးကျေးရွာ၌ ဖွင့်လှစ်ခဲ့သော အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို စက်တင်ဘာ ၃ ရက်က အဆိုပါကျေးရွာရှိ လယ်ပေါ်ကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပဲခူးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်ထောက်အင်ဂျင်နီယာ ဒေါ်လွင်မာအောင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းသူများထဲမှ ထူးချွန်သည့် သင်တန်းသူသုံးဦးအား စက်ချုပ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် အပ်ချုပ်စက်တစ်လုံး စီနှင့် ဆက်စပ်ပစ္စည်းများကို ဆုချီးမြှင့်ခဲ့သည်။

သင်တန်းတွင် အမျိုးသမီးအဝတ်အထည်အမျိုးမျိုး၊ ထဘီအမျိုးမျိုး(ရိုးရိုးထဘီ၊ ချိတ်ထဘီ၊ သုံးလွှာ/လေးလွှာစကပ်)၊ ဘောင်းဘီ၊ အမျိုးသမီးဝတ်ဂါဝန်၊ ကလေးဝတ်(ဂါဝန်၊ အင်္ကျီ) ချုပ်လုပ်နည်းများကို စင်တီမီတာနည်းစနစ်ဖြင့် သင်ကြားပို့ချခဲ့ကြောင်း၊ သင်တန်းကာလမှာ သြဂုတ် ၄ ရက်မှ စက်တင်ဘာ ၃ ရက်အထိ တစ်လကြာမြင့်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရ၏ခွင့်ပြုငွေဖြင့် အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း၊ သင်တန်းသို့ ပဲကြီးကျေးရွာအုပ်စုအတွင်းမှ ဒေသခံအမျိုးသမီး သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ဖြည်)**

လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းပြီးစီးမှု ကျေးရွာလူထု စစ်ဆေးအတည်ပြု

ကျောက်တန်း စက်တင်ဘာ ၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကမ္ဘာဘဏ်တို့ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ကမာလမ်းကျေးရွာတွင် ဆောင်ရွက်ခဲ့ရာ စီမံကိန်းလုပ်ငန်းများ ပြီးစီးမှုကို ကျေးရွာနေလူထုက သြဂုတ် ၃၁ ရက်တွင် စစ်ဆေးအတည်ပြုခဲ့ကြောင်း သိရသည်။

ကမာလမ်းကျေးရွာတွင် လူထုဗဟိုပြုစီမံကိန်း ရန်ပုံငွေဖြင့် အလျား ပေ ၆၅၀၊ အကျယ် ငါးပေရှိ ကွန်ကရစ်လမ်းခင်းခြင်း၊ အလျားပေ ၂၀၀၊ အကျယ် သုံးပေရှိ ကျေးရွာတွင်းကွန်ကရစ်လမ်း တိုးချဲ့ခြင်း၊ အလျားပေ ၁၈၀၊ အမြင့် ငါးပေရှိ စာသင်ကျောင်းခြံစည်းရိုး ကာရံခြင်းနှင့် အလျားပေ ၅၀၊ အနံ ပေ ၅၀ ရှိ ကလေးကစားကွင်း တည်ဆောက်ခြင်းစသည့် လုပ်ငန်းခွဲလေးရပ်ကို ငွေကျပ် ၁၈၄ သိန်းကျော် အကုန်အကျခံဆောင်ရွက်ခဲ့ရာ လုပ်ငန်းများကို ကျေးရွာလူထု စိတ်ကျေနပ်မှုရှိမရှိ သိရှိစေရန်အတွက် လူထုစစ်ဆေးပွဲကို ဝိစိတ္တာရာမဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါလူထုစစ်ဆေးပွဲတွင် လူထုဗဟိုပြုစီမံကိန်းမှ လက်ထောက်နည်းပညာမှူး ဒေါ်ချိုသက်မာနှင့် လူထုစည်းရုံးရေးမှူး ဒေါ်အိအိဖြိုးတို့၏ ကြီးကြပ်မှုဖြင့် ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး ကျေးရွာနေပြည်သူများက စာရင်းများစစ်ဆေးကြည့်ရှုကာ အများဆန္ဒဖြင့် သဘောတူ အတည်ပြုခဲ့ကြကြောင်း သိရသည်။ **(၀၁၉)**

စစ်ကိုင်းမြို့တွင် အခြေခံသတင်းပညာသင်တန်းဖွင့်

စစ်ကိုင်း စက်တင်ဘာ ၄

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(MJA)၏ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ကြီးမှူး၍ စစ်ကိုင်းမြို့ မြန်မာ့ကျောက်မျက်လုပ်ငန်းရှင်များအသင်းရုံး ဒုတိယထပ်၌ ပထမအကြိမ် အခြေခံသတင်းပညာ ရက်တိုသင်တန်းကို စက်တင်ဘာ ၂ ရက်မှစ၍ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း စစ်ကိုင်းတိုင်းဒေသကြီးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်း(ယဉ်ယဉ်သိန်း-နဘား)၊ စစ်ကိုင်းမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်(မောင်မျက်ရှင်-စစ်ကိုင်း)၊ စစ်ကိုင်းခရိုင် မူခင်းသတင်းထောက်များအဖွဲ့ဒုဥက္ကဋ္ဌ ဦးဝင်းမော်နှင့် မြန်မာနိုင်ငံ သတင်းစာဆရာအသင်း(ဗဟို)တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ဒေါ်လွတ်လပ်စိုးတို့က အမှာစကားပြောကြားသည်။

သင်တန်းသို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဦး၊ ခင်ဦး၊ နဘား၊ ကသာ၊ ကောလင်း၊ ဝန်းမောက်နှင့် အင်းတော်မြို့နယ်တို့မှ သတင်းသမား ၃၈ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂ ရက်မှ စက်တင်ဘာ ၆ ရက်အထိဖြစ်သည်။ သင်တန်းတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း(ဗဟို)တွဲဖက်အထွေထွေအတွင်းရေးမှူး(၂) ဆရာမ ဒေါ်လွတ်လပ်စိုး၊ မန္တလေးတိုင်းဒေသကြီး သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဆရာဦးဘဦး၊ ဆရာမ မမ(လားရှိုး)၊ စစ်ကိုင်းတိုင်းဒေသကြီး သတင်းစာ ဆရာအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်သိန်းနှင့် မြန်မာနိုင်ငံ ရှေ့နေများကွန်ယက်မှ ဆရာ ဦးသိန်းသန်းဦးတို့က သတင်းပညာများ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(အင်းတော်)

မှုခင်းသတင်းတိုများ

ချောင်းနက်–နေပြည်တော်လမ်းဆုံ၌ တရားမဝင်သစ်ကားတစ်စီးဖမ်းမိ

တောင်တွင်းကြီးမြို့နယ် ချောင်းနက်-နေပြည်တော်လမ်းဆုံ၌ စက်တင်ဘာ ၁ ရက်က တရားမဝင်သစ်များ သယ်ဆောင်လာသော ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ကြောင်း ဆတ်သွားနယ်မြေရဲစခန်းမှ သိရသည်။ တောင်တွင်းကြီးမြို့မရဲစခန်းမှ ရဲအုပ်အောင်ခိုင်စိုးနှင့်အဖွဲ့က မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးတိုးလင်း၏အဖွဲ့နှင့် ပူးပေါင်း၍ တရားမဝင်သစ်များဖမ်းဆီးရေး ချောင်းနက်-နေပြည်တော်လမ်းဆုံ၌ စစ်ဆေးမှုများဆောင်ရွက်စဉ် အောင်လံဘက်မှ တောင်တွင်းကြီးဘက်သို့ ယာဉ်မောင်း ဝင်းလှိုင် (၃၄ နှစ်) မောင်းနှင်လာသည့် နံပါတ်မပါ အဖြူရောင်ဖောကားထဲမှ ချဉ်ယုတ်သစ်ခွဲသား ဆိုက်စုံ ၃၂ ချောင်း(အလေးချိန် ၅ ဒသမ ၃၈၂၆ တန်)၊ ပျဉ်းကတိုးသစ်ခွဲသား သုံးချောင်းနှင့် နဘဲသစ်ခွဲသား နှစ်ချောင်းတို့ကို တရားမဝင်သယ်လာကြောင်း တွေ့ရသဖြင့် သစ်ပိုင်ရှင် ယာဉ်မောင်းဝင်းလှိုင်နှင့်အတူ ယာဉ်ပေါ်ပါသူ အောင်နိုင်ကျော်(၃၉ နှစ်)နှင့် မျိုးလေး(၁၈ နှစ်)တို့အား တောင်တွင်းကြီးမြို့နယ် ဆတ်သွားနယ်မြေရဲစခန်း၌ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

ချဲထီလောင်းကစားသူအား ဖမ်းဆီးရမိ

ကချင်ပြည်နယ် မိုးညှင်းမြို့ပေါ် နားခါတောင်ရပ်ကွက်အတွင်းမှ တရားမဝင် ချဲထီလောင်းကစားသူတစ်ဦးအား လောင်းကစားရာတွင်အသုံးပြုသည့် မှတ်တမ်းစာအုပ်များနှင့် လောင်းကြေးငွေဟုယူဆရသည့် ငွေကြေးများနှင့်အတူ စက်တင်ဘာ ၁ ရက်က ဖမ်းမိခဲ့ကြောင်း သိရသည်။ အဆိုပါရပ်ကွက်နေ ဦးသန်းရွှေ၏အိမ်၌ တရားမဝင် ချဲထီလောင်းကစားနေကြောင်း သတင်းအရ မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ဒုစုရုံးကိုနှိမ်နင်းရေးဌာနမှ ရဲအုပ်မြင့်သူနှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ဦးသန်းရွှေအား ချဲထီလောင်းကစားသူအမည်နှင့် လောင်းကြေးငွေပမာဏများ ရေးသားထားသော စာအုပ်များနှင့်အတူ လောင်းကြေးငွေများဟုယူဆရသည့် ငွေကျပ် ၅၆၃၇၀၀ ကို တွေ့ရှိသဖြင့် ဦးသန်းရွှေ (၅၇ နှစ်)အား မိုးညှင်းမြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။ **(၀၆၇)**

အင်းတော်မြို့နယ်တွင် စာသင်ကျောင်းမှ ပစ္စည်းခိုးယူသူကို ဖမ်းမိ

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကူးကာကျေးရွာရှိ မူလတန်းကျောင်းအတွင်းမှ ပစ္စည်းများကို ခိုးယူသူတစ်ဦးအား စက်တင်ဘာ ၂ ရက်က ဖမ်းမိခဲ့ကြောင်းသိရသည်။ အဆိုပါကျောင်းမှ ကျောင်းအုပ်ကြီးဒေါ်မိုးတင်သည် စက်တင်ဘာ ၂ ရက်နံနက် အိမ်မှကျောင်းသို့လာစဉ် ကျောင်းတံခါးပွင့်နေသည်ကိုတွေ့၍ ကျောင်းကော်မတီများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းရုံးခန်းအတွင်း ထားရှိသော Coeca အမျိုးအစား အောက်စက်တစ်လုံးနှင့် Sunny အမျိုးအစားကက်ဆက်တစ်လုံး တန်ဖိုးကျပ် ၇၀၀၀၀ ခန့် ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ခိုးယူသူအား စုံစမ်းခဲ့ရာ ပစ္စည်းများကိုခိုးယူသူမှာ ကျေးရွာနေ ငြိမ်းချမ်းဆိုသူဖြစ်ကြောင်း သိရသဖြင့် ငြိမ်းချမ်းအား မော်လူးနယ်မြေရဲကင်းစခန်း၌ ဖမ်းဆီးအမှုဖွင့်ထားကြောင်း သိရသည်။ **လူအောင်(ကသာ)**

ကမ်းပြိုကျမှုကာကွယ်ရေး ပူးပေါင်းဆောင်ရွက်

အင်္ဂပူ စက်တင်ဘာ ၄

အင်္ဂပူမြို့နယ် ညောင်ကျိုးဒေသအတွင်းမှ ရေဘေးသင့်ပြည်သူများအား အမှတ်(၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ဆေးကုသရေးအဖွဲ့နှင့် ညောင်ကျိုးတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်းပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စက်တင်ဘာ ၂ ရက်က ဆောင်ရွက်ပေးခဲ့ကာ တပ်မတော်သားများက ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍လည်း ကမ်းပြိုကျမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အမှတ်(၅) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ဗိုလ်မှူးသန့်ဇင်လတ်တို့ ဦးဆောင်သော ဆေးကုသရေးအဖွဲ့က ညောင်ကျိုးတိုက်နယ်ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်းပြီး ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကာ ဒေသခံပြည်သူ ၁၅၀ အား အခမဲ့ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ တပ်မတော်သားများသည် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲရင့်လှိုင် ဦးဆောင်သော ဌာနဆိုင်ရာများနှင့် နောက်မီးကျေးရွာအုပ်စု ကြို့ကုန်းကျေးရွာမှ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍လည်း ညောင်ကျိုးဒေသနှင့် အင်္ဂပူမြို့ကြား ဆက်သွယ်ထားသော လမ်းမကြီးအနီးတွင် ဝေါနဒီမြစ်ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးပြိုကျမှု ကာကွယ်ထိန်းသိမ်းရေးအတွက် ရေကာတန်းရိုက်ခြင်း၊ သဲအိတ်ချခြင်းလုပ်ငန်းများ လုပ်ကိုင်နေမှုတွင် ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရမည်းသင်း စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ကျေးရွာများ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဗဟိုပြုစီမံကိန်း ပထမနှစ်စက်ဝန်း လုပ်ငန်းဆောင်ရွက်မှုအတွက် အကောင်းဆုံးဆုများ ရွေးချယ်ရန် စီမံကိန်းဆောင်ရွက်နေသော ကျေးရွာများသို့ မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စက်တင်ဘာ ၂ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၃ အုပ်စုမှ ပဏာမရွေးချယ်ထားသော ကျေးရွာအုပ်စု ခုနစ်စု၊ ကျေးရွာ ၁၀ ရွာသို့ မြို့နယ်စီမံကိန်းရေးဆွဲရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှုကော်မတီ ဥက္ကဋ္ဌ ဦးထက်မြက်အောင်နှင့် အဖွဲ့ဝင် ၁၅ ဦးတို့က နေပြည်တော် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်သိုညိုဝင်းနှင့် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှူး ဦးသောင်းထိုက်တို့နှင့်အတူ ကျေးရွာများမှ လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့ဝင်များအားတွေ့ဆုံကာ စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

သတင်းတိုများ

ဂန့်ဂေါမြို့နယ် မြစ်သာတမံအတွင်း ငါးမျိုးစိုက်ထည့်

ဂန့်ဂေါမြို့နယ်အတွင်း တည်ဆောက်လျက်ရှိသည့် မြစ်သာရေလှောင်တမံထဲသို့ ငါးမျိုးစိတ်များ စုပေါင်းစိုက်ထည့်ပွဲကို ဂန့်ဂေါခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဦးစီး၍ စက်တင်ဘာ ၂ ရက်က ဆောင်ရွက်ခဲ့ပြီး ငါးခုံးမကြီး ကောင်ရေ နှစ်သိန်းနှင့် ငါးမြစ်ချင်း ကောင်ရေ တစ်သိန်းတို့ကို ရေလှောင်တမံအတွင်းသို့ မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ ငါးမျိုးစိုက်ထည့်ပွဲတွင် ဂန့်ဂေါခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိန်းဆွေ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ခိုင်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစိန်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက မကွေးတိုင်းဒေသကြီး ပွင့်ဖြူငါးသားဖောက်စခန်းမှ ထောက်ပံ့သော ငါးမျိုးများကို စိုက်ထည့်ခဲ့သည်။ မြစ်သာတမံတွင် ငါးမျိုးစိုက်ထည့်ခြင်းကို ၂၀၁၆ ခုနှစ်ကလည်း ပထမအကြိမ် ဆောင်ရွက်ခဲ့ပြီး ငါးခုံးမကြီး ကောင်ရေ နှစ်သိန်းနှင့် ငါးမြစ်ချင်း ကောင်ရေ တစ်သိန်းခွဲကို စိုက်ထည့်ခဲ့ကြောင်း သိရသည်။ **(၁၀၁)**

လူငယ်နှင့် စီးပွားရေးစွန့်စားခြင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

လူငယ်နှင့် စီးပွားရေးစွန့်စားလိုစိတ်ရှိသူများ စကားဝိုင်းဆွေးနွေးပွဲကို မန္တလေး ချမ်းအေးသာစံမြို့နယ် (၇၁) လမ်းနှင့် (၂၆) လမ်းထောင့်ရှိ ဂျက်ဖာဆန်စင်တာ၌ စက်တင်ဘာ ၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် အမေရိကန်သံရုံးမှ ဒုတိယသံအမတ်ကြီး Mr.George Sibley က အမှာစကားပြောကြားပြီး ကိုဝေယံပိုင်နှင့် မဖြိုးဖြိုးအောင်တို့က စကားဝိုင်းတွင် ဦးဆောင်၍ လူငယ်နှင့် စီးပွားရေးဆိုင်ရာ စွန့်စားလိုစိတ်ရှိသူများအကြောင်း၊ စီးပွားရေးဆိုင်ရာ စွန့်စားခြင်းအကြောင်းတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။
အောင်စံမောင်

အလှကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အာဆီယံစံနှုန်းနှင့်အညီ ထုတ်လုပ်ရမည်

ရန်ကုန် စက်တင်ဘာ ၄

ပြည်သူများ ဘေးကင်းလုံခြုံရေးနှင့် အရည်အသွေးကောင်းမွန်သော အလှကုန်ပစ္စည်းများ သုံးစွဲနိုင်ရေးအတွက် ပြည်တွင်းအလှကုန်ထုတ်လုပ်သူများအနေဖြင့် အာဆီယံစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်ရန်လိုအပ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

“အာဆီယံအလှကုန်ပစ္စည်းအသင်းနှင့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးအဖွဲ့က ပြည်သူလူထု ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးမီအလှကုန်ပစ္စည်းတွေ သုံးစွဲနိုင်ဖို့အတွက် ၁၉၉၈ ခုနှစ်က စတင်အဆိုပြု ဆောင်ရွက်ခဲ့ပါတယ်။ ဒီနောက် ၂၀၀၃ ခုနှစ် စက်တင်ဘာ ၂ ရက်နေ့မှာ အာဆီယံ အလှကုန်ပစ္စည်းဆိုင်ရာဆေးဝါးနှင့် သဘောတူညီချက်ကို အာဆီယံ ၁၀ နိုင်ငံက လက်မှတ်ရေးထိုးခဲ့ပါတယ်။ အဲဒီသဘောတူညီချက်အရ အာဆီယံအလှကုန်ပစ္စည်း ကွပ်ကဲရေးဆိုင်ရာ ပြဋ္ဌာန်းချက်ကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့မှာ စတင်အကောင်အထည်ဖော်ဖို့ သဘောတူညီခဲ့ကြပါတယ်။ ဒီသဘောတူညီချက်အရ အလှကုန်ပစ္စည်း တင်သွင်းတဲ့သူ၊ တင်သွင်းဖြန့်ချိတဲ့သူတွေရဲ့ တာဝန်ဝတ္တရားတွေ သတ်မှတ်ထားတာတွေ ရှိပါတယ်။ အဲဒါတွေကတော့ ကျန်းမာရေးအတွက်စိတ်ချရတဲ့ အလှကုန်တွေ ထုတ်လုပ်စေဖို့အတွက် တာဝန်ခံရပါတယ်။ အညွှန်းအမှတ်အသားတွေနဲ့ ကိုက်ညီစေဖို့ တာဝန်ယူရပါမယ်။ စံချိန်စံညွှန်း ကိုက်ညီစေဖို့ တာဝန်ယူရပါမယ်။ သုံးစွဲသူတွေ ကျန်းမာရေးမထိခိုက်စေဖို့လည်း တာဝန်ယူရပါမယ်။ အာဆီယံသတ်မှတ်ချက်နဲ့ မကိုက်ညီတဲ့ အလှကုန်ပစ္စည်းတွေကိုလည်း ဈေးကွက်တင်ပို့ရောင်းချခြင်း မပြုလုပ်ဖို့ လိုပါတယ်”ဟု အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသဇင်ရီလှိုင်က ပြောသည်။ ရန်ကုန်မြို့ ကုန်သည်စက်မှုအသင်းချုပ်၌ပြုလုပ်သော (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံအလှကုန်အသင်း လုပ်ငန်းရှင်များအား အသိပညာပေးဆွေးနွေးပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောကြားခြင်းဖြစ်သည်။

ထို့အပြင် အလှကုန် တင်သွင်းဖြန့်ချိသူများအနေဖြင့်လည်း မိမိတို့ တင်သွင်းဖြန့်ချိထားသော အလှကုန်ပစ္စည်းများကို ဈေးကွက်ထောက်လှမ်းစောင့်ကြည့်ရန် လိုကြောင်း၊ အရည်အသွေးမပြည့်မီသော ထုတ်ကုန်များကို ဈေးကွက်မှပြန်သိမ်းပေးရန် တာဝန်ရှိကြောင်း၊ ထုတ်လုပ်သူများအနေဖြင့်လည်း အလှကုန်ပစ္စည်းများတွင် ပါဝင်ရမည့် ကုန်ကြမ်းများ၊ ဆိုးဆေးသတ်မှတ်ချက်များ၊ တာရှည်ခံပစ္စည်းများကို အာဆီယံသတ်မှတ်ချက်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားသည်။

ယခုအခါ ပြည်တွင်းတွင် အလှကုန်ထုတ်လုပ်သူလုပ်ငန်းရှင် ၂၂ ဦးရှိကြောင်း သိရသည်။ ထို့အတူ ပြည်တွင်း၌ ရောင်းချနေသော အလှကုန်များထဲတွင် တားမြစ် ဓာတုဆေး အသုံးပြုထားသည့် သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်း ၅၃ ခုအထိ တွေ့ရှိထားကြောင်းလည်း သိရသည်။
သတင်း-မြင့်မောင်စိုး၊ ဓာတ်ပုံ-တင်စိုး

ချောင်းကူးတံတား ရေမျောပါသွား၍ ဆိုင်ကယ်အငှားထမ်းသူများကို အားထားနေရ

ဇန်းမောက် စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဇန်းမောက်မြို့နယ်အတွင်း ဩဂုတ်လကုန်ရက်ပိုင်းများက မိုးများသည်းထန်စွာရွာသွန်းခဲ့၍ ရေကြီးရေလျှံမှုများဖြစ်ကာ လေးသီချောင်းဖြတ် လူကူးသစ်သားတံတားသည် ချောင်းအတွင်း မျောပါသွားခဲ့ပြီးနောက် အဆိုပါနေရာတွင် ချောင်းဖြတ်ကူးမည့် ပြည်သူများအနေဖြင့် ဆိုင်ကယ်အငှားထမ်းပေးသူများကို အားကိုး၍ ချောင်းကို ဖြတ်ကူးနေရကြောင်း သိရသည်။

လေးသီချောင်းသည် ဇန်းမောက်မြို့နှင့် သုံးမိုင်အကွာအဝေးတွင်ရှိပြီး မဲဇာချောင်းအနောက်ကမ်းရှိ လယ်ဦး၊ ထီးတော်ကိုင်၊ ဟဲချိန်၊ ပါသက်၊ ပေကုန်း၊ ပန်းတော၊ ဥမှင်၊ ကျွန်းကုန်း၊ ပင်လုံ၊ တုံးလှော်၊ ညောင်ခြေထောက်၊ တောနောက်နှင့် လေးသီကျေးရွာများတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ဇန်းမောက်မြို့သို့ ဆက်သွယ်ရာတွင် ထိုတံတားကို အဓိက အားထားနေရခြင်းဖြစ်သည်။ “လမ်းပန်းဆက်သွယ် သွားလာရေးက လေးသီချောင်းကူးတံတား ပါသွားတော့ အတော်လေး အခက်တွေ့နေပါတယ်။ ဒီလမ်းကနေ ရွာအတော်များများကို သွားလာကြရတာပါ”ဟု ဇန်းမောက်မြို့နယ် ပါသက်ကျေးရွာမှ ဦးသင်းဖေက ပြောသည်။

အဆိုပါ လူကူးတံတား ရေမျောပါသွားပြီးနောက်တွင် ချောင်းကိုဖြတ်ကူးသူ လူများအနေဖြင့် လူလွတ်အတိုင်း ကူးနိုင်ကြသော်လည်း ဆိုင်ကယ်ဖြင့်ဖြတ်ကူးမည့်သူများအနေဖြင့် ဆိုင်ကယ်အငှားထမ်း၍ ဖြတ်ကူးပေးသူများကို အားထားကြရကြောင်း၊ လက်ရှိအချိန်တွင် ဆိုင်ကယ်အငှားထမ်းပေးသူများက ဆိုင်ကယ်တစ်စီးလျှင် ကျပ်နှစ်ထောင်နှုန်းဖြင့် ဖြတ်ကူးပေးနေကြကြောင်း၊ ချောင်းကူးတံတား ပျက်စီးသွားချိန်မှစ၍ ဆိုင်ကယ်ဖြင့်ဖြတ်ကူးသူများမှာ အငှားထမ်းသူများဖြင့်သာ ဖြတ်ကူးနေရသလို ချောင်းကို ဆိုင်ကယ်ဖြင့်ဖြတ်ကူးသော ဒေသခံအရေအတွက်မှာ များပြားသဖြင့် ဆိုင်ကယ်အငှားထမ်းကူးပေးနေသူများမှာ ဝင်ငွေအဆင်ပြေလျက်ရှိကြောင်း သိရသည်။
(၀၇၆)

ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးအစီအစဉ်တွင် အမျိုးသမီးများအား ဦးစားပေးပါဝင်စေခြင်းဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၄

မွန်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးအစီအစဉ်တွင် အမျိုးသမီးများအား ဦးစားပေးပါဝင်စေခြင်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို မွန်ပြည်နယ်အစိုးရ၊ ပြည်နယ်လွှတ်တော်နှင့် UN Women အဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် သံဖြူဇရပ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ စက်တင်ဘာ ၂ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်နှင့် UN Women အဖွဲ့မှ အမျိုးသား စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်စန္ဒာဝင်းတို့က အမှာစကားပြောကြားသည်။ ‘အမျိုးသမီးများနှင့် အမျိုးသားများအပေါ်တွင် ပဋိပက္ခ၏ သက်ရောက်မှုများနှင့် ငြိမ်းချမ်းရေးတွင် အမျိုးသမီးများ ပါဝင်အထောက်အကူပြုမှုများကို ပိုမိုသိမြင်လာစေရန်’ နှင့် ‘မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်မှုများနှင့် သူတို့၏ဦးစားပေးမှုများကို ပိုမိုသိမြင်လာစေရန်’ စသည့် ရည်ရွယ်ချက်များဖြင့် ဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ စုစုပေါင်း အင်အား ၅၀ ဦး တက်ရောက်ကာ ဆွေးနွေးပွဲကို နှစ်ရက်ကြာကျင်းပကြောင်း သိရသည်။ **ကျော်ဝင်း(သံဖြူဇရပ်)**

မှိုအရေပြားရောဂါအကြောင်း သိကောင်းစရာများ ဟောပြော

ရန်ကုန် စက်တင်ဘာ ၄

လေထုထဲမှတစ်ဆင့် ကူးစက်မှုဖြစ်ပွားနိုင်သော မှိုအရေပြားရောဂါအကြောင်း သိကောင်းစရာများနှင့်ပတ်သက်၍ စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေပြားကုဌာနမှ ပါမောက္ခဒေါက်တာ ခိုင်ခိုင်ဇော်က မှိုအရေပြားရောဂါ သိကောင်းစရာများနှင့်စပ်လျဉ်း၍ ဟောပြောသည်။

မှိုအရေပြားရောဂါဆိုသည်မှာ FUNGI ခေါ် မှိုတစ်မျိုးကြောင့်ဖြစ်ပွားသော အရေပြားရောဂါဖြစ်ကြောင်း၊ ယင်းမှိုများသည် လေထုထဲတွင်ပျံ့နှံ့နေလေ့ရှိပြီး လူ၏ခန္ဓာကိုယ်နှင့် ထိတွေ့မိကာ အခန့်မသင့်လျှင် မှိုအရေပြားရောဂါဖြစ်ပွားနိုင်ကြောင်း၊ ၂၀၁၁ ခုနှစ် စစ်တမ်းများအရ ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်း(လူဦးရေ သန်း ၁၅၀၀)ခန့်၊ တစ်နည်းအားဖြင့် လူလေးဦးလျှင် တစ်ဦးနှုန်း မှိုအရေပြားရောဂါ ခံစားနေရကြောင်း ၎င်းက ပြောသည်။

မှိုအရေပြားရောဂါသည် အများသိကြသည့် ပွေး၊ ဝါယားနာ၊ ညှင်းနှင့် သဲဝဲစားနာ ဖြစ်ပွားခြင်းပင်ဖြစ်ကြောင်း၊ ခန္ဓာကိုယ်၏ အရေပြားပေါ်တွင် မည်သည့်နေရာ၌မဆို ဖြစ်ပွားနိုင်ကြောင်း၊ အထူးသဖြင့် အရေပြားနှစ်ခု ထိစပ်နေရာများဖြစ်သည့် ကျိုင်း၊ ပေါင်ခြံ၊ လည်ပင်းတို့တွင် ပိုမိုတွေ့ရကြောင်း၊ မှိုအရေပြားရောဂါသည် ပူနွေးစိုစွတ်သော အခြေအနေများတွင် ပိုမိုဖြစ်ပွားလေ့ရှိကြောင်း ၎င်းက ပြောကြားသည်။

ယင်းရောဂါများသည် မွေးကင်းစကလေးများ၊ ဆီးချိုရောဂါရှိသူများ၊ သံဓာတ်နှင့် ဇင့်ဓာတ်ချို့တဲ့သူများ၊ အဝလွန်သူများ၊ ပူနွေးစိုစွတ်သောပတ်ဝန်းကျင်၌ အလုပ်လုပ်သူများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ခံအားနည်းသူများ၊ နာတာရှည်ရောဂါဖြစ်ပွားနေသူများတွင် ဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ရောဂါလက္ခဏာများမှာ အင်ပျဉ်ကဲ့သို့ အနီကွက်၊ အဖြူကွက်များထွက်ခြင်း၊ အနီစက်များထွက်ခြင်း၊ ယောင်ရမ်းခြင်း၊ ယားယံခြင်း၊ နာကျင်ခြင်း၊ အရေပြားကွဲအက်ခြင်းနှင့် ပါးစပ်ထဲ၌ အဖြူရောင်အဖတ်များ တွေ့ရှိတတ်ခြင်းတို့ဖြစ်သည်။

မှိုရောဂါမဖြစ်ပွားစေရန်အတွက် ခြောက်သွေ့သန့်ရှင်းသောအဝတ်အစားများကို ဝတ်ဆင်သင့်ကြောင်း၊ ကျိုင်း၊ ပေါင်ခြံ၊ လက်၊ ခြေချောင်း၊ လက်ချောင်းများကြား အမြဲသန့်ရှင်းအောင် ထားသင့်ကြောင်း၊ ခြေအိတ်၊ အတွင်းခံ၊ အတွင်းခံဘောင်းဘီများ ပုံမှန်လဲလှယ်ဝတ်သင့်ကြောင်း သိရသည်။

ယင်းရောဂါသည် ပူအိုက်စိုစွတ်သော မိုးရာသီတွင် ဖြစ်ပွားလေ့ရှိကြောင်း၊ ရောဂါမှာ အမြစ်ပြတ်ကုသရန် ခက်ခဲကြောင်း၊ ရောဂါဖြစ်ပွားပါက လိမ်းဆေးအနေဖြင့် Nizoral ကို တစ်နေ့နှစ်ကြိမ် လိမ်းပေးသင့်ကြောင်း သိရသည်။

မြင့်မောင်စိုး

ကျေးရွာသုံးထင်းစိုက်ခင်းမှ ထင်း၊ တိုင်နှင့် မျောများကို ဒေသခံများအား အခမဲ့ဖြန့်ဝေပေး

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကို့ဏာသီရိမြို့နယ်၌ ရွှေကြာပင်ကွန်ကရစ်လမ်းနှင့် ထန်းတပင်ကျေးရွာသို့ ဆက်သွယ်ထားသော ကျောက်ချောရိစာလမ်း ပျက်စီးမှုကို ကြာပင်ကျေးရွာအုပ်စု ကျေးရွာသစ်အကောင်အထည်ဖော်ရေး (SMU) ဥက္ကဋ္ဌ ဦးဇော်ဝိတ် ဦးဆောင်ကာ ကျေးရွာနေဒေသခံများမှ လုပ်အားပါဝင်ကူညီ၍ အလှူရှင်များ၏ ထည့်ဝင်ငွေဖြင့် ပြင်ဆင်ဆောင်ရွက်နေသည်ကို ဩဂုတ်လ နောက်ဆုံးပတ်က တွေ့ရစဉ် ကိုကိုရူပ

ဝမ်းတွင်း စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်အတွင်း ကျေးလက်ဒေသနေပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော ထင်း၊ တိုင်နှင့် မျောတိုင်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝမ်းတွင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် နှစ်စဉ် ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်စိုက်ပျိုးလျက်ရှိသည်။ အဆိုပါ စိုက်ခင်းများထဲမှ မယ်ညိုတောင်ကြိုးပိုင်းအတွင်း ၂၀၀၉ ခုနှစ်က စိုက်ပျိုးခဲ့သည့် သက်တမ်း ငါးနှစ်ပြည့်ပြီးသော ကျေးရွာသုံးထင်းစိုက်ခင်းမှ ထင်း၊ တိုင်နှင့်မျောတိုင်များကို စိုက်ခင်းအနီးရှိ တဲစုကျေးရွာအုပ်စု တဲစုကျေးရွာမှ ဒေသခံများထံသို့ စက်တင်ဘာ ၂ ရက်က အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာသုံးထင်းစိုက်ခင်းကို ၂၀၀၉ ခုနှစ်က မယ်ညိုတောင်ကြိုးပိုင်းအတွင်း ၁၂၅ ဧက တည်ထောင် စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး အဆိုပါ စိုက်ကွင်းအတွင်းမှ ထင်း၊ တိုင်နှင့် မျောများကို အကျိုးပြုကျေးရွာဖြစ်သည့် တဲစုကျေးရွာမှ အိမ်ထောင်စု ၁၂၀ ထံသို့ ဖြန့်ဝေပေးခြင်းဖြစ်သည်။ ထင်းနှင့် တိုင်များ ဖြန့်ဝေပေးရာတွင် ခရိုင်အုပ်ပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးနေမျိုးထွန်း(၁) က ကျေးရွာသုံးစိုက်ခင်း များ တည်ထောင်၍ စိုက်ခင်း ထွက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများအတွက် ထင်း ၉၅ တန်၊ တိုင် ၁၆၅ လုံးနှင့် မျော ၈၉၆ လုံးကို ဖြန့်ဝေပေးခဲ့သည်။

ယခုခုတ်လှဲဖြန့်ဝေသည့် စိုက်ခင်းမြေနေရာတွင် လာမည့်၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျေးရွာသုံးစိုက်ခင်း ၈၀ ၁၀၀ ကို တည်ထောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးနှစ်ပြည့်ပြီးပါက အဆိုပါ စိုက်ခင်းကိုလည်း အကျိုးပြုကျေးရွာများသို့ ထပ်မံ၍ လွှဲပြောင်းဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း။

ဝမ်းတွင်းမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် လက်ရှိဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာသုံးစိုက်ခင်း ၈၀ ၉၀ နှင့် အထူးစိမ်းလန်းစိုပြည်ရေးစိုက်ခင်း သစ်ပင် ၅၀၀၀ တို့ကိုလည်း မယ်ညိုတောင်ကြိုးပိုင်းအတွင်း ဆက်လက် တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း မြို့နယ်ဦးစီးအရာရှိ ဦးစောဂျင်မီနီဟက်စ်လပ်စ်က ပြောသည်။

ဌေးလှိုင် (ဝမ်းတွင်း)

မိုးရေလှောင်ကန်များ ရေအပြည့်ဝင်ရောက်သဖြင့် စိုက်ပျိုးရေအပြင် သောက်သုံးရေပါ ဖူလုံနိုင်ပြီဟုဆို

ငါ့သရောက် စက်တင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ ဩဂုတ် ၃၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီး အဆိုပါမိုးရွာသွန်းမှုမှာ တစ်နာရီကျော်ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။ ထိုသို့ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် မြို့နယ်အတွင်း ကျေးရွာများရှိ ဒေသခံပြည်သူများ သောက်သုံးရေအတွက် မှီခိုအားထားပြုနေရသည့် မြေသားမိုးရေလှောင်ကန်ကြီးများတွင် မိုးရေများအပြည့်ဝင်ရောက်ခဲ့မှုရှိခဲ့ကြောင်းနှင့် ဒေသခံတောင်သူများ စိုက်ပျိုးယာမြေများ ထွန်ယက်စိုက်ပျိုးနိုင်သည့်အပြင် သောက်သုံးရေအတွက်ပါ အကျိုးပြုစေခဲ့ကြောင်း သိရသည်။

“ကျွန်တော်တို့ ငြူကြီးကျေးရွာက ကျေးလက်နေပြည်သူတွေ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် မြေသားမိုးရေလှောင်ကန်ကြီး ပြီးခဲ့တဲ့လ သြဂုတ် ၃၀ ရက်က တစ်နာရီခန့် မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် မိုးရေအပြည့် ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော်တို့ကျေးရွာမှာ မိုးဦးကျပြီး ကတည်းက ဒီလိုကန်ရေပြည့်အောင် မိုးမရွာဖူးသေးပါဘူး၊ ဒဲ့ကြောင့် ရွာက တောင်သူတွေက ကန်ရေသွန်းတဲ့မိုးကို မျှော်လင့်နေကြတာပါ။ အခုတော့ မျှော်လင့်နေတဲ့ ကျေးရွာသောက်သုံးရေကန်အတွင်း မိုးရေအပြည့်ဝင်အောင် မိုးရွာသွန်းပေးလို့ ကျေးရွာမှာရှိတဲ့ ဒေသခံတွေက ဝမ်းသာပီတိဖြစ်ကြပါတယ်။ အခုလို မိုးရွာသွန်းတဲ့အတွက် ဒေသခံ ကျေးလက်နေပြည်သူတွေ သောက်သုံးရေအတွက် အဆင်ပြေစေသလို တောင်သူလုပ်ငန်းလုပ်ကြတဲ့သူတွေအတွက်လည်း နွားစာအဖြစ် ပြောင်းသီးနှံစိုက်ပျိုးခွင့်ရရှိတဲ့အပြင် နေ့စဉ်မိသားစုအပိုဝင်ငွေရရှိစေမယ့် ပင်ထောင်ခရမ်းချဉ်ကိုလည်း စိုက်ပျိုးခွင့်ရတဲ့အတွက် ယခုလို မိုးလိုနေတဲ့အချိန်မှာ မိုးရွာသွန်းပေးတာဟာ တောင်သူတွေအတွက် အလွန်ကိုအဆင်ပြေစေပါတယ်” ဟု အဆိုပါကျေးရွာမှ ပင်ထောင်ခရမ်းချဉ်စိုက်ပျိုးတောင်သူတစ်ဦးက ပြောသည်။

ရဲဝင်းနိုင် (ညောင်ဦး)

မသက်ဖွယ် အမျိုးသားနှစ်ဦးအား ဖမ်းဆီးအရေးယူ

မကွေး စက်တင်ဘာ ၄

မကွေးမြို့ ရန်မျိုးအောင်ရပ်ကွက်တွင် စက်တင်ဘာ ၁ ရက်က မသက်ဖွယ် အမျိုးသားနှစ်ဦးအား ခိုးမှု၊ လက်နက်ကိုင်ဆောင်မှုတို့ဖြင့် ဖမ်းဆီးအရေးယူခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲအုပ်ဇော်ဝင်းနှင့်အဖွဲ့က မကွေးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁ ရက်က မကွေးမြို့ပေါ်ရှိ ခိုး၊ ဆိုး၊ နှိုက်သတင်းများ စုံစမ်းနေစဉ် ရန်မျိုးအောင်ရပ်ကွက် ပြည်တော်သာလမ်းနှင့် ခွာညိုလမ်းထောင့် လက်ဖက်ရည်ဆိုင်အနီး၌ အမည်မသိ အမျိုးသားနှစ်ဦးက နံပါတ်မပါ KENBO-110 အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီးကို ကာလတန်ဖိုးထက်လျော့၍ လာရောက်ရောင်းချနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် လာရောက်ရောင်းချသူနှစ်ဦးမှာ ကျောက်ပန်းတောင်းမြို့သာယာအေးရပ်ကွက်နေ သိန်းသန်း(ခ)ဖိုးသိန်း (၂၆ နှစ်)နှင့် မင်းမင်းထိုက်(ခ) မင်းမင်း(၃၀နှစ်)တို့ဖြစ်ပြီး ၎င်းတို့လာရောက်ရောင်းချသည့် ဆိုင်ကယ်နှင့်ပတ်သက်၍ အထောက်အထား တစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသလို မင်းမင်းထိုက်(ခေါ်)မင်းမင်း၏ လွယ်အိတ်အတွင်းမှ အရိုး သုံးလက်မခွဲ၊ အသွား ရှစ်လက်မရှိ ဓားမြှောင်နှစ်ချောင်းကို တွေ့ရှိရသဖြင့် သိန်းသန်း(ခေါ်)ဖိုးသိန်းနှင့် မင်းမင်းထိုက် (ခ) မင်းမင်းတို့အား ရဲအုပ်ဇော်ဝင်းက တရားလိုပြုလုပ်ကာ မကွေးနယ်မြေရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

ကျော်ဇေယျ

ကျိုက်ထီးရိုးတောင်ပေါ်၌ သန့်ရှင်းရေးဆောင်ရွက်ရန် ဒေါ်လာ ၅၀၀၀၀ လှူဒါန်း

မော်လမြိုင် စက်တင်ဘာ ၄

မွန်ပြည်နယ် မော်လမြိုင်မြို့စစ်ကဲကုန်းရပ်ကွက်ရှိ မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက Super Search Co;Ltd ကုမ္ပဏီမှ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်တောင်ပေါ်တွင် ဘုရားဖူးပြည်သူများအတွက် လိုအပ်နေသော အိမ်သာနှင့် ရေသန့်စက်များဆောင်ရွက်ရန် ၎င်းကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ပြည်နယ်အစိုးရထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

အခမ်းအနားကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ပြည်နယ်ဝန်ကြီးများ၊ Super Search Co;Ltd မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်တွင် ဘုရားဖူးလာသည့် ပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ အဆင်ပြေစေရန် လှူဒါန်းရခြင်းဖြစ်ကြောင်းပြောကြားပြီး ၎င်းကုမ္ပဏီမှ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက လက်ခံရယူခဲ့ကြောင်း သိရသည်။

တင်ထွဋ် (မော်လမြိုင်)

အမျိုးသမီးများနှင့် မီးဖိုချောင်မှ ကျန်းမာရေးပြဿနာများ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

မြန်မာအမျိုးသမီးအများစုဟာ မီးဖိုချောင်လောင်စာအဖြစ် ထင်း၊ မီးသွေး၊ အခြားသောသစ်ပင်သစ်တောအခြေခံ လောင်စာများကိုသုံးနေကြောင်း ၂၀၁၇ ခုနှစ် အတွင်းလေ့လာမှုတစ်ခုအရ သိရပါတယ်။ နိုင်ငံရဲ့အိမ်တွင်းလောင်စာသုံးစွဲမှုရဲ့ ၈၁ ရာခိုင်နှုန်းကျော်ဟာ ထင်း၊ မီးသွေး စတဲ့ သစ်တောထွက်ပစ္စည်းအခြေခံ လောင်စာများ ဖြစ်ကြပါတယ်။ ဒီလို လောင်စာမျိုးတွေကို အဓိကထား သုံးစွဲနေခြင်းကြောင့်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လေထုညစ်ညမ်းမှုများအပြင် သုံးစွဲသူ အိမ်ထောင်ရှင်မအများစုအတွက် ကျန်းမာရေးထိခိုက်မှုတွေကြုံလာနိုင်စေတယ်လို့ သိရပါတယ်။ အိမ်တွင်းလေထုညစ်ညမ်းမှုတွေဖြစ်စေပြီး အသက်ရှူလမ်းကြောင်းထိခိုက်မှုအပါအဝင် အခြားကျန်းမာရေးဆိုင်ရာပြဿနာများစွာ ရင်ဆိုင်လာရစေနိုင်ပါတယ်။ ကမ္ဘာ့လူပေါင်း သုံးဘီလီယံကျော်ခန့်ဟာ ဒီလိုထင်း၊ မီးသွေးလောင်စာတွေကို မီးဖိုချောင်လောင်စာအဖြစ် သုံးနေကြဆဲဖြစ်ပါတယ်။

အိမ်တွင်းလေထုညစ်ညမ်းမှုတွေ ဖြစ်လာစေပြီး အိမ်တွင်းက အိမ်ရှင်မတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေအတွက် ကြီးမားတဲ့ နာမကျန်းမှုတွေ ဖြစ်လာရုံမက အချိန်မတိုင်မီ သေဆုံးရမှုတွေကိုပါ ဖြစ်လာစေနေတာကိုလည်း တွေ့ရပါတယ်။ အမျိုးသမီးတစ်ယောက်ဟာ တစ်နေ့တာအတွက် နံနက်စာ၊ နေ့လယ်စာ၊ ညနေစာ သုံးကြိမ်မျှ ထင်း၊ မီးသွေးတွေနဲ့ ချက်ပြုတ်ရတာဟာ တစ်နေ့ကို စီးကရက်သုံးဘူးမှ ဘူးနှစ်ဆယ်ခန့် သောက်သူနဲ့တူတယ်လို့ WHO ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ထုတ်ပြန်ချက်တစ်ခုအရ သိရပါတယ်။ ကျေးလက်တောရွာနေ အမျိုးသမီးအများစုဟာ ထင်းလောင်စာရဖို့ ပင်ပင်ပန်းပန်း ရှာဖွေကြရုံမက နေ့စဉ် မီးဖိုက တစ်ထောင်းထောင်း ထွက်နေတဲ့ မီးခိုးတွေကို ဒိုင်ခံရှူပေးနေကြရတာမို့၊ ကျန်းမာရေးအန္တရာယ် ကြီးမားလွယ်ပါတယ်။ ရောဂါတစ်ခုခု ရလွယ်နိုင်ကြသူတွေဖြစ်ပါတယ်။ နမိုးနီးယားခေါ် အဆုတ်ရောင်ရောဂါ၊ အဆုတ်ကင်ဆာ၊ မီးဖွားရင် ပေါင်ချိန်မပြည့်တဲ့ ကလေးတွေ မွေးနိုင်တာ၊ အမြင်အာရုံထိခိုက်တာစတဲ့ ကျန်းမာရေးပြဿနာတွေ ရင်ဆိုင်ရနိုင်ပါတယ်။ အမျိုးသမီးအများစုဟာ မီးဖိုမှာပဲ အချိန်ကုန်ကြတာ များပါတယ်။ မိသားစုအတွက် နေ့စဉ်ချက်ပြုတ်နေရင်း အချိန်တွေ ကုန်နေကြရပါတယ်။ သူတို့အများစုဟာ ထင်း၊ မီးသွေးတွေကို လောင်စာအဖြစ် သုံးခြင်းဖြင့် အကျက်မြန်တယ်၊ အကုန်အကျသက်သာတယ်၊ စားစရာတွေကလည်း အရသာပိုရှိတယ်လို့ ခံယူထားတတ်ကြပါတယ်။ ဒါပေမယ့် နည်းပညာခေတ်ကြီးမှာ ဒီလိုလောင်စာတွေအစား အခြားလောင်စာတွေကို အစားထိုးသုံးစွဲဖို့ လိုအပ်နေပါပြီ။ ရှားရှိုးနည်းတွေကြောင့် ဖော်ပြခဲ့တဲ့ ကျန်းမာရေးဒုက္ခတွေ ကြုံကြရမှာကို အချိန်မီ တားဆီးသင့်ကြပြီဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိရေး၊ နေရောင်ခြည်စွမ်းအင် ဆိုလာသုံးစနစ်များနဲ့ သန့်ရှင်းသော မီးဖိုသုံးစွဲရေး၊ သန့်ရှင်းသော အိမ်ပတ်ဝန်းကျင်ဖြစ်စေရေးတို့ကို ဆောင်ရွက်ကြဖို့ အာရုံစိုက်ကြိုးပမ်းသင့်ပြီလည်း ဖြစ်ပါတယ်။(GNLM 13.8.17).

မုန့်ဟင်းခါးရောင်းတဲ့ အဒေါ်ကြီးတစ်ဦး အဆုတ်ကင်ဆာဖြစ်တာကို တွေ့ရဖူးပါတယ်။ နေ့စဉ် မီးခိုးငွေ့တွေ ရှူရှိုက်နေရတာမို့ ဒီလိုရောဂါဆိုးတွေ ရလွယ်ပါတယ်။ ဒီလိုပဲ မီးဖိထဲဝင်နေရတဲ့ အိမ်ရှင်မတွေ အစားအသောက် ချက်ပြုတ်နေရသူတွေ အနေနဲ့ မီးခိုးငွေ့တွေရဲ့ဆိုးကျိုးတွေကို အထူးသတိထားကြဖို့ လိုပါတယ်။ မီးခိုးငွေ့တွေ ရှူရှိုက်နေရလို့၊ စီးကရက်၊ ဆေးလိပ်မသောက်ရပါဘဲနဲ့ အဆုတ်ကင်ဆာရောဂါ ဖြစ်နိုင်တာကို လေ့လာမှုများအရ တွေ့ရှိနေပြီဖြစ်ပါတယ်။ ဒါကြောင့် မီးခိုးငွေ့တွေကို အထူးဂရုပြုကြဖို့ ထင်း၊ မီးသွေးလောင်စာတွေအစား အခြားလောင်စာတစ်မျိုးမျိုးကို အစားထိုး သုံးစွဲကြဖို့ လိုအပ်ပါတယ်။

အဆုတ်ကင်ဆာရောဂါဟာ ဆေးလိပ်သောက်၊မီးခိုးငွေ့ရှူတာတွေအပြင် ကျန်းမာရေးနဲ့မညီညွတ်တဲ့ စားသောက်နေထိုင်မှုတွေကြောင့်လည်း ဖြစ်တတ်တာကို တွေ့ရပါတယ်။ ပြည့်ဝအဆီတွေပါဝင်တဲ့အစားအစာတွေ တာရှည်ခံထားစားနိုင်တဲ့ ကာဘိုဟိုက်ဒရိတ် (ကစီဓာတ်) အစားအစာတွေကို စားတတ်ခြင်းတွေကလည်း အဆုတ်ကင်ဆာကိုဖြစ်စေနိုင်တာ တွေ့ရပါတယ်။ ဆေးလိပ်မသောက် ကျန်းမာရေးနဲ့ညီညွတ်တဲ့အစားအစာတွေ စားမယ်၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း မှန်မှန်လုပ်မယ်၊ ကင်ဆာဖြစ်စေနိုင်တဲ့ အစားအစာတွေကိုလည်း ရှောင်ကြမယ်ဆိုရင် ဒီလိုရောဂါဆိုးတွေကနေ အတိုင်းအတာတစ်ခုအထိ ကင်းဝေးနိုင်ပါတယ်။ ၂၀၁၇ ခုနှစ် ဇူလိုင်လထုတ် Journal of Clinical Oncology မှာ ရေးသားထားချက်အရ ဆေးလိပ်လည်းသောက်၊ ပြည့်ဝအဆီတွေလည်းစားတဲ့ သူတွေဟာ ဆယ်နှစ်လောက် ဆေးလိပ်ဖြတ်ထားတဲ့သူတွေထက် အဆုတ်ကင်ဆာရောဂါပိုဖြစ်နိုင်တယ်လို့ သိရပါတယ်။ လူပေါင်း ၁ သောင်း ၄ သန်း၊ အဆုတ်ကင်ဆာရောဂါရှင် ၁၈၀၀၀ တို့ကို လေ့လာမှုပေါင်း ဆယ်ကြိမ်ခန့်လုပ်ခဲ့ရာမှာ ပြည့်ဝအဆီတွေစားခြင်းဟာ မစားသူ၊ နည်းနည်းသာစားသူတွေထက် အဆုတ်ကင်ဆာရောဂါဖြစ်နိုင်တယ်လို့ သိရပါတယ်။ ကာဘိုဟိုက်ဒရိတ် ကစီသကြားဓာတ်တွေစားခြင်းကြောင့် သကြားဓာတ်တွေ သွေးထဲမှာ မြင့်တက်လာပြီး ခန္ဓာကိုယ်တွင်း chronic inflammation ခေါ် ရေရှည်ရောင်ရမ်းခြင်းဖြစ်စေပြီး ကင်ဆာရောဂါအထိ ရောက်သွားစေနိုင်ကြောင်း ပညာရှင်များက ယူဆကြပါတယ်။

၂၀၁၆ ခုနှစ် မတ်လထုတ် Cancer,Epidemiology,Biomakers&Prevention ဂျာနယ်မှာလည်း အချိုဓာတ်များ၊ အဆီဓာတ်များတဲ့ အစားအစာတွေကို လျှော့စားကြဖို့ တိုက်တွန်းထားပါတယ်။ ပေါင်မုန့်၊ ကိတ်မုန့်ဖြူဖြူချောချောလေးတွေမှာ အချိုဓာတ်တွေများနိုင်ပါတယ်။ ပေါင်မုန့်ကြမ်းကြမ်း၊ ဆန်လုံးညိုလိုကစီဓာတ်တွေ၊ သစ်သီးတွေ၊ စိမ်းစိမ်းစိုစိုဟင်းသီးဟင်းရွက်တွေကို ရွေးချယ်သင့်ပါတယ်။ တာရှည်ခံစားနိုင်အောင်စီမံထားတဲ့ မုန့်တွေ၊ စားစရာတွေကတော့ ကျန်းမာရေးအတွက် ဘယ်အခါမှ ကောင်းကျိုးမပေးတာ တွေ့ရပါတယ်။ အဆုတ်ကင်ဆာအပြင် ကိုယ်အလေးချိန်တွေပါ တိုးလာစေမှာလည်း ဖြစ်ပါတယ်။ အကင်ဆိုင်တွေမှာ အကင်မျိုးစုံကို အဝစားနိုင်ကြပါတယ်။ အကင်တွေနဲ့ ဘီယာအရက် လိုက်ဖက်လှတယ်ဆိုတဲ့ခေတ် ဖြစ်နေပါတယ်။ လိုက်ဖက်ရင်းနဲ့ ရောဂါရလွယ်တယ်ဆိုတာ သတိပြုသင့်ပါတယ်။ စားသမျှ၊ သောက်သမျှတွေဟာ ရောဂါဆိုးကြီးတွေဆီ ဦးတည်နေတတ်ပါတယ်။ အဝလွန်ခြင်း၊ သွေးတိုး၊ ဆီးချိုစတဲ့ ရောဂါများအပြင် အဆုတ်ကင်ဆာ၊ ပန်ကရိယကင်ဆာ၊ ရင်သားကင်ဆာ ဖြစ်ပွားနေမှုများနဲ့ အထူးဆက်စပ်နေတာ တွေ့ရပါတယ်။ Kansas University ရဲ့ လေ့လာမှုအရ အဆီများတဲ့ ဟန်ဘာဂါလိုမျိုး အစားအစာကို ဆေးဖက်ဝင် အသီးအနှံတစ်ခုခုနဲ့ ရောစားရင် ကင်ဆာဖြစ်စေနိုင်တဲ့ ဓာတု carcinogens တွေကို ၃၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိ လျော့ချနိုင်တယ်လို့လည်း သိရပါတယ်။

အမေရိကန်နိုင်ငံမှာသုံးနေတဲ့ သောက်ရေအချို့မှာ အာဆင်းနစ် (Arsenic)ခေါ် စိန်ဓာတ် အနည်းငယ်ပါဝင်နေကြောင်း သိရပါတယ်။ အလားတူပဲ ဆန်၊ ပင်လယ်စာ၊ ပန်းသီးရည်၊ မွေးမြူရေးကြက်သားတွေမှာလည်း စိန်ဓာတ် အနည်းငယ်ပါဝင်ကြောင်း သိရပါတယ်။The American Journal of Respiratory and Critical Care Medicine 2013 March ထုတ်မှာ ဖော်ပြထားတာက ဘင်္ဂလားဒေ့ရှ်နိုင်ငံရဲ့ သောက်သုံးရေအများစုမှာ အာဆင်းနစ်ပါဝင်မှု အထူးများပြားနေတယ်လို့ ဆိုပါတယ်။ နိုင်ငံသား ၉၅၀ တို့ကို လေ့လာရာမှာ ကိုယ်တွင်းအာဆင်းနစ်ပါဝင်မှု များနေခြင်း၊ အာဆင်းနစ်ပါဝင်မှုအသင့်အတင့်ဖြစ်နေစေကာမူ အဆုတ်ရဲ့လုပ်ငန်းဆောင်တာများ ဆောင်ရွက်မှုကို ထိခိုက်စေကြောင်း၊ ဒီလူတွေ ဆေးလိပ်သောက်သူတွေဟာ အဆုတ်ကင်ဆာဖြစ်နိုင်ခြေ အတော်များတာ တွေ့ရကြောင်းလည်း သိရပါတယ်။ ဒါကြောင့် သန့်ရှင်းတဲ့ သောက်သုံးရေတွေကို ရွေးချယ်သင့်ပါတယ်။ လောလောဆယ် သောက်နေရတဲ့ ရေသန့်ဆိုတာတွေရဲ့ ရေအရင်းအမြစ်၊ သန့်စင်ပုံနည်းစနစ်၊ ထုပ်ပိုးပုံ အစရှိတဲ့ အချက်တွေကိုလည်း လေ့လာဆန်းစစ်နေသင့်ပါတယ်။

ဒါကြောင့် အိမ်ရှင်မများရဲ့ကျန်းမာရေးကို အဓိကခြိမ်းခြောက်နေတဲ့ မီးခိုးငွေ့တွေ၊ ဆေးလိပ်မသောက်ဘဲ အစားအသောက်ကြောင့် အဆုတ်ကင်ဆာအပါအဝင် အခြားကျန်းမာရေးပြဿနာများကိုပါ ဖြစ်စေနိုင်တယ်ဆိုတာတွေကို သတိပြုနိုင်ကြဖို့ တိုက်တွန်းလိုပါတယ်ခင်ဗျား။ ။

ကိုးကား-Foods ,Eating Habbits and Lung Cancer-Health.

ဒီလိုထင်း၊ မီးသွေးလောင်စာတွေကို မီးဖိုချောင်လောင်စာအဖြစ် သုံးနေကြဆဲဖြစ်ပါတယ်။ အိမ်တွင်းလေထုညစ်ညမ်းမှုတွေဖြစ်လာစေပြီး အိမ်တွင်းက အိမ်ရှင်မတွေ၊ သက်ကြီးရွယ်အိုတွေ၊ ကလေးငယ်တွေအတွက် ကြီးမားတဲ့ နာမကျန်းမှုတွေ ဖြစ်လာရုံမက အချိန်မတိုင်မီ သေဆုံးရမှုတွေကိုပါ ဖြစ်လာစေနေတာကိုလည်း တွေ့ရပါတယ်။

တန့်ယန်းမြို့နယ် နမ့်ပါမွန်းကျေးရွာ၌ အခမဲ့ကွင်းဆင်းဆေးကုသရေး ဆောင်ရွက်ပေး

တန့်ယန်း စက်တင်ဘာ ၄

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ် လုံမုံကျေးရွာအုပ်စု နမ့်ပါမွန်းကျေးရွာ၌ စက်တင်ဘာ ၃ ရက်က မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအောင်ဇော်ဦးနှင့် ဝန်ထမ်းများက အခမဲ့ ကွင်းဆင်းဆေးကုသရေးကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ အောင်ဇော်ဦးက အခမဲ့ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာများ၊ ရာသီတုပ်ကွေး A(H1N1) နှင့် သွေးလွန် တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး ကျေးရွာပြည်သူများက သိရှိလိုသည့်အချက်များကို ရှင်းလင်း ဖောပြောခဲ့သည်။

ယင်းနောက် နမ့်ပါမွန်းကျေးရွာရှိ ပြည်သူများအား အခမဲ့ ကွင်းဆင်းဆေးကုသရေးလုပ်ငန်းများကို မြို့နယ်ဆရာဝန်ကြီးနှင့် ဆရာဝန်ဆရာမများ၊ သူနာပြုများက ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်း၊ ဆေးဝါးများပေးအပ်ခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ကျေးရွာအတွင်း ခြင်ဆေးမှုတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးနှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းများဖြစ်ကြသည့် မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်းတို့မှ အဖွဲ့ဝင်များကပါ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မင်းလွင်ဦး (ပြန်/ဆက်)**

ကရင်တိုင်းရင်းသားလူမျိုးများ စပါးလိပ်ပြာခေါ်ပွဲတော် ကျင်းပ

ကျောက်တံခါး စက်တင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဗောဓိကွင်းကျေးရွာအုပ်စု ရေလည်စုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စက်တင်ဘာ ၂ ရက်က ကရင်တိုင်းရင်းသားလူမျိုးများ၏ မိရိုးဖလာစပါးလိပ်ပြာခေါ်ပွဲတော်ကျင်းခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့ခွတင်ကုန်းကျောင်းတိုက်ဆရာတော်ထံမှ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်ဆေးအမှူးပြုသော ပုဒ္ဓဘာသာကရင်တိုင်းရင်းသားလူမျိုးက သာဓုအနုမောဒနာတရားများနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

မိတ္ထီလာ၌ ပျက်စီးနေသည့်လမ်းအများစုအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်

မိတ္ထီလာ စက်တင်ဘာ ၄

မိတ္ထီလာမြို့ပေါ်ရပ်ကွက်များနှင့် မြို့တွင်းလမ်းပိုင်းများအနက် ပျက်စီးနေသည့် လမ်းအများစုအား လမ်းများကာလရှည်ကောင်းမွန်ရန် ရည်ရွယ်ပြီး ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"လမ်းအများစု ပျက်စီးတာက ကတ္တရာလမ်းဖြစ်ပြီး ကတ္တရာလမ်းသဘောက ရေဝပ်ရင် ပျက်တာမို့ ရေဝပ်နိုင်တဲ့လမ်းတွေကို လမ်းများကာလရှည်ကောင်းမွန်ဖို့ ရည်ရွယ်ပြီး ကွန်ကရစ်လမ်းအဖြစ်ခင်းသွားမှာဖြစ်ပါတယ်။ဒီဘဏ္ဍာနှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထဲမှာ ရန်မျိုးလမ်းမကြီး ၊ စျေးအရှေ့ပြင်ရပ်ကွက် ဘူတာပတ်လမ်း ၊ အောင်ဆန်းရပ်ကွက် ဓမ္မာရုံလမ်း၊ ဝန်ဇင်းရပ်ကွက် စိတ္တသုခလမ်း၊ မိတ္ထီလာ မြောက်ကန် ကန်ပတ်လမ်းစတဲ့ လမ်းတွေကို ပြုပြင်ဆောင်ရွက်သွားမှာဖြစ်တဲ့အပြင် ပေါက်ချောင်းရပ်ကွက် စျေးအနီးကလမ်းကိုလည်း ဘဏ္ဍာနှစ် ခွင့်ပြုငွေထဲမှာ မပါဝင်ပေမယ့် ဖြည့်စွက်ခွင့်ပြုငွေနဲ့ ပြုပြင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီ မှ(အတတ်ပညာရှင်)ကော်မတီဝင်ဖြစ်သူ ဦးတင်သန်းက ပြောသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်လမ်းများနှင့် မြို့အတွင်းလမ်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုငွေသန်းပေါင်း ၂၁၆.၄၃၉၁ ဖြင့် သိန်း ၁၀၀ အထက်ကုန်ကျခံပြုပြင်ဆောင်ရွက်မည့်လမ်းများမှာ အောင်ဆန်းရပ်ကွက် ဓမ္မာရုံလမ်း လမ်းမြေမှ ကတ္တရာလမ်းခင်းခြင်း၊ အောင်ဆန်းရပ်ကွက် အမက ကျောင်း လမ်းမြေမှ ကတ္တရာလမ်း၊ ပြည်သာယာ(တ)ရပ်ကွက် ၅ လမ်း ကတ္တရာလမ်း၊ ဝန်ဇင်းရပ်ကွက် စိတ္တသုခလမ်း ကွန်ကရစ်လမ်း၊ အောင်ဇေယျာရပ်ကွက် ကိုးနဝင်း ကျောင်းတိုက်ရှေ့လမ်းမြေမှ ကတ္တရာလမ်း၊ ကျီတော်ကုန်းရပ်ကွက် ကံဦးနယ်မြေ ရွှေနှင်းဆီလမ်း လမ်းမြေမှ ကတ္တရာလမ်း၊ စျေးအရှေ့ပြင်ရပ်ကွက် ဘူတာပတ်လမ်း ကွန်ကရစ်လမ်း၊ ရန်မျိုးအောင်လမ်းမကြီး ကွန်ကရစ်လမ်း၊ မြို့မရပ်ကွက် ရိပ်သာအဝင်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မိတ္ထီလာမြောက်ကန် ကန်ပတ်လမ်း ကွန်ကရစ်လမ်း တို့ဖြစ်ကြောင်း သိရသည်။

ချမ်းသာ (မိတ္ထီလာ)

ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံမှ အာဟာရကုသိုလ်ပြုခြင်းနှင့် အောက်ဆီဂျင်အခမဲ့ကူညီခြင်းတို့အတွက် အလှူရှင်များလိုအပ်လျက်ရှိ

ရေစကြို စက်တင်ဘာ ၄

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ခုတင် ၁၀၀ဆံ့ ပြည်သူ့ဆေးရုံကြီး၌ အောက်ဆီဂျင်အခမဲ့ကူညီရေးနှင့် အာဟာရကုသိုလ်အဖွဲ့မှ လူနာများအတွက် အာဟာရကုသိုလ်ပြုခြင်းနှင့် အောက်ဆီဂျင်အခမဲ့ကူညီခြင်းတို့ကို အလှူရှင်များ လှူဒါန်းငွေဖြင့် ဆောင်ရွက်လျက်ရှိရာ လက်တလော အလှူရှင်များလိုအပ်နေကြောင်း သိရသည်။

"ကျွန်တော်တို့ ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံကြီးမှာ အောက်ဆီဂျင် အခမဲ့ကူညီရေးနဲ့ အာဟာရကုသိုလ်အဖွဲ့ကို လွန်ခဲ့တဲ့ ခုနစ်လလောက်က ဖွဲ့စည်းခဲ့ပါတယ်။ အာဟာရကုသိုလ်အတွက် ဆေးရုံလာတက်တဲ့လူနာတွေကို နေ့စဉ်နံနက်စာ ကြက်သားဆန်ပြုတ်ကုသိုလ်ပြုပါတယ်။ နေ့ခင်းစာထမင်းအလှူရှင်ရှိရင် ထမင်းဝေပါတယ်။ အရင်လတွေကတော့ ဆန်ပြုတ်အလှူရှင်များပါတယ်။ ဒီလထဲမှာတော့ ကြက်သားဆန်ပြုတ်ကုသိုလ်ရှင် ၁၀ ဦးပဲ ရှိပါသေးတယ်။ ကျန်တဲ့ရက် ၂၀ စာအတွက်ကို ဆေးရုံကကုသိုလ်ပြုဖြည့်ဆည်းလှူဒါန်းပေးပါတယ်။ ဒီလထဲ နေ့လယ်စာထမင်းအလှူရှင်လည်း တစ်ဦးပဲရှိပါသေးတယ်။ ဆေးရုံကလည်း လူနာတွေကို သောကြာနေ့တိုင်း ထမင်းဟင်းပေးဝေနေပါတယ်။ ထမင်းဟင်းချက်တာနဲ့ ဆန်ပြုတ်ချက်ပြုတ် ဝေငှတာတွေကို ဆေးရုံက ဆေးလူမှုဆက်ဆံရေးဝန်ထမ်းတွေက ကူညီဆောင်ရွက်ပေးနေပါတယ်"ဟု အောက်ဆီဂျင်အခမဲ့ကူညီရေးနှင့် အာဟာရကုသိုလ်အဖွဲ့တာဝန်ခံ ကိုဝဏ္ဏအောင်က ပြောသည်။

နံနက်စာဆန်ပြုတ်တစ်နပ်စာလျှင် ငွေကျပ် တစ်သောင်းခန့်ရှိပြီး နေ့လယ်စာတစ်နပ်စာလျှင် ငွေကျပ်ခြောက်သောင်းခန့်ရှိသဖြင့် လှူဒါန်းသူအများစုမှာ ဆန်ပြုတ်ကုသိုလ်ပြုသူများပြားပြီး ထမင်းကုသိုလ်ရှင်နည်းပါးလျက်ရှိသည်ဟု သိရသည်။

ထို့ပြင် ဆေးရုံမှလူနာများနှင့် အိမ်တွင်အောက်ဆီဂျင် နေ့စဉ်ရှူနေကြရသော လူနာများအတွက် အောက်ဆီဂျင်ဘူးများကို အခမဲ့ငှားရမ်းလျက်ရှိသည်ဟု သိရသည်။

"အိမ်မှာ အောက်ဆီဂျင်ရှူနေရတဲ့ လူနာတွေအတွက် အောက်ဆီဂျင် လေအိုးကြီးတွေငှားပေးတယ်။ အိမ်မှာနေတဲ့သူဆိုတော့ အိုးသေးပေးရင် မကြာခဏ လာလဲနေရမှာစိုးလို့ပါ။ အောက်ဆီဂျင်ဘူးက အခမဲ့ငှားတာပါ၊ ငှားရမ်းတဲ့သူက လှူချင်တဲ့ဆန္ဒရှိရင်လည်းလှူပေါ့။ မလှူချင်ဘူးဆိုလည်း မလှူလည်းရပါတယ်။ ကျွန်တော်တို့အဖွဲ့မှာ အောက်ဆီဂျင်အိုးကြီး ၂၀ လောက်ရှိတယ်။ အိုးလေးကတော့ ဆေးရုံကအိုးတွေနဲ့ပေါင်းရင် ၂၅ လုံးလောက်ရှိပါတယ်။ လစဉ်ပုံမှန်လေအိုးကြီး အလုံး ၄၀လောက်အသုံးပြုရတယ်။ လူနာများလို့ အောက်ဆီဂျင်အသုံးပြုရတာများရင် တစ်လ လေအိုးကြီးအလုံး ၆၀ လောက်ထိကုန်ပါတယ်။ လေအိုးအသေးကတော့ တစ်လပုံမှန် အလုံး ၂၀၀ကျော်လောက် အသုံးပြုနေရတယ်။ ကျွန်တော်တို့အဖွဲ့က အခမဲ့ကူညီတဲ့အဖွဲ့ပါ။ လူနာတွေနဲ့ ကုသိုလ်ပြုချင်တဲ့သူတွေက အောက်ဆီဂျင်ဖိုးလှူရင် အလှူငွေလက်ခံပါတယ်။ မလှူချင်ရင်လည်း ရပါတယ်။ လူနာတွေအဆင်ပြေဖို့အတွက် ရေရှည်မှာတော့ ကျွန်တော်တို့အဖွဲ့မှာ စေတနာရှင်လေးတွေစုပြီး ကုသိုလ်ပြုနေတာဖြစ်တာကြောင့် အဖွဲ့သီးသန့်ရန်ပုံငွေလည်းမရှိပါဘူး။ အဲဒါကြောင့် ကုသိုလ်ရှင်တွေလိုအပ်နေပါတယ်"ဟု အောက်ဆီဂျင် အခမဲ့ကူညီရေးနှင့် အာဟာရကုသိုလ်အဖွဲ့တာဝန်ခံ ကိုဝဏ္ဏအောင်က ပြောသည်။

အောက်ဆီဂျင်အိုးကြီးများကို လေဖြည့်ရန် မုံရွာမြို့မှ မိဘဂုဏ်ရည် အောက်ဆီဂျင်စက်ရုံဖြင့်ချိတ်ဆက်ထားပြီး လေအိုးအကြီးတစ်လုံးလျှင် အောက်ဆီဂျင်ဖြည့်ခ ငွေကျပ်ငါးထောင်ပေးရသည်ဟု သိရသည်။ ထို့ကြောင့် အောက်ဆီဂျင်အခမဲ့ကူညီရေးနှင့် အာဟာရကုသိုလ်အဖွဲ့အနေဖြင့် အောက်ဆီဂျင်ဖြည့်ခ တစ်လလျှင်ငွေကျပ် နှစ်သိန်းကျော်ခန့် ကုန်ကျလျက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများမှ အောက်ဆီဂျင်လေဖြည့်ဖိုးအတွက် လစဉ်ငွေကျပ် ငါးသောင်းနီးပါးလှူဒါန်းလျက်ရှိပြီး အောက်ဆီဂျင်ဘူးအသုံးပြုသည့် လူနာများမှ သဒ္ဓါသလောက်လှူဒါန်းငွေများနှင့် ပြင်ပအလှူရှင်တချို့မှ လစဉ်လှူဒါန်းငွေအချို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ရေရှည်ဆောင်ရွက်နိုင်ရေးအတွက် အလှူရှင်များ လိုအပ်နေသေးသည်ဟု သိရသည်။

ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ နေ့စဉ် ဆေးရုံတက်ရောက်လျက်ရှိသော လူနာ ၄၀ အထက်ရှိပြီး အောက်ဆီဂျင်အတွက် လေဖိုးလှူဒါန်းလိုက လှူဒါန်းနိုင်ပြီး

အာဟာရကုသိုလ်ပြုလိုပါက ကုသိုလ်ပြုနိုင်ကြသည်ဟု သိရသည်။ကုသိုလ်ပြုလိုသူများအနေဖြင့် ရေစကြိုမြို့ ပြည်သူ့ဆေးရုံမှ ဆေးလူမှုဆက်ဆံရေးဝန်ထမ်းများထံ လှူဒါန်းနိုင်သကဲ့သို့ အောက်ဆီဂျင်အခမဲ့ကူညီရေးနှင့် အာဟာရကုသိုလ်အဖွဲ့တာဝန်ခံ ကိုဝဏ္ဏအောင် ဖုန်း - ၀၉၇၉၂၉၈၈၈၈၇ သို့လည်း ဆက်သွယ်လှူဒါန်းနိုင်သည်ဟု သိရသည်။

အိမွန်ဆွေ(ရေစကြို)

ရော်ဘာအရည်အသွေးနှင့် ဈေးကွက်ကို ထိန်းညှိပေးနိုင်မည့် ဗဟိုဒိုင်တည်ထောင်မည်

မော်လမြိုင် စက်တင်ဘာ ၄

ရော်ဘာအရည်အသွေးနှင့် ရော်ဘာဈေးကွက်ကို ကမ္ဘာ့ဈေးကွက်နှင့် စံချိန်အနီးစပ်ဆုံးထိ ထိန်းညှိတည့်မတ်ပေးနိုင်မည့် Central Market ရော်ဘာဗဟိုဒိုင်ကို မွန်ပြည်နယ်ထဲ၌ အကောင်အထည်ဖော် တည်ထောင်သွားမည်ဖြစ်ကြောင်း ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

"မြေနေရာရှာပေးမယ်လို့ ပြည်နယ်အစိုးရဘက်က ပြောထားပါတယ်။ ပွင့်လင်းရာသီ ရော်ဘာစေးစခြစ်ချိန်မှာ စတင်ဆောင်ရွက်ဖို့ မှန်းထားပါတယ်။ ပြည်နယ်အစိုးရ၊ စိုက်ပျိုးရေး၊ စီးပွားကူးသန်းနဲ့ ပြည်နယ်ရော်ဘာ လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်ကြမှာပါ။ အဓိကကတော့ အရည်အသွေးစစ်ခတ်ခွဲခန်းပါပဲ။ ဗဟိုဒိုင်အတွက်နေရာကိုတော့ အခက်အခဲမရှိနိုင်ပါဘူး"ဟု အဆိုပါရုံးမှ ပြည်နယ်ဦးစီးမှူး ဦးကြည်စိုး ကပြောသည်။

ခေတ်မီဓာတ်ခွဲခန်း တစ်ခုတည်ထောင်ကာ ရော်ဘာအရည်အသွေး၊ ဈေးနှုန်းများကို ဗဟိုဒိုင်က စစ်ဆေးထိန်းညှိသတ်မှတ်ပေးသွားမည်ဖြစ်ပြီး ရောင်းသူနှင့် ဝယ်သူကြား စာချုပ်ချုပ်ဆိုရေးတို့အတွက်လည်း နှစ်ဦးနှစ်ဖက်အတွက် ကြားနေအာမခံပေးမည်ဖြစ်သည်။

"အရည်အသွေးက အဓိကပါ။ အရည်အသွေးကောင်းရင် ဈေးကွက်ဆိုတာ သိပ်မခဲယဉ်းနိုင်ပါဘူး။ အရည်အသွေး မပြည့်မီတော့ ဈေးနှိမ်ခံရတယ်။ ဈေးကောင်းမရတော့ အရည်အသွေးကောင်းအောင်ထုတ်ဖို့ မတတ်နိုင်ကြသလို၊ ထုတ်ဖို့လည်း မကြိုးစားကြတာတွေရှိတာပေါ့။ အရည်အသွေးကို တိတိကျကျ စစ်ဆေးပေးမယ့် ဌာနတစ်ခုရှိရင်တော့ သတ်မှတ်တဲ့အရည်အသွေးမီအောင်ထုတ်လာကြမှာပါ။ အစုအဖွဲ့ပိုင်ပဲဖြစ်ဖြစ် အရည်အသွေးမြင့်ကုန်ကြမ်းထုတ် စက်ရုံတွေရှိနေမယ်၊ နည်းပညာနဲ့ အကူအညီတွေလည်း ရလာမယ်ဆိုရင်တော့ ရော်ဘာဟာ ရွှေခေတ်ပြန်ရောက်လာဦးမှာပါ"ဟု မော်လမြိုင်မြို့နယ် ခရွှန်းကျေးရွာနေ ရော်ဘာစိုက်တောင်သူတစ်ဦးကသူ၏အမြင်ကို ပြောပြသည်။

မြန်မာတစ်နိုင်ငံလုံး၌ ရော်ဘာစိုက်ဧက ၁ ဒသမ ၅ သန်းရှိရာ မွန်ပြည်နယ်က စိုက်ဧကငါးသိန်းပါဝင်သဖြင့် မြန်မာ့ရော်ဘာစိုက်ဧက၏ သုံးပုံတစ်ပုံကို မွန်ပြည်နယ်ကပိုင်ဆိုင်ထားပြီး တစ်နိုင်ငံလုံးမှရော်ဘာကုန်ကြမ်း ထုတ်ကုန်၏ ထက်ဝက်သည်မွန်ပြည်နယ်မှထွက်ရှိသည်။ မွန်ပြည်နယ်သည် တစ်နှစ်လျှင် ရော်ဘာကုန်ကြမ်း တန်ချိန် တစ်သိန်းခန့်ထွက်ရှိသော်လည်း အရည်အသွေးစံချိန်မမီသောကြောင့် ဩဂုတ် ၂၉ ရက်တွင် ကမ္ဘာ့ရော်ဘာဈေး ၁၁၀၀ ရှိချိန်တွင် မွန်ပြည်နယ်ရော်ဘာသည် ၉၈၀ သာဈေးပေါက်သည်ဟု သိရသည်။

တရုတ် နိုင်ငံသို့အများဆုံးတင်ပို့ရသည့် ရော်ဘာကုန်ကြမ်းသည် အရည်အသွေးမပြည့်မီသဖြင့် ပြီးခဲ့သည့် နှစ်အနည်းငယ်မှစကာ ဈေးနှုန်းများကျဆင်းလာရာမှ ရော်ဘာ တစ်တန်လျှင် ကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် မွန်ပြည်နယ်တစ်ခုလုံးထွက်ရှိသည့် တန်ချိန်တစ်သိန်းခန့်အတွက် ကန် ဒေါ်လာသိန်း ၃၀၀ ခန့် နှစ်စဉ် ဆုံးရှုံးနေရသည်ဟုလည်း သိရသည်။

မြတ်မွန်ထွေး(မြန်မာ့အလင်း)
ဓာတ်ပုံ-ကျော်စိုး

မန္တလေးတွင် လူငယ်များ စီးပွားရေး၌ စွန့်စားလိုစိတ် လူငယ်စကားဝိုင်း

မန္တလေး စက်တင်ဘာ ၄

လူငယ်များစီးပွားရေး၌ စွန့်စားလိုစိတ်များ ဖြစ်ပေါ်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းကို စက်တင်ဘာ ၁ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၆ လမ်း နှင့် ၇၁ လမ်းထောင့်ရှိ ဂျက်ဖာဆန်စင်တာ (Jefferson Center) ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် Coordinator အဖြစ် အမေရိကန်ဂျက်ဖာဆန်စင်တာမှ ဒေါ်မိုးမိုးခိုင်က ဆောင်ရွက်ပြီး ဂျက်ဖာဆန်စင်တာမှ တာဝန်ခံဆရာ ဦးစောကျင်စိန်က လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် အခမ်းနားသို့တက်ရောက်လာသည့် လူငယ်များအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး (ရန်ကုန်မြန်မာ) ဒုတိယသံအမတ် Mr. George Sibley ဦးဆောင်ဆွေးနွေးမည့် ကိုဝေယံပိုင်နှင့် မဖြိုးဖြိုးအောင်တို့နှင့် ဦးစွာမိတ်ဆက်ပေးသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး ဒုတိယသံအမတ် Mr. George Sibley (Mr George Sibley, Deputy Chief Mission at U.S Eambassy in Yangon) က အမှာစကားပြောကြားရာတွင် လူငယ်များသည် စီးပွားရေး တိုးတက်အောင် လုပ်ဆောင်ရန်လိုကြောင်းနှင့် သူ၏ဘဝတွင် တွေ့ကြုံခဲ့ရသည်များကို လူငယ်များအား မျှဝေပေးသည်။ လူငယ်နှင့် လုပ်ငန်းရှင်အခန်းကဏ္ဍတွင် ပွင့်လင်းလူ့အဖွဲ့အစည်းအခြေအနေတွင် မိဘများက မိမိအတွက် ဘာတွေလုပ်ပေးနိုင်သလဲ၊ မိမိကိုယ်တိုင်လည်း စွန့်စားလုပ်ကိုင်နိုင်ရန်လိုကြောင်း အမေရိကန်သံရုံးအနေဖြင့် ယခုကဲ့သို့ လူငယ်စကားဝိုင်းပြုလုပ်ပေးရ၍ ဝမ်းသာကြောင်း ပြောကြားသည်။

ဆက်လက်၍ Economics and Business Administration From Roamoke College,Virginia,USA မှ BA ဘွဲ့နှင့် MA Economics From Duke University in North Carolina in 2015 ဘွဲ့ရရှိခဲ့သည့် မောင်ဝေယံပိုင်နှင့် (BA,Bachelor of Commerce, From the University of Sydney 2016) တို့မှ ဘွဲ့ရရှိခဲ့ပြီး Master Degree ရရှိခဲ့သူ မဖြိုးဖြိုးအောင်တို့က ၎င်းတို့ဖြတ်သန်းလာခဲ့ရသည့် စီးပွားရေးလုပ်ငန်းများ၊ တိုးတက်အောင် လုပ်ဆောင်ခဲ့ရသည့် အခြေအနေများကို လူငယ်များစိတ်ဝင်စားအောင် ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာသည့် လူငယ်လေးများက မိမိတို့လုပ်ကိုင်နေသည့်လုပ်ငန်းများ တွေ့ကြုံရသည်များပြောကြားပြီး သိလိုသည်များကို မေးမြန်းကြပြီး Coordinator ဒေါ်မိုးမိုးခိုင်ကလည်း လူငယ်များသိသင့်သည်များ ကို မေးမြန်းရာမောင်ဝေယံပိုင်နှင့် မဖြိုးဖြိုးအောင်တို့ ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

လှိုင်ကော်မြို့ မြို့တွင်းလမ်းများ၏ ဘေးဝဲယာတွင် နှစ်ရှည်ပန်းအလှပင်များ စိုက်ပျိုး

လှိုင်ကော် စက်တင်ဘာ ၄

ကယားပြည်နယ် လှိုင်ကော်မြို့စိမ်းလန်းစိုပြည်သာယာ လှပစေရေးအတွက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းလမ်းများ၏ ဘေးဝဲယာတို့တွင် နှစ်ရှည်ပန်းအလှပင်များ စိုက်ပျိုးပြုစု ပျိုးထောင်ခြင်းလုပ်ငန်းကို ဩဂုတ်လဆန်းပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုအခါ မြို့ပတ်လမ်းမကြီး ဘေးဝဲယာတစ်လျှောက်၊ ကန္တာရဝတီလမ်းမကြီး ဘေးဝဲယာတစ်လျှောက်နှင့် နောင်ယား(က)၊ နောင်ယား(ခ)နှင့် ဒေါခုခူရပ်ကွက်များအတွင်းရှိ လမ်းအချို့၏ဘေးဝဲယာ တစ်လျှောက်တို့တွင် ငုဝါ၊ ချယ်ရီ၊ ပျဉ်းမ၊ သဇဘူတ စသည့်နှစ်ရှည်ပန်းအလှပင် စုစုပေါင်း ၂၀၀၀ ကျော်ကို စနစ်တကျ စိုက်ပျိုးထားရှိပြီးဖြစ်ကာ မြို့တွင်းလမ်းဘေးဝဲယာ စိုက်ပျိုးရန်သင့်လျော်သည့်နေရာတိုင်းတွင် ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

"လှိုင်ကော်မြို့က ရာသီဥတု မပူမအေး သင့်တင့်မျှတမှုရှိတယ်။ လမ်းတွေက ဖုန်မထတော့ လမ်းဘေးဝဲယာက နေအိမ်၊ အဆောက်အအုံ၊ သစ်ပင်တွေက သန့်ရှင်းသာယာလှပတယ်။ ဘီလူးချောင်းကြီးကလည်း မြို့လယ်ကဖြတ်သန်းစီးဆင်းနေတယ်။ အခုလို မြို့တွင်းလမ်းဘေးဝဲယာတွေမှာ ပန်းအလှပင်တွေ စိုက်ပျိုးပြီး အလှဆင်လိုက်ရင် ပြည်တွင်း၊ ပြည်ပခရီးသည်တွေကို ပိုမိုဆွဲဆောင်မှု ရှိလာနိုင်တာမို့ မြို့သူ မြို့သားအားလုံး ပန်းအလှစိုက်ပျိုးတဲ့လုပ်ငန်းမှာ ဝိုင်းဝန်းဆောင်ရွက်သင့်ပါတယ်"ဟု လှိုင်ကော်မြို့သို့ လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသည်တစ်ဦးက ပြောခဲ့သည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

စပါးခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

ကောလင်း စက်တင်ဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် မြေနီအုပ်စု တံဖူးကျေးရွာ၌ စက်တင်ဘာ ၂ ရက်က တောင်သူဦးမြစန်းငွေနှင့် တောင်သူ ကိုးဦးတို့၏စပါးခင်း ၆၅ ဧက အတွင်းသို့ ငါးခုံးမကြီးနှင့် ငါးမြစ်ချင်းကောင်ရေ ၃၂၅၀၀ အား ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ကျင်းပခဲ့သည်။ အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ တက်ရောက်၍ ငါးမျိုးများစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

အောင်ကျော်စိုး(ပြန်/ဆက်)

SHWE TAUNG
Real Estate

ရန်ကုန်မြို့၏ အချက်အချာကျသည့်နေရာတစ်ခုဖြစ်သော
Junction Square Compound တွင်တည်ဆောက်ထားသည့်
အသင့်နေထိုင်နိုင်မည့် Luxury အိမ်ခန်းများနှင့်ရုံးခန်းများအား
မိမိတို့စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်မည့်အခွင့်အရေး

High Floor Units Available, Call Us Now!
Hotline : 01 2300077~78,
09 977830242,
09 977830272
Email : sales@shwetaungrealestate.com

Crystal Crystal
CRYSTAL TOWER & CRYSTAL RESIDENCES
Junction Square Compound, Kyun Taw Road,
Kamayut Township, Yangon.

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အထက်ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ဆောင်ရွက်မည့် ဖိအားမြင့်ပိုက်ကွေးအလုပ်ရုံ (Penstock Fabrication Workshop) တစ်လုံး (ဆက်စပ်လုပ်ငန်းများအပါအဝင်) တည်ဆောက်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊အချိန်** - ၄-၉-၂၀၁၇ရက်၊ ၀၉း၃၀နာရီ

တင်ဒါပုံစံ အရောင်းပိတ်မည့်ရက်၊အချိန် - ၁၁-၉-၂၀၁၇ရက်၊ ၁၆း၃၀နာရီ

Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်နေ့ရက်၊အချိန် - ၁၂-၁၀-၂၀၁၇ရက်၊ ၁၅း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀၀ိ/-နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၈၁၀၄၂၉၈၊ ဖက်စ်-၀၆၇-၈၁၀၄၁၈၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
(၁၁)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲဖိတ်ကြားခြင်း

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်းမှ ကြီးမှူးကျင်းပသော (၁၁)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲကို Bridging the Technology and People ခေါင်းစဉ်ဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အဆိုပါစာတမ်းဖတ်ပွဲအား ပြည်တွင်းပြည်ပ ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်တက်ရောက်ဆွေးနွေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

တင်သွင်းဖတ်ကြားမည့်စာတမ်းများကို အင်္ဂလိပ်လို- အကျဉ်း/အကျယ် Time New Roman, font 12, Line spacing 1.5, pages 12~15ဖြင့် (Hard copy, Soft copy)များကို စာတမ်းရှင်အမည်နှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံဖော်ပြပေး၍ ၃၀-၁၁-၂၀၁၇ ရက် နောက်ဆုံးထားပေးပို့နိုင်ပါသည်။

ကျင်းပမည့်ရက် - ၁၇-၁-၂၀၁၈ နှင့် ၁၈-၁-၂၀၁၈
ကျင်းပမည့်အချိန် - နံနက် ၈း၃၀ နာရီ
ကျင်းပမည့်နေရာ - ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စဝေးခန်းမ
ဆက်သွယ်ပေးပို့ရန် - ဒေါက်တာကျော်ငွေ (ပါမောက္ခ၊ မြေဆီလွှာနှင့်ရေသိပ္ပံပညာဌာန) ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဖုန်း-၀၉-၄၃၀၁၆၉၃၀၊ Email : kngwet@gmail.com

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
လမ်းတံတားဌာန
တည်ဆောက်ရေးလုပ်ငန်းသုံး ကျောက်များဝယ်ယူရန်နှင့် သယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လမ်း၊ တံတား၊ ရေမြောင်း၊ ပလက်ဖောင်းနှင့် အဆောက်အအုံအစရှိသည့် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျောက်မျိုးစုံဝယ်ယူခြင်းနှင့် သယ်ယူခြင်းများဆောင်ရွက်မည်ဖြစ်ပါသဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကိုအောက်ပါအတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၅-၉-၂၀၁၇ရက်

(ခ) **တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - ၂-၁၀-၂၀၁၇ရက်(တနင်္လာနေ့) ၁၃း၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်(၅၀၀၀ိ/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းဆောင်ရွက်ရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တံတားအသုံးပြုခကောက်ခံနေသော စစ်ကိုင်း(အင်းဝ)တံတား၏ ၁-၁၀-၂၀၁၇ မှ ၃၀-၉-၂၀၂၀ရက်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း (၃)နှစ်လုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါဆောင်ရွက်မည့် တံတား** - စစ်ကိုင်း(အင်းဝ)တံတား

(ခ) **ဈေးနှုန်းတင်သွင်းလွှာနှင့် စည်းကမ်းချက်များ ဝယ်ယူနိုင်သောနေရာ** - မန်နေဂျာ (စီးပွားရေး/တိုင်း) တိုင်းအမှတ်(၂)ရုံး၊ ရွာထောင်

(ဂ) **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နေ့ရက်နှင့်အချိန်** - ၂၆-၉-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီထိ

(ဃ) **အိတ်ဖွင့်တင်ဒါပေးသွင်းရမည့်နေရာ**- စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ

(င) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့် နေ့ရက်နှင့် အချိန်** - ၂၆-၉-၂၀၁၇ ရက် (အင်္ဂါနေ့) ၁၃း၀၀ နာရီ

(စ) **အိတ်ဖွင့်တင်ဒါဖွင့်လှစ်မည့်နေရာ** - စစ်ကိုင်းမြို့၊ မြို့တော်ခန်းမ

မှတ်ချက်။ (၁) အိတ်ဖွင့်တင်ဒါဝယ်ယူခွင့်တောင်းခံလွှာနှင့် စည်းကမ်းချက်များအား တစ်စုံလျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် ၅-၉-၂၀၁၇ ရက်မှ ၂၅-၉-၂၀၁၇ ရက် (၁၆း၀၀)နာရီအထိ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၂)ရုံး၊ ရွာထောင်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(၂) အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း တယ်လီဖုန်း- ၀၇၂-၂၂၂၇၇၊ ၀၉-၂၆၃၄၄၄၉၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
စစ်ကိုင်းတိုင်းဒေသကြီး

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုသရေးဦးစီးဌာနအတွက် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(၁) မြောက်ဥက္ကလာပမြို့နယ်၊ ပြည်သူ့ဆေးရုံကြီးတွင် Medical Complex (၆)ထပ်အဆောက်အအုံဆောက်လုပ်ခြင်း၊ ရေ၊ မီးရရှိရန်ဆောင်ရွက်ခြင်းနှင့် အခြားဆက်စပ်လုပ်ငန်းများ။

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၉-၂၀၁၇ ရက် (ဗုဒ္ဓဟူးနေ့)

(ခ) **တင်ဒါရောင်းချမည့်နေရာ** - လမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမှတ်(၃၉)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ် (အစိုးရရုံးဖွင့်ရက်/ရုံးချိန်အတွင်း)

(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၁၀-၂၀၁၇ရက်(သောကြာနေ့) မွန်းလွဲ (၂း၀၀)နာရီ

(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ထပ်မံကြေညာပေးပါမည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဖုန်း-၀၁-၃၇၁၀၆၇၊ ၀၁-၂၃၃၃၅၆၀၊ ၀၁-၂၃၃၃၅၅၈

မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့
တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးမိတ်ဖက်အဖွဲ့ (MCCA) မှ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်တွင် ဘက်စုံသုံးရာသီဥတုဒဏ်ခံအဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

ဘက်စုံသုံးရာသီဥတုဒဏ်ခံ အဆောက်အအုံ(ပေ၅၀×ပေ ၄၀)၊ နှစ်ခန်းတွဲအိမ်သာ၊ ရေစင်နှင့် ခြံစည်းရိုးခတ်ခြင်းလုပ်ငန်း

၂။ တင်ဒါပုံစံလျှောက်လွှာများကို ၅-၉-၂၀၁၇ရက်မှစတင်၍ UN-Habitat (MCCA ပခုက္ကူရုံးခွဲ)၊ အမှတ်(၂)ရပ်ကွက်၊ စာရေးတန်းလမ်း၊ ပခုက္ကူမြို့တွင် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ဖြည့်စွက်ပြီးတင်ဒါလျှောက်လွှာ (Express of Interest) များအား ၂၂-၉-၂၀၁၇ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ (သို့/တင်ဒါကော်မတီ၊ UN-Habitat (MCCA) ပခုက္ကူရုံးခွဲ)၊ အမှတ်(၂)ရပ်ကွက်၊ စာရေးတန်းလမ်း၊ ပခုက္ကူမြို့ဟု လိပ်မူပြီး ပြန်လည်ပေးပို့ရမည်ဖြစ်သည်။ အရည်အသွေးပြည့်မီသော ကျွမ်းကျင်မှုဆိုင်ရာ (Technical) အောင်မြင်သော ကုမ္ပဏီများကိုသာ ဈေးနှုန်း (Financial Proposal) ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်ရခွင့်ပြုမည်ဖြစ်သည်။

၃။ တင်ဒါအကြိုအစည်းအဝေးနှင့် ဆောက်လုပ်မည့်လုပ်ငန်းခွင်နေရာ လေ့လာခြင်းတို့အား ၁၂-၉-၂၀၁၇ရက် ၁၁း၀၀နာရီတွင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အစည်းအဝေးခန်းမ(ပခုက္ကူမြို့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် မပျက်မကွက် တက်ရောက်ပေးကြပါရန်နှင့် တက်ရောက်ခြင်းမရှိသော လုပ်ငန်းရှင်များအား တင်ဒါဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။

၄။ အသေးစိတ်တင်ဒါအချက်အလက်များအား သိရှိလိုပါက အောက်ဖော်ပြပါ လိပ်စာနှင့် ဖုန်းနံပါတ်သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

UN-Habitat (MCCA ပခုက္ကူရုံးခွဲ)၊ အမှတ်(၂)ရပ်ကွက်၊
စာရေးတန်းလမ်း၊ ပခုက္ကူမြို့ ဖုန်း-၀၉-၇၉၈၂၅၃၁၇၊ ၀၉-၇၆၃၅၂၉၈၅၅
တင်ဒါကြီးကြပ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
တင်ဒါအမှတ်စဉ်(၂/၂၀၁၇-၂၀၁၈)

၁။ လမ်းဦးစီးဌာန၊ လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၂၀)၊ ရေကြည်မြို့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် ပစ္စည်းများကို (ဒုတိယ)အကြိမ် လမ်းအလိုက်၊ လမ်းအပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်ပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို လမ်းအထူးအဖွဲ့(၂၀) ရေကြည်မြို့၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၁-၉-၂၀၁၇ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

(က) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၁၀-၁၀-၂၀၁၇ ရက် နံနက် ၉း၀၀ နာရီ

(ခ) **တင်ဒါလျှောက်လွှာဖွင့်မည့် ရက်/အချိန်** - ၁၀-၁၀-၂၀၁၇ ရက် နံနက် ၁၀း၀၀ နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့ (၂၀) ရေကြည်မြို့၊ ဧရာဝတီတိုင်းဒေသကြီး

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို လမ်းအထူးအဖွဲ့ (၂၀)၊ ရေကြည်မြို့တွင် ၂၈-၉-၂၀၁၇ ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
ဖုန်း-၀၄၆-၅၂၀၁၀၊ ၀၄၆-၅၂၀၁၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၂/ပေါင်းလောင်း (၂)၊ မြေကွက်အမှတ် ၁၁၁၀၊ ၁၁၁၁ ဧရိယာ ၀.၁၁၁၀ဧကရှိ ဦးမျိုးသိန်းအမည်ပေါက် အငှားဂရန်မြေကွက်အား ဦးမျိုးသိန်း ၁၂/ပဗတ(နိုင်)၀၁၃၇၂၅ (ဘ) ဦးလျှုပိုဟိုင်းမှ မြေငှားစာချုပ်မူရင်း၊ မှတ်ပုံတင်မူရင်း၊ အိမ်ထောင်စုစာရင်းမူရင်းများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး)
၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ ဘွဲ့လွန်ဒီပလိုမာ(၁)နှစ်သင်တန်းများအတွက်
သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် အောက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာ (၁)နှစ် သင်တန်းများအား ဖွင့်လှစ်သွားမည်ဖြစ်ပါသည်-

(က) **သင်တန်းအမည်-**
- (၁) ဘွဲ့လွန်အနုပညာဒီပလိုမာ(ဂီတ)
- (၂) ဘွဲ့လွန်အနုပညာဒီပလိုမာ(သဘင်)
- (၃) ဘွဲ့လွန်အနုပညာဒီပလိုမာ(ပန်းချီ)
- (၄) ဘွဲ့လွန်အနုပညာဒီပလိုမာ(ပန်းပု)

(ခ) **သင်တန်းကာလ** - (၁)နှစ်

(ဂ) **သင်တန်းအချိန်** - နံနက် ၉း၀၀ နာရီမှ ၁၆း၃၀ နာရီထိ

(ဃ) **ပညာအရည်အချင်း** - ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်

(င) **စတင်ဖွင့်လှစ်မည့်ရက်** - ၆-၁၁-၂၀၁၇ ရက် (တနင်္လာနေ့)

(စ) **လျှောက်လွှာပိတ်ရက်** - ၂၇-၁၀-၂၀၁၇ ရက် (သောကြာနေ့)

(ဆ) **ပေးအပ်မည့်ဘွဲ့**
- (၁) Postgraduate Diploma in Music
- (၂) Postgraduate Diploma in Dramatic Arts
- (၃) Postgraduate Diploma in Painting
- (၄) Postgraduate Diploma in Sculpture

(ဇ) **သင်တန်းဖွင့်မည့်နေရာ-**
- ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)တွင် ဖွင့်လှစ်ပါမည်။

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းများဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၊ ရွှေစာရံဘုရားလမ်း၊ အုန်းချောကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(မန္တလေး) (ရုံးခွဲ)၊ လမ်း ၂၀၊ ၆၅×၆၆ကြား (အမျိုးသားဇာတ်ရုံဝင်း)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ဝယ်ယူလျှောက်ထားကြရမည်ဖြစ်သည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ဖုန်း-၀၈၅-၄၀၁၈၄၊ ၀၉-၃၃၃၁၁၈၈၀၊ ၀၉-၂၅၀၇၀၀၅၁၅ သို့ စုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၄၇၁၂ Rodeo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လားလ်ပါးမောရီး ၅/ကလထ(နိုင်)၀၀၁၀၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(တမူး)**

အမည်မှန်
ဝမ်းတွင်းမြို့နယ်၊ အထကရွာသစ် တက္ကသိုလ်ဝင်တန်း(B)မှ (ဘ) ဦးဝင်းမင်းထွန်း၏သမီး မစမ်းသီဂီ၏ အမည်မှန်မှာ မစန်းသီဂီဖြစ်ပါသည်။

ဖခင်အမည်မှန်
ဝမ်းတွင်းမြို့နယ် အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း(B)မှ မသန်းသန်းစိုး၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွင် ၉/တကန(နိုင်)၁၄၉၅၃၆ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြိတ်မြို့၊ အထက(၁)၊ အဋ္ဌမတန်း (ခတ္တာ)မှ မသီရိအောင်၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးရဲဇော်အောင် ၆/မအရ(နိုင်) ၁၀၅၇၀၇ ဖြစ်ပါကြောင်း။ **ဦးရဲဇော်အောင်**

အမည်ပြောင်း
ဝမ်းတွင်းမြို့နယ်၊ အထကရွာသစ် တက္ကသိုလ်ဝင်တန်း(B)မှ (ဘ)ဦးခင်မောင်တင့်၏သမီး မသဲစုဝင်းအား မစုစုဝင်းဟု ပြောင်းလဲပါကြောင်း။

ဖခင်အမည်မှန်
ဝမ်းတွင်းမြို့နယ်၊ အထက ရွာသစ်၊ တက္ကသိုလ်ဝင်တန်း(C)မှ မတင်မာလွင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဦး ၉/ဝတန(နိုင်)၁၀၇၆၃၄ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်
မြိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(အတွဲ-၁၊ ၄၀၁)မှ နော်စန်းစန်းထွေး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ စောဝေး ၆/ကစန(နိုင်)၀၁၉၁၀၄ ဖြစ်ပါကြောင်း။ **စောဝေး**

ဖခင်အမည်မှန်
မြောင်မြို့နယ်၊ နဘက် အထက၊ တက္ကသိုလ်ဝင်တန်းမှ မနီလာဝင်းနှင့် မအေးအေးမိုးတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်လွင် ၅/မမန(နိုင်)၀၇၀၈၀၀ ဖြစ်ပါကြောင်း။ **ဦးမောင်လွင်**

တစ်ဦးတည်းဖြစ်ကြောင်း
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ အောင်မြင် အထက၊ နဝမတန်းမှ မဆွေဆွေသော်၏ဖခင် ဦးထွေးလွင် ၇/ကတခ(နိုင်)၀၆၅၂၁၄ နှင့် ဦးမောင်လွင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးထွေးလွင်(ခ)ဦးမောင်လွင်**

တစ်ဦးတည်းဖြစ်ပါကြောင်း
